www.burmeseclassic.com

# မမသဒ္ဒါပေါင်း

## အကြီးကြီးပဲ မုန်းပစ်မယ်




အချစ်

လုံးချင်းဝတ္ထုသစ်

www.burmeseclassic.com

www.burmeseclassic.com


## ပုံနှိပ်မှတ်တမ်း

| | |
|---|---|
| ပုံနှိပ်ထုတ်ဝေခြင်း | – ပထမအကြိမ်၊ ၂၀၁၅၊ ဩဂုတ်လ။ |
| ထုတ်ဝေသူ | – ဦးအေးလွင် (၀၄၁၅၂) ရွှေပဒေသာစာပေတိုက် အမှတ် (၃၃)၊ ကျိုက်တော်လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။ |
| မျက်နှာဖုံးနှင့် အတွင်းပုံနှိပ်သူ | – ဦးအေးလွင် (၀၈၂၁၀) ရွှေပဒေသာအော့ဖ်ဆက် အမှတ် ၃၃၊ ကျိုက်တော်လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။ |
| ဖြန့်ချိ | – ၁၆၀၀ ကျပ် |
| အုပ်ရေ | – ၅၀၀ အုပ် |

၈၉၅.၈၃

မမသဒ္ဒါမောင်
အကြီးကြီးပဲ မုန်းပစ်မယ်/ မမသဒ္ဒါမောင် – ရန်ကုန်၊
ရွှေပဒေသာစာပေ ၊ ၂၀၁၅ ။
၂၈၀ – စာ ၊ ၁၂.၇ × ၁၈ စင်တီ။
(၁) အကြီးကြီးပဲ မုန်းပစ်မယ်


# မမသဒ္ဒါမောင်

## အကြီးကြီးပဲ မုန်းပစ်မယ်

www.burmeseclassic.com

www.burmeseclassic.com



# အပိုင်း (၁)

www.burmeseclassic.com

www.burmeseclassic.com





လောကမှာ ကိုယ့်ကိုယ်ကိုယ် မကျေမနပ်ဖြစ်နေသည့် လူမျိုး မြင်ဖူးကြပါသလား။ သူက ထိုသို့သော လူပါပဲ။ မနာလို မရှုစိမ့်များတာ, စိတ်ပုပ်တာ, နိုင်လိုစိတ်ပြင်းပြတာ, ဗိုလ်ကျတတ်တာ, အမြင်မကြည်လင်တတ်တာတို့က ငယ်စဉ်ကပင် အမြစ်တွယ်ခဲ့ရတာပါလေ။ အထူးသဖြင့် အကောင်းဆုံးတွေချည်း ပိုင်ဆိုင်ခွင့်ရခဲ့သည့် ကိုကို့အပေါ်မှာ မနာလိုစိတ်ဖြစ်တာက အဆိုးဆုံးပါပဲ။ တစ်ခါတစ်ခါမှာ သူ့ကိုယ်သူ မွေးစားသားများ ဖြစ်နေမလားဟု သံသယဝင်ခဲ့မိတာက သူ့နှလုံးသားကို ဆုပ်ညှစ်ချေနေသည့်နှယ် ခံရခက်လွန်းတာပါလေ။

(မင်းသွင်ခန့်)

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁)

မျက်လုံးကို ဖွင့်လိုက်စဉ် မိုးစင်စင်လင်းနေပြီမှန်း သိလိုက်ရပါ၏။ အိပ်ရာထက် လှိမ့်ကာ နှပ်ချင်သေးပေမယ့် အချိန်မရှိတော့ချေ။ ညက တော်တော်ညဉ့်နက်တဲ့အချိန်ထိ Net သုံးနေတာမို့ အိပ်ရေးမဝသလို ဖြစ်နေတုန်းပါပဲ။ ဖေဖေအော်မှသာ အိပ်ရာထက် ပစ်ဝင်အိပ်ခဲ့တာပါ။

ခုတင်ထက် ထိုင်လျက် လက်ကိုအပေါ်ဆန့်ကာ တစ်ချက်သမ်းဝေလိုက်မိပါ၏။ ပြီးနောက် အပေါ်မှာ ဝတ်ထားသည့် အပေါက်(ငါးပေါက်) ပါသည့် ဇွပ်ကျယ်ဖြူ (အရောင်ခပ်ညစ်ညစ်) ကို အပေါ်လိပ်



www.burmeseclassic.com

www.burmeseclassic.com



တင်လျက် ခုတင်မှ ဆင်းလိုက်ပါ၏။ အောက်က ဘောင်းဘီတို ခပ်ပွပွနှင့် ဆံပင်စုတ်ဖွားပုံစံကို မနက်စောစောမြင်တိုင်း မေမေ လန့်အော်ခဲ့တာ မဟုတ်ပါလား။

ဤပုံစံသည်ကား ကျွန်တော် "မင်းသွင်ခန့်"၏အိမ်နေရင်း Free Style ပင် ဖြစ်လေ၏။ အပျင်းထူနေ၍ မဖြစ်ပါ။ အလုပ်စဝင်ဖြစ်တာ မကြာသေးတာမို့ နောက်မကျအောင် သွားရမှာလေ။ အိပ်မှုန်စုံမွှားဖြင့် မျက်စိကို ပွတ်ရင်း အခန်းထဲမှ ထွက်လာခဲ့ပါသည်။

Toilet တံခါးဘုကို လှည့်လိုက်စဉ် တံခါးက မပွင့်ပါ။ ဘာလဲ . . . စောစောစီးစီး ဘယ်သူဝင်နေတာများပါလိမ့်။ သေချာအောင် ထပ်ဖွင့်ပေမယ့် Door Lock က တုပ်တုပ်မျှပင် မလှုပ်ပါချေ။ သေစမ်း! . . . ဒီဗိုက်ကလည်း မိုးလင်းတာနဲ့ Out put ထုတ်ရန် ready သံစဉ် ပေးနေပြီလေ။

"ဟာ! . . . အထဲမှာ ဘယ်သူလဲ"

"ဒုန်း! ဒုန်း! ဒုန်း!"

"ကိုကိုရှိတယ်"

ဟိုက်! သွားပါပြီ။ အဲဒီအစ်ကိုက Toilet ဝင်လျှင် လက်ထဲမှာ စာအုပ်တစ်အုပ်ကို ကိုင်ပြီး ဝင်တတ်တာမို့ပါပဲ။ တော်ရုံနှင့် ထွက်





မလာတတ်ပါ။ ကိုကိုက မေမေနှင့် တူပြီး စကားနည်းကာ အနေအေးလွန်းပါ၏။ သူက မေမေနှင့် တူကာ အတော်ဇိဇာကြောင်လေများတတ်သည့် လူပါလေ။ အငယ်လည်းဖြစ်တာမို့ ဗိုလ်ကျတတ်ပေမယ့် အကြီးဖြစ်သည့် ကိုကို့အပေါ်မှာတော့ ရိုသေသမှု ရှိရပါ၏။

"ကြာမှာလား"

"အေး . . . အခုပဲ ဝင်တာ"

ကဲ! အောက်ကိုပြေးပေတော့ မင်းသွင်ခန့်ရေ။ တံခါးရှေ့မှ ပြန်လှည့်ကာ လှေကားရှိရာဆီ သွက်သွက်လှမ်းလိုက်ရလေ၏။ ဒီနေ့မှ နေ့တိုင်းဆင်းတက်လုပ်နေသည့် လှေကားထစ်တွေက ပိုများနေသည့်နှယ်ပါ။ အလယ်ခန်းကိုဖြတ်လျက် နောက်ဖေးခန်းသို့ ရောက်ချိန်အထိ စိတ်ကို တင်းထားရလေ၏။

အောက်ထပ် Toilet တံခါးကို လှည့်ဖွင့်လိုက်စဉ် သူ မျက်လုံးကျယ်သွားရပါသည်။ ဗုဒ္ဓေါ! . . . ဒီမှာလည်း closed ဖြစ်နေပြန်ပါရောလား။ အောက်ထပ်အိမ်သာက အိမ်မှာခေါ်ထားပါသည့် ချာတိတ်လေးပဲ အမြဲတက်တာမို့ အားမနာနိုင်တော့ပါ။ တံခါးကို အသံခပ်ကျယ်ကျယ်မြည်အောင်ပင် ထုလိုက်မိလေ၏။

"ဒုန်း! ဒုန်း! ဒုန်း! ဒုန်း!"



www.burmeseclassic.com

www.burmeseclassic.com



"ဖိုးကျော်"

"ဗျာ! ... အစ်ကိုလေး"

"မြန်မြန်လုပ် ... ငါ ထွက်ကျတော့မယ်"

"ကျွန်တော် အခုလေးတင်"

"မင်းထွက်မလာရင် ငါ ဒီမှာပဲ ပါချပစ်လိုက်မယ်နော်၊ ပြီးရင် မင်း ကျုံးပေတော့"

"ပြီးပြီ အစ်ကိုလေး ... ပြီးပြီ ခဏ"

"ခဏလည်း မစောင့်နိုင်ဘူး။ ခုချက်ချင်း ထွက်ခဲ့"

နိုင်ရာလူ မဲတတ်ကျင့်က သူ့အကျင့်ပင် မဟုတ်ပါလား။ အတွင်းမှ ခပ်ပိန်ပိန်ကောင်လေးက ပြူးတူးပြဲတဲဖြင့် တံခါးဖွင့်လိုက်လေ၏။ ဘာမှမပြောဘဲ ဒင်းကို တွန်းဖယ်ကာ အထဲသို့ ဝင်လိုက်ရပါသည်။ ပြောကြတာဖြင့် လူတွေက "ကြိုက်မရှက် ငိုက်မရှက်ဆို" သူက နောက်မှ ထပ်ဖြည့်ပေးလိုက်ချင်ပါ၏။ "လေလည်း မရှက် ဗိုက်နာမရှက်" လို့လေ။ ဒါမျိုးက အောင့်ထားလို့မှ မရတာကိုး။

ဗိုက်က တော်တော်ရစ်ပြီး နာတာ အမှန်ပါ။ မနေ့က ချဉ်ပေါင်နှင့် မှိုစ်ရောချက်တဲ့ ချဉ်ရည်ဟင်းကို စားကောင်းကောင်းနှင့် သူ အများဆုံးစားမိတာကိုး။ ယောက်ျားလေးဖြစ်ပြီး အချဉ်ကြိုက်တဲ့





အပြစ်ပါပဲ။ အားလားလား ... ကြည့်ရတာ ဖိုးကျော် (ချက်ကြီး) တော့ ဟင်းထဲ ဂျင်း (ချင်း) မထည့်ဖြစ်ဘူး ထင်ပါရဲ့။

"ဘာဘာ ပြန်လာပြီ"

"အေး ... မင်းအစ်ကိုတွေ နိုးပြီလား"

"ဟုတ်ကဲ့ ... အစ်ကိုလေးကတော့ အောက်ထပ်အိမ်သာထဲမှာ"

"ဖြစ်ရမယ် ... ညီအစ်ကိုလေး နှစ်ယောက် ရှိပါတယ်၊ နိုးချိန်ကအစ အမြဲကို တိုက်တယ်"

"ဘရိတ်ဖတ် ပြင်ရတော့မလား ... ဘာဘာ!"

"အေး အေး ... ငါ ရေမိုးချိုးပြီး ဆင်းခဲ့မယ်"

မေမေနှင့်ဖိုးကျော်တို့ အပြန်အလှန် ပြောတာကို ကြားနေရပါ၏။ မေမေတောင် မနက်အစောကြီး လမ်းလျှောက်ရာမှ ပြန်လာချေပြီ။ ဟိုးအရင်က (လွန်ခဲ့သည့် နှစ်နှစ်ကျော်အထိ) မီးဖိုခန်းဆီမှ မေမေ့အသံကိုသာ ကြားခဲ့ရတာပါ။ သူ့ကို အချစ်ပိုသည့် မေမေ၊ အလိုလိုက်လွန်းခဲ့ပါသည့် မေမေ၊ သူ ပူဆာသမျှ၊ စားချင်သမျှ မညည်းမညူ ချက်ကျွေးခဲ့ပါသည့် မေမေကဖြင့် သူတို့သားအဖသုံးဦးကို ထားရစ်ခဲ့တာ ကြာပြီလေ။



www.burmeseclassic.com

www.burmeseclassic.com



နှလုံးရောဂါဆိုတာ လူတွေကို တိတ်တဆိတ် လုပ်ကြံတဲ့ အသံတိတ် လူသတ်သမား (Silent Killer) ပါပဲ။ House စဆင်း နေပြီဖြစ်သည့် ကိုကို "ဒေါက်တာ မင်းထင်ခန့်" ပင် မေမေ့မှာ Heart Attack ရှိနေမှန်း မရိပ်မိခဲ့တာလေ။ မောတာ၊ မူးမော်တာမျိုး အရိပ်အယောင်မျှသော် မပြခဲ့တာ မေမေကိုယ်တိုင် မျိုသိပ်စွာ နေ တတ်သူ ဖြစ်နေ၍ပဲလား။

မေမေ့ရှေ့ရှတ်သံ တိတ်ဆိတ်ခဲ့ရသည့် သူတို့အိမ်က တိတ် ဆိတ်ငြိမ်သက်သွားခဲ့ရတာပါလေ။ "သားငယ်လေး" ဆိုပြီး ခပ်ဖွဖွ ခေါ်ခဲ့သည့် မေမေ့ခေါ်သံသဲ့သဲ့ကိုဖြင့် ယနေ့တိုင် သူ ကြားယောင် နေဆဲပါပဲ။ နဂိုက စကားနည်းပါသည့် ဖေဖေက ပိုပြီး ငြိမ်ကျသွားခဲ့ ရတာပင်။ အခုတော့ မေမေ ရုတ်တရက် ကွယ်လွန်သွားခဲ့ရသဖြင့် ကိုကိုက ဖေဖေ့ကို ဂရုစိုက်ကာ နေ့စဉ် သွေးပေါင်ချိန်တိုင်းတာတို့ကို သေချာလုပ်ပေးနေတော့တာပါလေ။

အပေါ်ထပ်မှာ ကိုကိုပြီးလျှင် ဖေဖေပါ Bathroom သတ် သုံးတော့မှာမို့ ဒီမှာပင် သူ ရေချိုးရတော့မှာပါ။ ကိုကိုက စနစ်တကျ စီမံတတ်သူမို့ အပေါ်ထပ်ရော၊ အောက်ထပ်ရေချိုးခန်းတွေမှာ နံရံကပ် ဗီရိုတွေ ထည့်ထားပြီး အထဲမှာ Towel တွေရော၊ Tooth brus





တွေပါ (ဧည့်သည်လာပါက) အဆင်သင့် သုံးလို့ရရန် အမြဲစစ်လျက် ထည့်ပေးထားလေ၏။

ရေချိုးလိုက်တာမို့ လူကပေါ့သွားပေမယ့် ဝမ်းဗိုက်က တစ်ချက်တစ်ချက် ရစ်နေတုန်းပါပဲ။ ရေလဲပုဆိုးပါမလာတာမို့ အကြီး တစ်ခုကို ခြုံတစ်ခုကို ခါးမှာပတ်ကာ အပြင်သို့ ထွက်လိုက်ပါ၏။ အပေါ်ထပ်သို့ လှေကားမှ တက်လာချိန်အထိ ကိုကို ဆင်းမလာသေးပါ လေ။ ဆေးရုံသွားဖို့ နိုးများနေပြီ ထင်ပါရဲ့။

ကိုကို့အခန်းရှေ့မှာ တံခါးခေါက်သံ ခပ်ဖွဖွပေးကာ တံခါးကို ခပ်ဟဟဖွင့်၍ အထဲသို့ ကြည့်လိုက်မိ၏။ ထင်ထားတဲ့အတိုင်း မှန်ရှေ့ မှာ ကိုကိုက Necktie ကို ကျကျနန စည်းနေလေသည်။ တံခါးခေါက် သံကြောင့် ရပ်နေသည့် အခန်းတံခါးဆီ တစ်ချက် လှည့်ကြည့်လိုက် ပါ၏။

"ကိုကို"

"ပြော"

"ဗိုက်နာနေတယ်"

"ဝမ်းသွားတာလား၊ ဝမ်းကိုက်တာလား"

"ရစ်ပြီး နာတယ်၊ ဝမ်းသွားတာ"



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်နှနာရီ ရှိပြီလဲ"

"အခုမှ တစ်ချက်ပဲ ရှိသေးတာ၊ ဒါပေမဲ့ . . . တော်တော်နာတယ် ကိုကိုရ"

"ကျွတ်! . . . အဲဒါ ခြေထောက်ကို မအေးစေနဲ့လေ၊ ခေါင်းကိုပါ လျှော်ရလား။ မြန်မြန် အဝတ်လဲချေ"

"ဟုတ်!"

ကိုကိုဘေးခန်းရှိ သူ့အခန်းထဲသို့ဝင်ကာ ရေချိုးခန်းဆောင်သုတ်ပြီး အလုပ်သွားရန် ပြင်ဆင်လိုက်ရပါ၏။ ဆံပင်က အတော်ရှည်သလို ဖြစ်နေပြီမို့ ညှပ်ရဦးမှာပါ။ သူက ပုဆိုးသာ အဝတ်များပြီး ဘောင်းဘီရှည် သိပ်မဝတ်ဖြစ်ပါ။ သို့သော် ဘာပဲဝတ်ဝတ် ကိုကိုက ကြည့်ကောင်းပြီး Model boy လိုလို ရုပ်ရှင်မင်းသားလိုပင် ချောမောလွန်းတာမို့ သူ မမီနိုင်ပါလေ။

ဒါကြောင့်လည်း ကလေးဘဝကတည်းက ကိုကို့အပေါ် မနာလိုဖြစ်ပြီး အတော်ကို့ကျ ဖြစ်ခဲ့တာပါ။ အရပ်အမောင်းရော၊ Body structure ပါ ပြောစရာမရှိအောင် ကိုကိုနှင့် ဖေဖေက အတော်တူလွန်းလေ၏။ ကိုကိုနှင့် ယှဉ်ရပ်တိုင်း မဆိုစလောက် အရပ်နိမ့်တာက ပြဿနာ မဟုတ်ပေမယ့် ခပ်ညိုညို အသားရောင်ကြောင့် သူ့ကိုယ်သူ





အားငယ်ရတာ အမှန်ပင်။ ညီအစ်ကို အရင်းကြီးဖြစ်ပါလျက် ဖေဖေ့ထံမှ အသားရောင်၊ အရပ်အမောင်း၊ စိတ်၊ အကျင့်စရိုက်၊ အပြောအဆို မှန်သမျှ ကိုကိုသာ အလုံးစုံ ရခဲ့တာပါလေ။

ဒါဖြင့် ပညာဉာဏ်ကရော ကိုကိုပင် အတော်ဆုံးဖြစ်ခဲ့တာမဟုတ်လား။ ဒါကြောင့် သူက ရိုးရိုးမေဂျာနဲ့ ဘွဲ့ရခဲ့သူဖြစ်ပြီး ရှင်းရှင်းပြောရလျှင် ဖေဖေ့မျက်နှာနဲ့ (ကော်ကောင်းကောင်းနဲ့) ကုမ္ပဏီမှာ နေရာရခဲ့ရတာပါ။ ကိုကိုကဖြင့် ဆေးကျောင်းတက်ခဲ့ပြီး ဆရာဝန်ဖြစ်ခဲ့တာလေ။ ဒီတော့ ကိုကို့အပေါ် သူ မနာလိုစိတ်ဖြစ်မိတာကို အရိုးသားဆုံး ဝန်ခံရမှာ မဟုတ်ပါလား။

"ညီ . . . မြန်မြန်"

"လာပြီ"

ဆံပင်တွေကို သေသပ်စေရန် ဖြီးလိုက်ပြီး မှန်ရှေ့မှ ဖယ်လိုက်ပါ၏။ အခန်းထဲမှာ ထုံးစံအတိုင်း ပွယောင်းလျက် ကျန်ရစ်ခဲ့လေသည်။ အိပ်ရာကို မသိမ်းဖြစ်ဘဲ ဒီတိုင်းထားခဲ့တာ၊ ရေလဲ Towel တွေ မလှန်းဘဲ ပုံထားခဲ့တာ မှန်တင်ခုံပေါ် ဖွခဲ့တာ၊ အဝတ်ဗီရိုထဲမှာ အဝတ်ထပ်တွေ ဆွဲဖွထားတာကို ပြန်မစီဖြစ်တာ စသည် စသည်တို့ကို အရင်က မေမေကိုယ်တိုင် နောက်မှ အကုန်ပြန်လုပ်ပေးခဲ့တာလေ။



www.burmeseclassic.com

www.burmeseclassic.com



ဖိုးကျော်က အိမ်အလုပ် ကူလုပ်ပေးခဲ့ပေမယ့် အဝတ်ကို စက်ထဲထည့်လျှော်ဖို့သာ သိပြီး လျှော်မရသည့် အဝတ်မျိုး မခွဲခြားတတ်။ မတတ်တတတ်ဖြင့် ချက်ပြုတ်တာသာသိပြီး ဧည့်ခန်းလောက်သာ ကြည့်ကောင်းအောင် ရှင်းလင်းထားတတ်ပါ၏။ ဒီတော့ သူတို့အိမ်ကို နေရာအနှံ့ရှာဖွေကြည့်လျှင် ဖုန်တွေကို တွေ့ရမှာ မလွဲကန်ပါ။

အိမ်ရှင်မ လစ်လပ်သွားသည့်နေရာကို ဘယ်သူက ဖြည့်ဆည်းပေးမှာတဲ့လဲ။ အိမ်ဖော်ခေါ်ဖို့ကလည်း ယောကျ်ားသားချည်းလေးယောက်မို့ မဖြစ်ပြန်။ ခြံရှင်း၊ ဘာရှင်းဖို့ ဒီချာတိတ်ရှိတာကပဲ တော်သေးတာပါလေ။ အသက် (၅၀) စွန်းရုံသာ ရှိသေးသည့် ဖေဖေ့ကို နောက်အိမ်ထောင်ထပ်ပြုရန် တိုက်တွန်းချင်ပေမယ့် မပြောရဲပါ။ ကိုကို ဒေါက်တာဆိုတာကလည်း ကိုယ်တိုင် အိမ်ထောင်ပြုဖို့ နှုတ်ပင်မဟပါလေ။ ဒီတော့ သူတို့အိမ်ရဲ့ ကွက်လပ်ကြီးက ထင်သာမြင်သာ ဖြစ်နေတာ အမှန်ပါပဲ။

"မနေ့က ဟင်းချက်တာ ဂျုံးမသုံးဘူးလား ဖိုးကျော်၊ အခု ညီညီ ဗိုက်နာပြီး ဝမ်းသွားနေပြီ"

"ကျွန်တော်လည်း အတူတူပါပဲ အစ်ကိုကြီး။ မနေ့တုန်းက အမဲသားပြုတ်ကြော်ထဲပဲ ထည့်တာနဲ့ ကုန်သွားလို့ ချဉ်ရည်ဟင်းထဲ





မထည့်ဖြစ်လိုက်လို့ပါ"

"ဈေးမသွားရသေးဘူးပေါ့လေ"

"ဟုတ်ကဲ့"

"ဒီနေ့ ရေအေးလုံးဝမသောက်နဲ့၊ ရေနွေးကြိုသောက်ပါ၊ ဝမ်းနှုတ်စာတွေပါ မချက်နဲ့ ... ကြားလား"

"ဟုတ်ကဲ့"

"မေမေ သေချာသင်ပေးခဲ့တာတောင်မှ မေ့ပစ်ရလား၊ အသုံးကိုမကျဘူး"

ထမင်းစားခန်းထဲမှာ ဖိုးကျော်ကို ဆူနေသည့် ကိုကို့အသံက ခပ်အုပ်အုပ်မျှ ထွက်နေပါ၏။ သူက ခုပြော ခုမေ့ နှုတ်ဖွာသလောက် ကိုကိုက ဆိုခဲ့စေ မြဲစေ ပြောတတ်သည့် သူပါ။ သူနှင့် (၆) နှစ်ကျော်ကွာသည့် အစ်ကိုဖြစ်သူ၏စကားက (ဖေဖေပြီးလျှင်) ဒီအိမ်မှာ အဓိကပါပဲ။

"ဘာစားရမှာလဲ"

"ဘာမှမစားနဲ့၊ ကော်ဖီသောက်ပြီးရင် ဆေးသောက်ရမယ်"

"အာ ... ကော်ဖီလေးနဲ့ တစ်နေကုန် ဘယ်နေနိုင်မှာလဲ ကိုကိုရ"



www.burmeseclassic.com

www.burmeseclassic.com



"ဝမ်းသွားနေတယ်ဆို . . . အစားက မက်တာ ဒီအရွယ်ထိပဲ၊ ဘယ်တော့မှ ပြောလို့မရဘူး၊ ဖြစ်လာရင် ကိုကို ကယ်ပါဆိုတာချည်းပဲ"

"ကိုကိုက ဒေါက်တာပဲဟာ . . . ကုပေးပေါ့"

"အေး . . . အသက်ကို ဉာဏ်စောင့်တဲ့၊ မဆင်ခြင်တတ်ရင် ဆရာဝန်လည်း အချိန်မှီ မကယ်နိုင်ဘူးမှတ်၊ နှစ်ယောက်စလုံး ဒီဆေးတွဲကို (၆) နာရီခြားသောက်"

ဆေးဗီရိုဖွင့်ကာ ဆေးမှုးတွေချပြီး ဆေးတွေတွဲပေးလေ၏။ အစားတော့ မက်ပြီး ဆေးမသောက်ချင်သည့် သူရော ဖိုးကျော်ပါ မျက်နှာရှုံ့သွားရလေသည်။ မသောက်လို့လည်း မဖြစ်ပါ။ ရောဂါမသက်သာလျှင် မလွယ်ကျောပါလေ။ ကိုကိုက သူ့အပေါ် ဂရုစိုက်သူမို့ ကော်ဖီနှင့်မုန့် စားပြီးသည်နှင့် ရေနွေးဖြင့် ဆေးသောက်ခိုင်းတော့၏။ ဒီနေ့ ကံမကောင်းပါလား မင်းသွင်ခန့်။

❁ ❁ ❁



## အခန်း (၂)

ကားကို ဆေးရုံဝင်းထဲ ကွေ့၍ ဝင်လိုက်ပါ၏။ Duty ဝင်ရမှာဖြစ်ပေမယ့် စိတ်က မကြည်မလင်ဖြစ်နေရတယ်လို့ . . . ဘဝမှာ ဒီအဖေနဲ့ ဒီညီသာ ရှိတော့သဖြင့် စိုးရိမ်စိတ်က အပြည့်ရှိနေရပါသည်။ မျက်စိရှေ့ကမှာ နေ့စဉ် မြင်တွေ့ခဲ့ရသည့် မေမေ့ပုံရိပ်က ဖျတ်ခနဲ ပျောက်ကွယ်သွားတာ မဟုတ်ပါလား။

ကားထဲမှထွက်ကာ ဝိတ်လိုက်ပါ၏။ ကားပါကင်နေရာမှ ဆက်လျှောက်လာခဲ့ရင်း Lift ရှိရာဆီ သွားစဉ် သူ့နောက်မှ လိုက်လာသည့် ခြေသံကို ကြားလိုက်ရလေသည်။ အပေါ်တက်သွားသည့်



www.burmeseclassic.com

www.burmeseclassic.com



Liftက ပြန်ဆင်းမလာသဖြင့် အခေါ်ခလုတ်ကို တစ်ချက်နှိပ်လိုက်မိ၏။

"ကိုမင်း"

ခပ်အုပ်အုပ်ခေါ်သံကြောင့် သူ သတိအနေအထား ဖြစ်သွားရပါ၏။ ဒီအသံ ဒီမွှေးရနံ့ ရရှိဖြင့် ဘယ်သူဘယ်ဝါဆိုတာကို စိတ်က အလိုလို သိနိုင်လေသည်။ စောစောစီးစီး မျက်နှာပူရဦးမှာပါလား။ ရင်းနှီးသင့်သလောက် ရင်းနှီးနီးကပ်ခဲ့ပါသည့် လုတစ်မျက်နှာကို အဘယ်အချိန်ကာလအထိ သူ ရှောင်ရှားနိုင်ပါ့မည်နည်း။

"ဪ . . . မေ"

အကျင့်ဖြစ်နေသည့် အခေါ်အဝေါ်က မပြောင်းလဲနိုင်ပါ။ ကြည်လင်နေပါသည့် မျက်နှာထက် ပါးချိုင့်လေးပေါ်သည်အထိ သူ့မအပြုံးက တောက်ပနေစဲပါပဲ။ ဒါပဲလား။ နံနက်ခင်း နှုတ်ဆက်စကားတို့က ခပ်တိုတိုပြတ်ပြတ်ပါပဲ။ တကယ်တမ်း ပြောစရာစကားတို့ကဖြင့် ရင်ထဲပြည့်သိပ်နေတာ အမှန်ပါ။

"အန်ကယ် ကျန်းမာရဲ့လား"

"အင်း . . . ပုံမှန်ပါပဲ"

"မင်းသွင်ရော"

သူ သက်ပြင်းကိုတိတ်ရှိုက်လိုက်မိ၏။ ဒီတိုင်းကြီး စကားမပြော





ဘဲ ရပ်နေတာကမှ ကြောင်တောင်တောင်ဖြစ်နေမှာပါ။ စကားလေး ပြောရင်း ဖော်ရွေပြတာကမှ သူငယ်ချင်းမိတ်ဆွေနှယ် အများအမြင်မှာ တင့်တယ်မှာ မဟုတ်လား။ သူမဘက်က ဤမျှ အလိုက်သင့် ပြောနေသော်ငြား သူကဖြင့် စိတ်အိုက်သည့်နှယ် ခံစားနေရပါ၏။

ခက်ပါရဲ့ 'မေ' ရယ်။

"မနေ့က အစားမှားလို့ ဗိုက်မကောင်းတာနဲ့ ဒီမနက် ဆေး တိုက်ထားရတယ်"

"အလုပ်မသွားဖြစ်ဘူးပေါ့"

"သွားတယ်"

"မသက်သာရင် ဘယ့်နှယ်လုပ်မလဲ၊ ကိုမင်းရဲ့ညီက ခုထိ ကလေးလိုဖြစ်နေတုန်းပဲကို"

ပြောမှပင် စိတ်ထဲ ပိုပြီး ပူမိပြန်လေ၏။ အစစအရာရာ ခုထိ ပြောပေးနေရသည့် ညီညီ့အပေါ်မှာ အစ်ကိုတာဝန်က ပိုပြီး ကြီးလေးနေရတုန်းပါပဲ။ အိတ်ကပ်ထဲမှ Phone ကို ထုတ်ယူမိစဉ်သားမှ သူမက ကိုတ်ပြုံးလိုက်ပြန်လေ၏။ 'မင်းထင်ခန့်' အကြောင်းကို 'မေရှင်းသန့်' အသိဆုံးပင် မဟုတ်ပါလား။

"ဟယ်လို . . . သားကြီးပြော"



www.burmeseclassic.com

www.burmeseclassic.com



"ညီညီ သက်သာရဲ့လား မေမေ"

"အဲဒါ သူ့ကို မေးလေ"

"ကားမောင်းနေတာမှတ်လား"

"အေး"

"အလုပ်မှာ ပေါက်ကရတွေ ထပ်စားမိမှာစိုးလို့ အသိပေးတာပါ မေမေ"

"ကလေးမှ မဟုတ်တာကွာ"

"မေမေ့သားအကြောင်းလည်း မေမေ သိတာပဲ၊ မတည့်တာဆို အကုန်စားချင်တယ်၊ အဲဒါ ဒီတစ်ရက် ထမင်းမစားနိုင်နဲ့၊ မြူစွမ်တို့ ခေါက်ဆွဲပြုတ်တို့ ပြုတ်တာပဲ စားနိုင်းပါ"

"ဒီမှာ မျက်နှာရှုံ့တွပြနေပြီ၊ နေမကောင်းဖြစ်တာ မဟုတ်လို့ လူမမာစာ မစားဘူးတဲ့"

"မစားလို့ မရဘူးလေ၊ ဆေးသောက်နိုင်းထားတာရော ယူလာဖြစ်ရဲ့လား။ မပါရင် ဆေးဆိုင်မှာ ဝယ်သောက်နိုင်း"

"အဲဒါတော့ စိတ်မပူနဲ့ သားကြီးရေ . . . မိုးကျော်က သူ့အကျီအိတ်ကပ်ထဲပါအောင်ကို ထည့်ပေးလိုက်တယ်"

"အချိန်မှန်အောင် သောက်နိုင်းပါ မေမေ၊ မိုက်က ဆေးရုံ





ခွက်ဝင်လို့မှ မသက်သာရင် ကျွန်တော့်ဆီ phone ထပ်ဆက်ဖို့ ပြောပါ"

"အေးအေး"

Lift ရောက်ပြီမို့ အတွင်းသို့ ဝင်လိုက်ပါ၏။ Phone ပြောနေတာမို့ သူက (လက်တစ်ဖက်မှာ Duty coat ကိုင်ထားသဖြင့်) လက်မအားပါ။ မေရှင်းသန့်က ခပ်မြန်မြန်ပင် သူတို့သွားမည့် အလွှာနံပါတ်ကို နှိပ်လိုက်လေ၏။ သွက်လက်နေတုန်းပါပဲ။ သူက ခပ်အေးအေး၊ မေက ခပ်သွက်သွက်မို့ ဆန့်ကျင်ဘက်ဆိုပြီး မလိုက်ဖက်ကြောင်း အပေါင်းအသင်းတွေ ဝေဖန်ခဲ့ကြတာပါ။

သို့သော် အချစ်ဆိုတာ ခက်သားလား။ ဘာသာပြန်ဖို့ မလိုအပ်သည့် အဓိပ္ပာယ် အတိမ်အနက်က စဉ်းစားဖို့ မလိုပါချေ။ 'အချစ်' သည် 'အချစ်' ပါပဲ။ အရိုးရှင်းဆုံးအရာဟုသာ သူ ယူဆမိတာပါ။ လူနှစ်ယောက်၏စိတ်နှစ်ခုကို တစ်ခုတည်း ထပ်တူဖြစ်စေဖို့က ဤမျှအထိ ခက်ခဲရပါသလား။

"ကိုဇေနဲ့ မြတ်နိုးတို့ ဒီနှစ်ထဲ wedding လုပ်ဖြစ်မယ်တဲ့"

သူ ငြိမ်နေမိ၏။ သတင်းပေးတာပဲလား။ သို့တည်းမဟုတ် ငြိမ်သက်ရပ်တန့်နေပါသည့် သူတို့နှစ်ဦး၏အခြေအနေကို အစွက်ပြ



www.burmeseclassic.com

www.burmeseclassic.com



လိုက်တာပဲလား။ သူ သေချာမသိနိုင်ပါ။ အထူးသဖြင့် သူတို့ယောက်ျားတွေက သူမတို့ မိန်းမတွေလောက် စကားမကြွယ်တာ အမှန်ပါပဲ။ သူ့ဘက်က ဘာတုံ့ပြန်မှုမှ မရှိသဖြင့် သူမ သက်ပြင်းရှိုက်သံ ထွက်လာတော့၏။

"မြတ်နိုးတောင် မေ့ကို ပြောနေသေးတယ်၊ ဒီတိုင်းပဲ နေသွားတော့မှာလားတဲ့"

ရင်ထဲ ကျဉ်ခနဲဖြစ်သွားရပါ၏။ အုပ်စုထဲမှာ အတွင်းလူချင်းပဲ ဖြစ်ဖြစ် အပြင်လူနဲ့ပဲဖြစ်ဖြစ် အသီးသီးအိမ်ထောင်ကျကုန်တာ မျက်မြင်ပါပဲ။ သို့သော် သူနှင့်မေကဖြင့် ဒုံရင်း ဒုံးရင်း။ သီးခြားဖြစ်နေတာ အားလုံးအသိပါ။ သမီးရည်းစားလားဆိုလည်း No... ဘာလဲဆိုလည်း No... ဟူသည့် အဖြေက အငြင်းသာဖြစ်နေလေသည်။

"ကိုမင်း"

"Duty ချိန်မှာ Personal တွေ မပြောချင်ဘူး ... Sorry, မေ"

သူမ မျက်နှာပျက်သွားလေ၏။ မတတ်နိုင်ပါ။ စကားကို များများပြောဖြစ်ပါက မလိုလားအပ်တာတွေ ပြောဖြစ်တော့မည်ဟု ကြိုမြင်နေပါ၏။ မိတ်ဆွေအဆင့်နဲ့ပဲ ကိုယ်တို့ ကျေနပ်လိုက်ကြပါစို့။





ဒီအတိုင်း ခပ်စိမ်းစိမ်းနေလိုက်တာပဲ ကောင်းမှာပါ မေ။

ဓာတ်လှေကားက တုံ့ခနဲ ရပ်သွားလေ၏။ သူ့ရှေ့မှ အရင်ထွက်သည့်လူက မေရယ်ပါ။ အပြင်မှာ ရပ်စောင့်နေပါသည့် နာ့စ်မလေးနှစ်ဦးက ဦးညွှတ်နှုတ်ဆက်စဉ် မေက ခပ်တည်တည်ဖြင့် ပြန်မနှုတ်ဆက်ဘဲ ဆက်လျှောက်သွားလေ၏။ ရော်! မချောတစ်ယောက် စိတ်ကောက်ပြန်ပါပေါ့လား။

"Good morning, Doctor."

"Morning !"

အမြဲတည်နေတတ်ပါသည့် မျက်နှာကို လျှော့လိုက်ရပါ၏။ နေ့စဉ် လူနာတွေနှင့် တွေ့နေ့ပြောနေရတာမို့ မျက်နှာတင်းထား၍ မဖြစ်ပါ။ Corridor ထောင့်ချိုးကို ကွေ့စဉ် နားနေခန်းအဝမှာ သူငယ်ချင်း 'ကျော်ဇေ' နှင့် ဆုံလေ၏။ စောစောကပဲ ပြောဖြစ်တာမို့ ဒီကောင် အသက်ရှည်ဦးမှာပါပဲ။

"ရာသီဥတုက အုံ့မှိုင်းနေပါလားဟေ့ ... ဘာလဲ ငြိုပြန်ပြီလား"

"ဒီလိုပါပဲ"

မရေမရာသာ သူ ပြန်ဖြေမိ၏။ နားနေခန်းထဲဝင်စဉ် အခန်း



www.burmeseclassic.com

www.burmeseclassic.com



တွင်းမှာ အခြားဆရာဝန်တွေ ရောက်နေလေ၏။ 'ခင်မြတ်နိုး' က မေ့အနီးမှာ တီးတိုးစကားပြောနေပါသည်။ မေ့မျက်နှာကဖြင့် စောစောကနယ် မကြည်လင်တော့ဘဲ ခပ်မှုန်မှုန်ဖြစ်နေလေ၏။ ရာသီဥတုက ချက်ချင်း ပြောင်းလဲသွားတာပါပဲလား။

"ဘယ်လိုလဲ ကိုမင်းထင်"

"ဗျာ! ဘာကိုမေးတာလဲ မြတ်နိုးရဲ့"

"မေ့ကို့.စိတ်မကြည်အောင် ဘာပြောလိုက်တာလဲလို့ မေးတာ"

"ဟုတ်လား ... ကျွန်တော်က ပြောရိုးပြောစဉ်အတိုင်းပဲ ပြောလိုက်တာပါ။ အထအနကောက်လွဲသွားရင်တော့ မပြောတတ်ဘူး"

"ဩော်! ... ဒါဖြင့် မေကပဲ ရှုကြဲစိတ်ကောက်ပြတယ်ဆိုပါတော့လေ"

"မေ ... ဟဲ့! တိုးတိုး"

"မင်းထင်က ကြည်စားလိုက်တာ ဖြစ်မှာပါ မေရယ်၊ စိတ်မဆိုးပါနဲ့"

"ကြည်စားတာနဲ့ အတည်က ခြားနားပါတယ် ကိုဓေ ဒီလောက်တော့ မေလည်း ပိုင်းခြားတတ်ပါတယ်၊ ကလေးမှ မဟုတ်





တော့တာ"

"ဒါဆိုလည်း ရင့်ကျက်တတ်ပါစေလား မေ"

"မေ့ကို စိတ်နုတယ်လို့ ပြောလိုက်တာလား"

"ဟယ်! ... တော်ပါတော့ မေရယ်၊ နှစ်ဦးသား ပြေလည်အောင် ကြားက ဝိုင်းပြောပေးမိပါတယ် အခြေအနေက ပိုဆိုးနေပြီ"

"မြတ်နိုး မသိပါဘူး"

"အေးပါ ... မသိပါဘူးပဲ ထားလိုက်ပါ။ စိတ်လျှော့ပါ မေရယ်"

"ဟုတ်ပါတယ် ... နောက်ဆုံးတော့ မေ့ဘက်ပဲ လွန်တာပါ။ မေ့ဘက်ကပဲ လျှော့ပါ့မယ်၊ မေပဲ မှားပါတယ်"

အသံက တုန်ရီလာတာမို့ ငိုသံပါလာပြီမှန်း သူ ရိပ်မိပါ၏။ အရင်က ခပ်မာမာလေး 'မေရှင်းသန့်' ကို ခုတော့ မတွေ့ရတော့ပါချေ။ ထစ်ခနဲရှိ ရန်လုပ်ပြီး မျက်ရည်လွယ်လာတာ အဘယ့်ကြောင့်ပါနည်း။ မိန်းမတွေ၏ သဘောသဘာဝက နားလည်ရခက်ပါလားနော်။

"လျှော့တယ်, တင်းတယ် ပြောရအောင် ပြိုင်နေတာမှ မဟုတ်တာပဲ၊ စကားကို ကြည့်ပြောပါ မေ"



www.burmeseclassic.com

www.burmeseclassic.com



"မင်းထင်"

နှစ်ယောက်သား အကြည့်က အလယ်မှာ ဆုံလေ၏။ ကျော်ဇေကာ ဘေးမှ သတိပေးနေပေမယ့် တင်းမာလာသည့် အခြေအနေကို သူလည်း ရှင်းမရနိုင်ပါ။ ဘာမဟုတ်တာလေးနဲ့ စိတ်ကောက်ပြရအောင် ကိုယ်တို့က ဆယ်ကျော်သက်အရွယ်မှ မဟုတ်တော့တာပဲ။ အသက် (၂၈) နှစ်ဆိုတာ တည်ငြိမ်တဲ့အရွယ် ဖြစ်သင့်မှန်း မေ သိသင့်ပါ၏။

"မေက ဒါလေးတောင် ပြောခွင့်မရှိတော့ဘူးလား"

"ကိုယ်ပြောထားတယ်လေ၊ တခြားအချိန်မှာပဲ"

"တခြားအချိန်မှာ ပြောရအောင် မေ့ကို သီးသန့်အချိန်ရော ကိုမင်း ပေးနိုင်လို့လား"

"ကျစ်! . . . ခက်တာပဲ"

"မခက်ပါဘူး။ ဒီလောက် လွယ်လွယ်လေးကို ခက်အောင် ရှင် တမင်လုပ်နေတာ မသိဘူးလား"

"ဟယ်! . . . မေ"

"မေက ရှင်လိုသလို ကစားရအောင် ရုပ်သေးရုပ်မဟုတ်ဘူး ကိုမင်းထင်ခန့်၊ ကောင်းပြီလေ . . . ရှင့်ဘက်က ကန့်လန့်ကာ အခါ





ချပြမှတော့ မေ့ဘက်ကလည်း ရပ်တန့်ရုံပေါ့၊ မြတ်နိုးတို့လည်း မှတ်ထားပေးပါ၊ ဒီနေ့ ဒီအချိန်ကစပြီး မေရှင်းသန့်နဲ့မင်းထင်ခန့်က သူစိမ်းတွေဆိုတာပဲ"

"ဟာ!"

"မေ့အတွက် ဒီလောက်အတိုင်းအတာနဲ့ သင်ခန်းစာကောင်းကောင်း တစ်ခုရခဲ့ပါတယ် ကိုမင်းထင်ခန့်၊ အဲဒီအတွက် ကျေးဇူးပါပဲ"

"မေ . . . မေ"

ခြေဆောင့်နင်းလျက် ထွက်သွားပါသည့် မေ့နောက်သို့ မြတ်နိုးတစ်ယောက် အပြေးလိုက်သွားလေ၏။ သူတို့ကို စိုက်ကြည့်နေပါသည့် မျက်လုံးပေါင်းများစွာအောက်မှာ အလိုလို သိမ်ငယ်သွားရသည့်နှယ်ပါ။ လုပ်ဖော်ကိုင်ဖက်တွေရှေ့မှာမှ မဟားမဟား အရှက်ကွဲခန်းပါပဲလား။

ထိုင်ခုံထက် ခြေပစ်လက်ပစ် ထိုင်ချလျက် မျက်စိမှိတ်ကာ သက်ပြင်းရှည်ကြီး ချလိုက်မိလေ၏။ ရင်မောရပါလား။ သူ့အတွက် ကံမကောင်းခြင်းတွေက မထင်မှတ်ဘဲ အလစ်အငိုက်တိုက်ခိုက်တော့သာ အံ့သြရပါပဲ၊ မင်းထင်ခန့်ရဲ့အနာဂတ်က မှုန်ဝါးနေပါရောလား။

"Duty ဝင်ဖို့"



www.burmeseclassic.com

www.burmeseclassic.com



"ခဏနေ လိုက်ခဲ့မယ် ကျော်ဇေ"

"အေးအေး"

ကျော်ဇေက သူ့ကို နားလည်ဟန်ဖြင့် ဖုန်းကို တစ်ချက်ပုတ်သွားပါ၏။ လက်ထပ်တော့မည့်စုံတွဲက မပြေမလည် မဖြစ်ကြပါဘဲ သူနှင့်မေက ဖြစ်ရတယ်လို့။ အရင်လို အပြုံးတွေ ဖလှယ်ကြဖို့ အရင်လို အကြည့်ချင်းဆုံ ရင်ခုန်ဖို့ အရင်လို တီးတိုးစကားဆို ရယ်မောဖို့ အခွင့်တွေက ဝေးကွာခဲ့ချေပြီ။

ပြီးပြီတဲ့ ... သူတို့ဇာတ်သိမ်းခန်းက Action ဇာတ်ကားတွေနှယ် ဝုန်းဒိုင်းကြပြီး ခပ်မြန်မြန်ပြီးသွားလေပြီ။ တကယ်ပဲလား မေ။ မင်းထင်ခန့်နဲ့ မေရှင်းသန့်တို့က သူစိမ်းတွေလို နေနိုင်ကြပါ့မလား။

❀ ❀ ❀



## အခန်း (၃)

ဖေဖေ့ရုံးခန်းရှိရာဆီသို့ သူ လျှောက်လာခဲ့ပါ၏။ ဗိုက်ထဲသရိုးသရီဖြစ်နေတာက ခုထိ မပျောက်သေးပါ။ သူကလည်း သူပါပဲ။ အစားကို ဆင်ခြင်စွာစားဖို့ထက် လျှာအရသာရှိလျှင် အတင်းသွပ်တာတတ် တာ မဟုတ်လား။ မကြာခဏ လေအောင့်တာမျိုး အစာမကြေတာမျိုး ဖြစ်လေ့ရှိသဖြင့် အစာအိမ်ရောဂါဖြစ်မည်ဟု ကိုကို ပြောဖူးလေသည်။

"ဒေါက်! ... ဒေါက်!"

တံခါးကို ခပ်ဖွဖွခေါက်လိုက်မိသော်ငြား အထဲမှ တုံ့ပြန်မှုကို



www.burmeseclassic.com

www.burmeseclassic.com



မကြားရပါချေ။ ဘယ်သူရောက်နေလို့များလဲ။ ဘာတွေများ ဆွေးနွေး နေလို့ အထဲဝင်ခွင့်ပြုဖို့ မေ့နေရပါသလဲ။ နားအသာစွင့်လိုက်သော်ြ ဘာသံမှမကြားရသဖြင့် တံခါးကို ထပ်ခေါက်ကာ အသာဖွင့်၍ ဝ လိုက်ပါသည်။

"သေချာတယ်နော်"

"သေချာပါတယ် ကိုမင်းခန့်ရဲ့၊ အဲဒီမိန်းကလေးဆော အတိအကျပဲ"

ရုတ်တရက် သူဝင်လာတာမို့ ဖေဖေနှင့် ရှေ့နေကြီး ဦးထွ ရှိန်တို့ စကားက ရပ်သွားပါ၏။ ဘာလဲ . . . အလုပ်ကိစ္စ မဟုတ်ဘ လား။ အလုပ်ကိစ္စဆိုလျှင်ဖြင့် သူ့ကို ဖုံးကွယ်ထားစရာ မလိုအပ် အခုတော့ သူ့ကို မြင်လိုက်သည်နှင့် နှစ်ဦးသား စကားကို ရပ်လိုက်ထ ဘာသဘောပါလိမ့်။

"ဖေဖေ"

"အေး"

ဖေဖေ့မျက်နှာက ခပ်အမ်းအမ်းဖြစ်သွားသည့်နှယ် လေးလေး ဦးထွန်းရှိန်မျက်နှာကလည်း ထိုနည်းလည်းကောင်း တိုးသဲ့သဲ့ကြားလိုက်ရသည့် 'မိန်းကလေးဆောင်' ဟူသည့်စကား





သူ့ကို သံသယပိုမိစေတာ အမှန်ပင်။ ဘာတွေများ လျှို့ဝှက်စွာ ရှာနေ ပါသနည်း။ ထူးဆန်းလေစွ။

"ဒီမှာ လက်မှတ်ထိုးဖို့"

"ထားခဲ့"

ဘယ်လိုကြီးလဲ။ မြန်မြန်ပြော၊ မြန်မြန်ပြန်ပုံစံဖြင့် ပြောသည့် နှယ်ပါ။ နဂိုကတည်းကမှ သံသယကြီးလွန်းတတ်သည့် မင်းသွင်ခန့် ကို ပဟေဠိတွေ လာဝှက်နေပြီလား။ စပ်စပ်စုစုနေတတ်သည့်စိတ်ကို လာဆွနေသလိုပါပဲ။

"ဖေဖေ"

"ဘာလဲကွာ"

"ကိုကို့ဆေးသောက်တာ ကျွန်တော် မသက်သာဘူး။ ဗိုက် က ရစ်နေတုန်းပဲ"

"ကျစ်! . . . အဲဒါ မင်းအစ်ကိုကို Phone ဆက်ပြီး လှမ်းမေးလေ၊ ဒါမှမဟုတ် ဆေးခန်းသွားပြချင် ပြပေါ့။ ကလေးလည်း မဟုတ်ဘဲ ဒါလေးတောင် မသိဘူးလား"

သူ့မျက်နှာ ရှုတည်တည်ကြီး ဖြစ်သွားရပါ၏။ မနက်ကပဲ ကားပေါ်မှာ ဖေဖေ့ကို phone ဆက် သတိပေးထားတာတောင်



www.burmeseclassic.com

www.burmeseclassic.com



သားအငယ်ကို ရှုမတိုက်သည့်နှယ်ပါ။ ဘာလဲ . . . သူက ကိုကိုလောက် မတော်လို့ အသုံးမကျလို့များလား။ ဝန်ထမ်းတွေအားလုံးအမြင်မှာသာ သူနှင့်ဖေဖေ့ကို သားအဖအရင်းမှန်း သိထားကြတာဖြစ်ပေမယ့် တခြားလူတွေက မသိနိုင်ပါချေ။

မင်းသွင်ခန့်ဆိုတာ ဦးမင်းခန့်ရဲ့သားအငယ်ဟု သိသွားတိုင်း ပါးစပ်အဟောင်းသားဖြင့် အံ့သြသွားစမြဲပါ။ ဤသို့ဤနှယ် ဖေဖေနှင့်သူက အစစ မတူတာပင်။ အရုပ်အမောင်း ကိုယ်ခန္ဓာဟန်ပန်၊ ပြောဟန်ဆိုဟန်က အစ ဘယ်လိုမှ မကိုက်ညီသည့် လူနှစ်ယောက်ကို သားအဖဟု မည်သူက ယုံကြပါ့မည်နည်း။ အားငယ်ပေစွ။

"သွားတော့လေ .. ဘာပြောစရာကျန်သေးလို့လဲ"

"မရှိပါဘူး"

"ဒါဆိုလည်း"

"ကိုကို မအားလို့ phone မကိုင်ရင် ဘာလုပ်ရမှာလဲ"

"ဟင်း! မင်းသွင်ခန့်"

"ဗျာ . . . ဖေဖေ"

"မင်းအသက် ဘယ်နှနှစ် ရှိနေပြီလဲ"

"(၂၂) နှစ်ကျော်ပါပြီ"





"ဒါတောင်မှ ကိုယ့်အားကိုယ်မကိုးတတ်သေးဘူးလား။ နေရာတကာ အစ်ကိုဖြစ်သူကို မှီနေတာများ ကောင်းတယ်မှတ်နေ၊ မင်းကိုယ်မင်း အကြီးကောင်ကျောပေါ် စီးလို့ရတဲ့အရွယ်ပဲ ထင်နေတုန်းလား"

"မဟုတ်ပါဘူး"

"အဲဒါဆို ကိုယ်ပိုင်စိတ် ကိုယ်ပိုင်အတွေးနဲ့ စဉ်းစားဆုံးဖြတ်စမ်း။ သွားတော့ . . . ငါ သိပ်မပြောချင်ဘူး။ ကိုယ့်နှာခေါင်းပေါက်နဲ့ ကိုယ် အသက်ရှူတတ်အောင် ကျင့်မှပေါ့"

သူ မှုန်ကုပ်ကုပ်ဖြင့် ဖေဖေ့ရုံးခန်းအတွင်းမှ ထွက်ခဲ့ရပါ၏။ ပြောလိုက်လျှင် ပိသာလေးဘေးပစ်ပါပဲ။ သူ့ကို သားလို့မထင်သလိုပဲလား။ တကယ်ဆို နေမကောင်းဖြစ်နေသည့် သားကို ကြင်ကြင်နာနာဖြင့် ပြောသင့်တာပါ။ လူက ဗိုက်မကောင်းသည့်ကြားထဲ ချွေးစီးတွေပင် ထွက်လာလေသည်။ ကျွန်တော် နေလို့မကောင်းဘူး ကိုကို။

"မင်းသွင် . . . နှင့် phone မြည်နေတယ်"

"လာပြီ"

သူ့ဘေးစားပွဲ၌ 'ဝင့်ဝါမှူး' က လှမ်းပြောလိုက်သဖြင့် ခုံမှာ ထိုင်ရင်း phone ကို လှမ်းကိုင်လိုက်ပါ၏။ ရုံး phone မဟုတ်တာ



www.burmeseclassic.com

www.burmeseclassic.com



မို့ အလုပ်ကိစ္စ မဖြစ်နိုင်ပါ။ စူပုတ်ပုတ်ဖြစ်နေသဖြင့် လေသံက ခပ်မာမာပင် ထွက်လာလေသည်။ စိတ်တိုလိုက်တာနော်။

"ဟဲလို!"

"ဟောဗျာ ... ဒေါသထွက်နေတာလား"

"ထွက်တာပေါ့ဗျ၊ ဗိုက်ထဲ ဆာလာလို့ အအေးတစ်ပုလင်း သောက်မိပါတယ်၊ ရောဂါက ပိုဆိုးနေပြီ"

"အဲဒါတွေ မတည့်ဘူးလေ၊ ညီက ကိုယ့်စကားဆို ဘယ်တော့မှ အလေးမထားဘူး။ မသောက်သာရင် ပြောဖို့ ကြိုမှာထားသားနဲ့"

"ကိုကို အားမအားမှ မသိတာ"

"Operation ခန်း မဝင်ရင် ပြောလို့ရပါတယ် ညီရာ၊ ဘာအအေးမှမသောက်နဲ့၊ လုံးဝမတည့်ဘူး"

"ဆာတယ်ဗျ ... မနေနိုင်ဘူး"

"ဆာရင်လည်း ကော်ဖီဖြစ်ဖြစ် သောက်မှပေါ့၊ ခဏနေ ဗိုးကျော် ဓာတ်ဆားရည် လာပို့ပေးလိမ့်မယ်၊ အဲဒီတစ်ဗူး ကုန်အောင် သောက်၊ ကြက်သားဆန်ပြုတ်ပါ ယူလာပေးတာ စား"

"အာ ... လူမမာမှ မဟုတ်တဲ့ဟာ၊ ဆန်ပြုတ်မသောက်ချင်





ဘူး။ မုန်းပါတယ်ဆိုမှပဲ"

ဘေးမှ ဝင့်ဝါ ကျိတ်ရယ်သံ ထွက်ပေါ်လာပါ၏။ စားပွဲတစ်လုံးတည်း အတူတူ အလုပ်လုပ်နေရသည့် သူငယ်ချင်းမို့ ဘာမှရှက်စရာ မလိုပါ။ သူ phone ပြောတာကို အတိုင်းသား ကြားနေရသဖြင့် သူမ ဆံလည်ခုံနောက်ကျောကို လှမ်းကိုင်၍ တွန်းလိုက်မိလေ၏။

"နှင်နော် ... သေတော့မယ်"

"လူမမာ မဟုတ်လည်း ပြောစကားကို နားထောင်မှပေါ့၊ ဝမ်းက သွားတုန်းလား"

"အင်း"

"ဘယ်နှခါရှိပြီလဲ"

"မနက်ကတည်းက"

"မဟုတ်ဘူး ... ရုံးရောက်မှ"

"နှစ်ခါရှိပြီ"

"အအေးသောက်ပြီးမှ ထပ်သွားတာ မဟုတ်လား"

"အင်း"

"ပြောသားပဲ မတည့်ပါဘူးဆိုတာ၊ ဓာတ်ဆားရည် ဝင်အောင် သောက်"



www.burmeseclassic.com

www.burmeseclassic.com



"ဓာတ်ဆားက သီးစုံလား"

"No!... BPI"

"အာ... မကြိုက်ဘူး။ ချိုမှ မချိုတဲ့ဟာ"

"မကြိုက်လည်း သောက်ရမှာပဲ၊ ကလေးမဟုတ်တာ လိုက်မဂျစ်နေနဲ့"

"ပြောလိုက်ရင် ကလေးမဟုတ်ဘူးဆိုပြီး ဗိုင်းပေါက်နေတာကရော"

"ဖေဖေ ဆူလို့လား"

"အင်း"

"မအားတာ သွားမရှုပ်နဲ့ပေါ့။ ဒါပဲ .. ဒါပဲ၊ ငါ duty ပြန်ဝင်တော့မယ်၊ ပြောတဲ့အတိုင်းမလုပ်ရင် ညကျ Syringe (ဆေးထိုးအပ်)ပဲ"

သူ ပွစိပွစိ ရေရွတ်ကာ phone ကို ပိတ်လိုက်ရလေ၏။ ဆရာဝန်ပီသပါပေ့။ တဆိတ်ရှိ ဆေးထိုးအပ်နဲ့ ခြိမ်းခြောက်ပြနေတာ မဟုတ်လား။ ပြောတော့ ကလေးမဟုတ်ဘူးဆိုပြီး သူ့ပဲ power ပြခံနေရတာပါ။ အငယ်ဖြစ်ရတာ မတရားသလိုပါပဲလား။

"ဘာရယ်တာလဲ"

"ရယ်တာပေါ့... နှင့်ပုံစံက ခုထိ ကလေးဆိုးကြီးလိုပဲကိုး"





"အံမာ"

"မဟုတ်လို့လား"

"မဟုတ်ပါဘူး"

"အဖေဆူတာကို အစ်ကို့ကို တိုင်တာ မူလတန်းကလေး အရွယ်ပါဟယ်၊ နှင် ဒီအရွယ် ရောက်နေတာတောင်မှ အစ်ကို့ကို အားကိုးနေတုန်းပဲလား"

"ဒါက ကျန်းမာရေးကိစ္စမို့ပါဟာ"

"မဆိုင်ပါဘူး။ ငါတို့ ဘေးကနေ ကြည့်ရုံနဲ့ သိသာတယ် ခင်းသွင်၊ နှင့်မှာ ခုချိန်ထိ ကလေးဆန်တဲ့ ညဥ်တွေ ရှိနေတုန်းပဲ"

"ဒါကတော့ ငါက အငယ်ကိုး"

"အေးပါ... နှင် ဒီလိုဆိုးနွဲ့ပုံနဲ့ နှင့်အစ်ကို မိန်းမယူဖြစ်ပါ သိမ့်မယ်"

"ဘာ"

သူ မကျေမနပ်ဖြစ်သွားရပါ၏။ အများအမြင်မှာ ထိုသို့ဖြစ်နေပြီလား။ သူကဖြင့် တစ်ကိုယ်တည်း မကျေမနပ်ဖြစ်နေပြီး ဘာမဆို စိတ်တိုင်းမကျသလိုပါပဲ၊ အခုတော့ ငယ်သူငယ်ချင်းမက သူ့ကို ပျစ် နှစ်နှစ်ကြီးကို ဝေဖန်ပြချေပြီ။



www.burmeseclassic.com

www.burmeseclassic.com



ကိုကို မိန်းမ မယူဖြစ်ဘူးတဲ့လား။ မဖြစ်နိုင်တာ။ အိမ်မှာ မဖြစ်မနေ အိမ်ရှင်မနေရာကို ဖြည့်ဆည်းရမည့်တာဝန်က ကိုကို့ထံမှာ အရင်ဆုံး တာဝန်ရှိနေတာပါ။ အသက် (၂၈) နှစ်ဆိုတာ ယောကျ်ား လေးတစ်ယောက်အတွက် အိမ်ထောင်ပြုဖို့ အသင့်လျော်ဆုံးအရွယ်ပင် မဟုတ်ပါလား။

"ကိုကို့မှာ ချစ်သူရှိတာပဲ၊ အချိန်တန် ယူမှာပေါ့"

"ယူဖြစ်ရင် အခုလောက်ဆို နှင် တူ တူမတစ်ယောက် လောက်တော့ ထိန်းနေရလောက်ပြီပေါ့"

"အောင်မာ ဘာကိစ္စထိန်းရမှာလဲ ရှုပ်ကရှုပ်၊ နားငြီးက ငြီးနဲ့"

"တွေ့လား ... အဲဒါပဲ"

"ဘာအဲဒါပဲလဲ"

"နှင် မစ္ဆရိယဖြစ်နေတာကို ပြောတာလေ"

"မိဝါနော် ... စကားကို အကောင်းပြော၊ လူက ညစ်နေရ တဲ့ကြားထဲ၊ တင်းလာပြီ"

"အနာပေါ် တုတ်ကျတော့ နာတတ်သားပဲ"

"စကားတတ်တိုင်း ဖွတ်ပြောမနေနဲ့"

"ဒါဆိုလည်း ကိုကို့ကို အိမ်ထောင်ပြုဖို့ တိုက်တွန်းလေ





အန်ကယ်က လူကြီးမို့ စပြောမှာမဟုတ်ဘူး။ နှင်က အငယ်ပဲဟာ"

"နှင့်ဘာသာ အိမ်ထောင်ပြုချင် ပြုပါလား။ ဘာလို့ ငါ့အစ်ကို ကို အတင်းအိမ်ထောင်ကျစေချင်နေတာလဲ၊ အူပုပ် သဲပုပ်မရဲ့"

"ဟင်! ကြည့်စမ်း ... အဲဒါ ငါ့ကို ပြောရလား ... ကဲ!"

"အား!"

ဝင့်ဝါက သူ့လက်မောင်းကို တဖတ်ဖတ်ဖြင့် ရိုက်လေတော့ ၏။ ဒါက ရက်ရမ်း ရမ်းတာများလား။ မိန်းကလေးကို ပြောသင့် မပြောသင့် စကားလုံးမျိုးကို သူ မရွေးချယ်တတ်ပါ။ ဒီလိုပဲ အနိုင်ရ လိုစိတ်ဖြင့် လွှတ်ခနဲ ပြောမိသွားတာပါပဲ။

"တိုင်ပြောမယ်"

"ဘယ်သူ့နဲ့လဲ"

"အန်ကယ်နဲ့"

"တိုင်ပေါ့ ... မကြောက်သေး"

"ကျွန်တော်ရောက်ပြီ အစ်ကိုလေး"

သူ့ရှေ့သို့ ရောက်လာသည်က ဖိုးကျော်ရယ်ပါ။ ဘာလဲ ... နေ့လယ်ထမင်းစားချိန်ရောက်ပြီလား။ မြန်ပါပေ့။ မိုက်မကောင်း ဖြစ်တာချင်း အတူတူ သူ့အတွက် စားသောက်စရာ လာပို့ပေးရသည့်



www.burmeseclassic.com

www.burmeseclassic.com



ဖိုးကျော်ကိုတော့ သနားမိပါရဲ့။ မဟုတ်သေးဘူး . . . ဒင်းကြောင့် သူ ဒီလိုဖြစ်ရတာ မဟုတ်လား။ မသနားပါဘူး။

"မင်းယူလာတာတွေ ငါမစားဘူး။ ပြန်ယူသွား"

"ဗျာ!"

"ထားခဲ့ပါ ဖိုးကျော်၊ သူ မသောက်,သောက်အောင် ငါ ရိုက်ပြီး ကျွေးမယ်"

"ကျေးဇူးပါပဲ မဝါ"

"ဘာကျေးဇူးလဲ၊ မင်းကြောင့် ငါ အခုလိုဖြစ်ရတာ၊ မင်းကို နည်းနည်းမှ ငါ အဆာမကြေဘူးမှတ်"

"အစ်ကိုလေးကလည်း"

"ကလေးကို မဲမနေစမ်းပါနဲ့၊ ပြန်တော့ ဖိုးကျော်"

ချာတိတ်က ဖက်လေးပုကာ ခပ်ကုပ်ကုပ်ဖြင့် ပြန်သွားလေတော့၏။ "ဘယ်သူမပြု မိမိမှု" ဟု ဆိုရိုးရှိပေမယ့် သူကတော့ သူ မှန်သည်ဟုသည့် တစ်ဖက်သတ် ယုံကြည်မှုဖြင့် အနိုင်အမာပါပဲ။ ဆန်ပြုတ်ပူပူကို မှုတ်သောက်ပေမယ့် မာတ်ဆားရည်သောက်စဉ် ဟို ချာတိတ်ကို စိတ်တိုလာရပြန်၏။

❁ ❁ ❁



## အခန်း (၄)

ကားကို ခြံထဲသို့ ကွေ့ဝင်လိုက်စဉ် တိုက်ရှေ့မှာ ရပ်ထားသည့် ကားကြောင့် ဖေဖေတို့ ပြန်ရောက်နေပြီမှန်း သူ သိလိုက်ပါ၏။ ကုမ္ပဏီအလုပ်ချိန်က ပုံမှန်ဖြစ်ပေမယ့် သူတို့ဆေးရုံအလုပ်ကဖြင့် အရေးကြီးလျှင် ကြီးသလို Over time ဆင်းပေးရတာပါ။

အရင်ကဆို အိမ်ရှေ့မှာ မေမေ ထွက်ကြိုနေတတ်သော်ငြား ယခုတော့ဖြင့် ကြိုနေသူမရှိပါချေ။ လူတစ်ယောက် ပိုလာခြင်းက အိမ် တစ်အိမ်မှာ မသိသာပေမယ့် လူတစ်ယောက်လျော့သွားတာကဖြင့် သိသာစွာ လစ်ဟာသွားတာပါ။ မိုးချုပ်လျှင် ချုပ်လို့ဆိုပြီး ပူပူပန်ပန်



www.burmeseclassic.com

www.burmeseclassic.com



ပြောဆိုတတ်သည့် မေမေ့အသံကို လွမ်းတသသဖြစ်မိပါရဲ့။

"ကိုကိုရောက်ပြီ၊ ဖေဖေ"

တံခါးဟကာ ရေရွတ်လိုက်သည်က မင်းသွင်ခန့်ပင်။ နေမကောင်းဖြစ်စဉ်က အိပ်ရာထက် ခွေနေပေမယ့် ဒီရက်တော့ ထွားထောင်ထောင်ပါပဲ။ မျက်နှာလည်း လန်းနေတာမို့ နေကောင်းမှန်း သိသာနိုင်လေ၏။

"သားကြီးရောက်ရင် ညစာစားကြမယ်ဟေ့"

"ဟုတ်ကဲ့ပါ၊ ဘဘ"

ညှော်ခန်းမှာ ထိုင်၍ ဂျာနယ်ဖတ်နေရင်း ဖေဖေက အတွင်းခန်းဘက် လှမ်းအော်ပြောလိုက်ပါ၏။ ညီညီက လက်ထဲမှ စားလက်စ သရက်သီးစိပ်ကို တဂျွတ်ဂျွတ် ကိုက်စားနေလေသည်။ ယောကျ်ား လေးဖြစ်ပြီး ဒီကောင် အချဉ်ကြိုက်တတ်တာ မေမေနှင့် တူလွန်းပါ၏။ ပေါက်ကရလျှောက်စားပြီး အစာမကြေဖြစ်တာလည်း ခင်းအပြင် မရှိတော့ပါလေ။

"အစားသောင်းကျန်းပြန်ပြီလား"

"နေကောင်းနေပါပြီဗျ"

သစ်သီးက အရမ်းမှည့်လွန်းတာမျိုး မဟုတ်ဘဲ ဝင်းရော





လေးပဲမို့ တော်ပါသေး၏။ အပေါ်ထပ်သို့ တက်ရန် လှေကားခြေရင်း ရောက်စဉ် ညီဖြစ်သူက ဘေးမှ ကပ်ပါလာလေသည်။ မျက်နှာက ခါတိုင်းလို မှုန်ကုပ်ကုပ် မဟုတ်ဘဲ ပြုံးယောင်ယောင်ဖြစ်နေသဖြင့် သူ့ အံ့သြသွားရပါ၏။ ဘာတွေများ သဘောကျနေပါလိမ့်။

"ဘာလဲကွ"

"ဟမ်! . . . ကျွန်တော် ဘာလုပ်လို့လဲ"

"ညစာစားမယ်ဆိုပြီး ဘာလို့ နောက်က လိုက်လာရတာလဲ"

"ဘာဖြစ်လို့လဲ . . . ကျွန်တော့်ဘာသာ"

"မင်းသွင် . . . အငယ်ကောင်"

"ဗျာ . . . ဖေဖေ"

"အစ်ကိုကို မနှောင့်ယှက်နဲ့လေ"

"ကျွန်တော် ဘာလုပ်မိလို့လဲ ဖေရော"

"လျှာရှည်တော့မှာ ကြိုမြင်လို့ ပြောနေတာလေ . . . ပြန်ဆင်းခဲ့"

"အဲဒီဖေဖေကလည်းလေ"

"ဘာပြောမလို့လဲ"



www.burmeseclassic.com

www.burmeseclassic.com



"နောက်မှ"

နာခေါင်းရှုံ့ပြကာ သူ့နောက်ဆက်မလိုက်ဖြစ်တော့ပါချေ။ နောက်မှတဲ့။ ဒါဖြင့် ပြောစရာရှိနေတာက အမှန်ပေါ့။ ညီညီက သူ့လို မဟုတ်ပါ။ သူက စိတ်ထဲမှာ ဘာဖြစ်ဖြစ် မျက်နှာထက်မပေါ်အောင် မျိုသိပ်တတ်သူ။ ညီညီကဖြင့် ဟန်မဆောင်တတ်ဘဲ ဟောဟောဒိုင်းဒိုင်း ပြောချတတ်သူပါ။

ဒါကြောင့်လည်း ညီက အမေတူသားဖြစ်နေခဲ့တာပင်။ အစစ ပွင့်လင်းပါသည်ဆိုသည့် မေမေတစ်ယောက် ရင်ထဲ ဘာဖြစ်နေတယ်ဆိုတာကို ဘယ်သူ့ကိုမှ မပြောဖြစ်ခဲ့တာပါလိမ့်။ ညီ့ကိုတော့ ထိုသို့မဖြစ်စေချင်ပါ။ အစ်ကိုဖြစ်သူကို ရှိန်လန့်ပြီး ဘာမဆို မပြောရဲ မဆိုရဲမဖြစ်အောင် သူက အတင်းအကျပ်ကြီး မပိတ်ပင် မတားဆီးဖြစ်ပါချေ။

အခန်းတံခါးဖွင့်ကာ ခဏမျှ နားလိုက်ပြီး ရေချိုးဖို့ ပြင်လိုက်ပါ၏။ ရေချိုးပြီးလျှင် ဝတ်ဖို့အတွက် အဆင်သင့်ဖြစ်စေရန် အိမ်နေအဝတ်အစားဗီရိုကို ဖွင့်လိုက်ပါသည်။ အင်္ကျီထပ်မှ ရှပ်အင်္ကျီလက်တိုတစ်ထည်ကို ရွေးလိုက်ပြီး ပုဆိုးထပ်မှ ပုဆိုးယူရန် လက်လှမ်းမိစဉ်လက်က အလိုလို ရပ်သွားရလေ၏။

'မေ' လက်ဆောင်ပေးထားသည့် ပုဆိုးက ထိုအထပ်၏





အပေါ်ဆုံးမှာပါ။ နှစ်ကြာပြီမို့ အဟောင်းထပ်ထဲ ပြောင်းထည့်လိုက်သော်ငြား မစွန့်ပစ်ရက်ပါလေ။ နဂိုကတည်းက စည်းကမ်းရှိသူမို့ အဝတ်အစားကို တရိုတသေ ဝတ်တတ်သလို ဘယ်ပစ္စည်းမဆို တန်ဖိုးထားတတ်ကျင့်က အရိုးစွဲနေပါ၏။ ဒီထဲမှာ တစ်ထည်ဆိုလျှင် ဗီရိုအသစ်ထဲမှာ တစ်ထည်ပေါ့။

တကယ်တမ်း 'မေ' ဝယ်ပေးသည့် လက်ဆောင်က မွေးနေ့အမှတ်တရနှင့်အတူ ချစ်သက်တမ်း နှစ်ပြည့်တိုင်းလည်း ဝတ်စုံပြည့်တစ်စုံပေးစမြဲပါ။ ဒါဖြင့် သူ့ထံမှာ မြန်မာဝတ်စုံနှစ်စုံနှင့် အနောက်တိုင်းဝတ်စုံ နှစ်စုံစီ ရှိနေပါ၏။ ဒါဖြင့် 'မေ့' ဆီမှာရော၊ သူပေးသည့် လက်ဆောင် ဘယ်နှမျိုး ဘယ်နှခု ရှိနေမှာပါလဲ။

အဝတ်အစား အသုံးအဆောင်မျိုး မဝယ်တတ်၍ ဘာတစ်ခုမှ မဝယ်ပေးဖြစ်ခဲ့ပါ။ ဒါဖြင့် ချစ်သက်တမ်းပြည့်မှာရော၊ ဘာဆိုဘာမှ မပေးဖြစ်ခဲ့၊ Valentines' Day တွေမှာ သူများတွေလို ချောကလက်ကျွေးဖို့ နှင်းဆီပန်းစည်း (သို့မဟုတ်) တစ်ပွင့်ပေးဖို့ ဒါမှမဟုတ် အမှတ်တရ Card လေးတစ်ကတ်ဖြစ်ဖြစ် စာတိုလေးရေးဖို့ ဘာဆိုဘာမှ သူ မပေးဖြစ်ခဲ့ပါ။

"မေ့ဘက်ပဲ လွန်တာပါ"



www.burmeseclassic.com

www.burmeseclassic.com



"မေ့ဘက်ကပဲ လျှော့ပါ့မယ်"

"မေပဲ မှားပါတယ်"

"ဒီနေ့ ဒီအချိန်ကစပြီး မေရှင်းသန့်ရဲ့ မင်းထင်ခန့်က သူစိမ်းတွေဆိုတာပဲ"

မျက်လုံးစိမ်းတို့နှင့် စိုက်ကြည့်ကာ ပြောခဲ့သည့် စကားတို့ကို ပြန်ကြားယောင်နေမိ၏။ အစစ ပြည့်စုံသူမို့ လိုအပ်တာ မရှိဟုသာ သူ ယူဆမိတာပါ။ ကဗျာဆန်တာတွေ၊ Romantic ဖြစ်တာတွေ ဘာကိုမှ သူ မတွေးတတ်။ ကလေးဆန်လွန်းသည်ဟု ထင်ခဲ့မိတာ လွဲနေပြီလား။

သူ ပုံမှန်လုပ်ပေးခဲ့ဖူးတာက ကော်ဖီအတူသောက်ခဲ့တာ၊ အချိန်ပေးနိုင်လျှင်ဖြင့် Restaruant မှာဖြစ်ဖြစ်၊ Hotel မှာဖြစ်ဖြစ် တစ်ခုခု လိုက်ကျွေးဖြစ်တာမျိုးသာ။ ရင်ခုန်စရာစကားလုံးလှလှလေး တွေ မပြောတတ်ခဲ့ပါ။ 'မေ့'မျက်နှာထက် အပြုံးတွေ ပွင့်လာဖို့အတွက် သူ မစွမ်းဆောင်တတ်ခဲ့။

နေ့စဉ် တာဝန်ကျနေရာမှာ တာဝန်ကိုယ်စီ လုပ်ကိုင်ရင်း နှုတ်ဆက်ရုံဖြင့် သူ ကျေနပ်ရောင့်ရဲခဲ့မိတာများ မှားခဲ့ပြီလား။ အမှတ် တရဆို၍ ဘာဆိုဘာမှ မရှိခဲ့ပါဘဲ ခြေသံလေး ကြားရုံ၊ အရိပ်လေး





မြင်ရရုံ၊ ကိုယ်သင်းရနံ့လေး ရှူရရုံနှင့်ပင် သူ တင်းတိမ်ခဲ့မိတာ အမှန် ပါပဲ။

ကဲ! ... နောက်ဆုံးတော့ သူသာ ကျန်ရစ်ဖြစ်ခဲ့ရတာ မဟုတ် ပါလား။ "လူဆိုတာ အခြေအနေနဲ့အချိန်အခါကို လိုက်လျောညီထွေ လုပ်ဆောင်နိုင်မှသာ အောင်မြင်နိုင်သည်" တဲ့။ ထိုသို့ မစွမ်းဆောင် နိုင်ပါက 'ငတုံး', 'အရူး' ဟု သတ်မှတ်တတ်ကြပါ၏။ မဲ့ပြုံးတစ်ချက် ကိုသာ ရင်နာနာဖြင့် ပြုံးလိုက်မိလေသည်။

မင်း တကယ် ငတုံးတစ်ယောက်ပါလား "မင်းထင်ခန့်"။

"ကိုကိုရေ ... မြန်မြန်လုပ်၊ ဗိုက်ဆာနေပြီ"

အခန်းတံခါးကို လာခေါက်အသံပြုလိုက်သဖြင့် အတွေးလွင့် နေတာကို ရပ်လိုက်ရပါ၏။ စိတ်ကူးယဉ်ခြင်းထက် လက်တွေ့လုပ် ဆောင်ခြင်းကိုသာ အဓိကထားတတ်သည့် အကျင့်က နောင်တတို့ကို သူဆောင်လာတတ်ပါသလား။ ချစ်ခြင်းဆိုတာ နာကျင်ခြင်းနှင့် အဓိပ္ပာယ်တူနေမှန်း သူ ကြိုသိထားခဲ့ပါက 'မေ့' ကို ချစ်မိမည် မထင်ပါချေ။

ရေချိုးတာကို မြန်မြန်လုပ်လိုက်ပြီး အဝတ်အစားလဲတာကို အပြီးသတ်လိုက်ရပါ၏။ အခန်းထဲမှ ထွက်ကာ လှေကားမှ ဆင်းလာ



www.burmeseclassic.com

www.burmeseclassic.com



စဉ် ဧည့်ခန်းထဲမှာ ဘယ်သူမှမရှိတော့ပါ။ အကုန်လုံး ထမင်းစားခန်းထဲ ရောက်နေကြပြီ ထင်ပါရဲ့။ အလယ်ခန်းကို ဖြတ်စဉ် ညီညီ့ရယ်သံကို ကြားလိုက်ရလေ၏။ အတော်အူမြူးနေပုံပါပဲလား။

"လာ သားကြီး"

"သွေးတိုးစာတွေ ချက်ပြန်ပြီလား"

"အမဲသားပါ အစ်ကိုကြီးရဲ့၊ ဝက်သား မဟုတ်ပါဘူး"

"ဆီကို လျှော့သုံးပါဆိုတာ ပြောမရဘူး။ ဟင်းတုံးတွေကို ဆီတောထဲ ဒိုင်ဗင်ထိုးရှာရမလို ဖြစ်နေပြီ"

"ဖေဖေ ကြည့်စားတတ်ပါတယ် သားရာ"

သူပြောတာကို ဖိုးကျော်က မျက်နှာလေး ငယ်နေပေမယ့် ညီညီက ပြုံးစိစိလုပ်နေလေ၏။ ဆီပြန်ဟင်း အရွက်ကြော်၊ ငါးငပိချက် ဟင်းလျာတို့ကို ကြည့်ရင်း သက်ပြင်းရှိုက်မိပြန်သည်။ ညီညီ ဗိုက်ပြဿနာဖြစ်သွားသည်နှင့် အိမ်မှာ အချဉ်ဟင်းခွက်က အတော် ပျောက်နေပြန်ပြီ။

"ကိုကို ပွစိပွစိပြောတာ မေမေနဲ့ တူနေပြီ"

"ဖေဖေ့အတွက် ပြောတာကို မင်းက ရယ်စရာလား"

"အဲဒီလို ဂရုစိုက်နေရရင်လည်း အိမ်ထောင်ပြုပါလား





သားကြီး။ သားအရွယ်က အိမ်ထောင်ပြုဖို့ အချိန်တန်ပါပြီ၊ ဒီအိမ်မှာ အိမ်ရှင်မဆိုတဲ့နေရာကိုသာ ဖြည့်နိုင်ရင် ဖေဖေတို့အတွက် အကောင်းဆုံးပဲ မဟုတ်လား"

ညီညီက ထောက်ခံလိုက်သည်နှင့် ခေါင်းကို ဆတ်ခနဲ ညိတ်လိုက်ပါ၏။ အလို! ... ဒါက သဘောတူတာပေါ့လေ။ တကယ်ဆို ထုံးစံအတိုင်း သူ့ကို မနာလိုဖြစ်ပြီး ကန့်ကွက်စကားမျိုး ပြောရမှာပါ။ အခုတော့ဖြင့် သူ့ အိမ်ထောင်ပြုဖို့ကို တစ်တပ်တစ်အားနှယ် ထောက်ခံနေပါရောလား။ ထူးဆန်းလေစွ။

"ဖြည်းဖြည်းပေါ့ ဖေဖေ ... နောက်တော့ပေါ့"

"နောက်တော့ဆိုတာ ဘယ်လောက်ကြာမှာလဲ၊ သားတို့ တွဲလာတာ သက်တမ်း (၃) နှစ်ကျော်ပြီ မဟုတ်လား"

မဆာဘဲ စားဖြစ်သည့် ထမင်းက လျှာပေါ်မှာ အရသာမဲ့သွားရပါ၏။ အလုပ်ကိုယ်စီနှင့်မို့ သားအဖတွေ အေးအေးဆေးဆေး စကားပြောချိန်မရပါ။ ညစာစားချိန် (သူ Night duty မရှိချိန်) မှာပင် မျက်နှာစုံညီပြောရပါ၏။ မေမေမရှိတော့သည့် နောက်ပိုင်း ဤသို့ သူတို့စကားမပြောဖြစ်တာ အဘယ်မျှ ကြာနေပြီလဲ။

ဖေဖေ့အမေးကို ပြန်မဖြေဖြစ်ဘဲ သူ ငြိမ်နေမိ၏။ ထမင်း



www.burmeseclassic.com

www.burmeseclassic.com



ပန်းကန်ထဲ ရေပ်သီးစိမ်းတွေ ချွေထည့်စားနေသည့် ညီညီကြောင့် တို့စရာပန်းကန်ကို အဝေးသို့ သူ ရွှေ့လိုက်ပါသည်။ မတည့်တာကို ပိုမက်သည့် ညီညီ့အကျင့်ကြောင့်လည်း ခက်ပါရဲ့။

"ကိုကို"

"မစားနဲ့တော့လေ၊ အခုတောင် ဗိုက်ထဲကို (၁၀) တောင့်လောက် ဝင်ပြီးနေပြီ"

"အစပ်မှ မပါတာကို . . . ခရမ်းချဉ်သီးနဲ့ ငါးငပိချက်ကလည်း ချိုနေတယ်"

"ဒီတိုင်းစားပေါ့"

"ကိုကိုကလည်းဗျာ၊ အစားလေးတောင်မှပဲ"

"အစာအိမ်နဲ့ အူအတက်ပေါက်လို့ အချိန်မီ ဆေးရုံမရောက်ရင် ဘာဖြစ်မလဲ တွေး"

ဖေဖေက သူတို့ညီအစ်ကိုကို တစ်ချက်ကြည့်လိုက်ပါ၏ ရန်ဖြစ်တာမျိုး၊ စကားများတာမျိုး မဟုတ်ဘဲ ညီကို ကလေးနှယ် သူ ပြောနေမှန်း ဖေဖေ မြင်မှာပါ။ လူကြီးစကားကို အလေးအနက်မထား သလိုဖြစ်မှာစိုး၍ ဖေဖေ့အမေးကို သူ ပြန်ဖြေလိုက်ရပါ၏။

"ကျွန်တော် တိုင်ပင်ကြည့်ပါ့မယ် ဖေဖေ"





"သားကြီး"

"ခင်ဗျာ"

"မေရှင်းသန့်နဲ့ အဆင်ရောပြေရဲ့လား"

ညီညီ့အကြည့်ကပါ သူ့ထံသို့ ရောက်လာလေ၏။ ဟန်မပျက်ကျွေးဆည်လိုက်ပေမယ့် ကိုယ့်ကို မွေးထားပါသည့် ဖခင်ရှေ့မှာ ဖုံးကွယ်သိုဝှက်နိုင်ပါ့မလား။ ရင်မောရလေစွ။ ဖေဖေနှင့်အကြည့်မဆုံ ချင်သဖြင့် သောက်ရေငွဲသောက်မိလေ၏။

"ဒီလိုပါပဲ"

"သုံးနှစ်သုံးမိုးဆိုတာ ဖေဖေတို့ခေတ်မှာပဲ စောင့်ရတာမျိုးကွ၊ သားတို့ပုံစံက မဟုတ်သေးဘူး"

"စိတ်ကောက်နေကြတာလား၊ ခါတိုင်းဆို ည (၉) နာရီတိုင်း ကိုကို phone ပြောတာ မြင်နေကျ၊ အခုတလော မဆက်သွယ်ဖြစ်ကြပုံပဲ"

"ဟုတ်လား သား"

မေးနေပြီကော မေ၊ အဖြေက နတ္ထိပလာပါပဲ။ လမ်းခွဲပြီးမှတော့ ရှေ့ဆက်ဘာလုပ်နိုင်မှာလဲ၊ ဘယ်လိုပဲ ဟန်ဆောင်ပါစေ မိသားစုရှေ့မှာ မဖုံးနိုင်ပါလား၊ အထူးသဖြင့် ဖေဖေ ရိပ်မိနေခြင်းက



www.burmeseclassic.com

www.burmeseclassic.com



သူ့ကို နေ့ရက်စေတာ အမှန်ပါ။

"ကျွန်တော်တို့ ကတောက်ကဆ ဖြစ်ထားလို့ပါ ဖေဖေ"

"ဘယ်လို"

"နည်းနည်းပါ ... နောက်တော့ ပြေလည်ပါလိမ့်မယ်"

"သေချာလည်း ညှိကြဦး။ ဖေဖေကတော့ ဒီနှစ်ထဲမှာပဲ သားကို မင်္ဂလာတစ်ခါတည်း ဆောင်စေချင်တယ်"

သူ နှုတ်ဆိတ်သွားရပါ၏။ ဒီနှစ်ထဲတဲ့လား။ ကိုယ်တို့နှစ်ယောက်ဆုံဖို့ အကြောင်းဖန်လာပြီကော မေ။

❁ ❁ ❁



## အခန်း (၅)

ရေချိုးခန်းထဲမှ ထွက်စဉ် အပြင်မှာ စောင့်နေသည့် ကိုကိုနှင့် ဆုံလေ၏။ ဒီမနက်မှ နောက်ကျသည့် ကိုကို့မျက်နှာက အတော်လေး ညှိုးနေသလိုပါပဲ။ ညက တော်တော်နှင့် အိပ်မပျော်ပုံရပါသည်။ အတွေးတွေများနေပြီ ထင်ပါရဲ့။

"ကိုကို"

"ဘာလဲ ... ပြောစရာရှိတာ နောက်မှပြောတော့ ငါ နောက်ကျနေပြီ"

"မျက်ကွင်းညှိုနေတယ်"



www.burmeseclassic.com

www.burmeseclassic.com



"သိတယ်"

သူ့ကိုယ်က birthday ထဲ ဝင်သွားပြီးမှ ဘာမှထပ်မပြောဖြစ်တော့ပါ။ ခန္ဓာကိုယ်ပေါ်မှ ရေစက်တို့ကို သုတ်ရင်း အိပ်ခန်းတွင်း ဝင်လိုက်ပါ၏။ တကယ်တမ်း အတွေးများနေတာက သူပါ။ ခေါင်းထဲမှာ ပဟေဠိတွေက တစ်သီတစ်တန်းကြီးပါပဲ။

ကုမ္ပဏီမှာတုန်းက သူတို့ညီအစ်ကို မသိအောင် လူရှာနေတဲ့ ဖေဖေ။ မိန်းကလေးအခေါင်တဲ့လား။ ဒါဖြင့် လူငယ် မိန်းမငယ်လေးကို ရှာတာပေါ့။ ဘယ်သူလဲ၊ ဘယ်ကလဲ၊ ဖေဖေနဲ့ ဘာများ တော်စပ်နေလို့လဲ။ ဘာကိစ္စနဲ့ သူ ဒီအရွယ်ရောက်တော့မှ ရှာနိုင်းရတာပါလဲ။

နောက်တစ်ခုက ကိုကို့ကို မြန်မြန်မင်္ဂလာဆောင်စေချင်တာပါ။ အိမ်ခွဲချင်ခွဲလည်း သူတစ်ယောက်လုံး ရှိနေမှာ မဟုတ်လား။ ဒါဖြင့် အဲဒီကလေးမကို ရှာတဲ့ကိစ္စက ဘာသဘောများလဲ။ ဘုရားရေ ... မဟုတ်မှလွဲရော အဲဒီကောင်မလေးက ဖေဖေ့ရဲ့တရားမဝင်ဇနီးနဲ့ရတဲ့ ကလေးများလား။

မဖြစ်နိုင်တာ။ သူကြီးပြင်းလာရသည့် သက်တမ်းတစ်လျှောက် ဖေဖေ့ကို မိန်းမကိစ္စနှင့် ပတ်သက်ပြီး နာမည်ထွက်တာမျိုး တစ်ခါ





မရှိခဲ့တာပဲ။ မေမေဆုံးပြီးမှ ဒီလိုလူရှာတာကရော ဘာကြောင့်များပါလိမ့်။

အလို! ... သူ တစ်သက်လုံး ထင်မထားခဲ့သည့်ကိစ္စက ဖြစ်များ ဖြစ်လာပြီလား။ မှန်ထဲမှာ ကိုယ့်ကိုယ်ကိုယ် ပြန်ကြည့်နေမိ၏။ ဒီရုပ်ရည်၊ ဒီအသားရောင်၊ ဒီအရပ်အမောင်းတို့က ကိုကိုနှင့်ရော၊ ဖေဖေနှင့်ပါ နည်းနည်းမှ မတူနေတာမို့ပါပဲ။

မွေးစားထားတာလားဟူသည့် သံသယက ရင်ထဲမှာ ပိုပြီး နိုင်မာလာသည်နှယ်ပါ။ သို့တည်းမဟုတ် ဆေးရုံမှာ မွေးစဉ်ကများ ကလေးချင်း မှားခဲ့တာများလား။ မှားလျှင်လည်း ယောကျ်ားလေးချင်းသာ မှားရမှာပေါ့။ အခုတော့ မိန်းကလေးတဲ့။

ခေါင်းထဲ ရီဝေဝေဖြစ်လာတော့၏။ ဖေဖေ့ကို ဖွင့်မေးချင်ပေမယ့် "အေး! ... ဟုတ်တယ်" ဆိုရင်ဖြင့် သူ ဗိုင်းခနဲ လဲကျတော့မှာ အမှန်ပါ။ ကိုကိုရော သိထားပါသလား။ သိမှာပေါ့။ သူ့ထက် (၆) နှစ်ကြီးသည့် ကိုကို့ကိုတော့ ဖေဖေ ပွင့်ပွင့်လင်းလင်း တိုင်ပင်မည် ထင်ပါ၏။

"ဒေါက်! ဒေါက်!"

"အရင်ပြီးတဲ့လူက အခုထိ ထွက်မလာသေးပါလား"



www.burmeseclassic.com

www.burmeseclassic.com



"လာပြီ"

ခပ်တိုတိုညှပ်ပြီးသွားသည့် ဆံပင်ပုံစံမို့ ဘီးဖြင့် မဖြီးတော့ဘဲ ဒီတိုင်း လက်နှင့်သာ အသာဖွလိုက်မိ၏။ ပုဆိုးကို သေချာပုံကျစေရန် ပြင်ဝတ်လိုက်ပါသည်။ အခန်းထဲမှ ထွက်စဉ် ကိုကိုက လှေကားထိပ်ပင် ရောက်နေလေပြီ။

"ကိုကို"

"အင်း"

"ဘာမှမဟုတ်တော့ဘူး"

အသံလှမ်းပြုလိုက်တာမို့ ကိုကိုက ရပ်စောင့်နေပါ၏။ နှစ်ယောက်သား ယှဉ်လျှောက်၍ လှေကားမှ ဆင်းစဉ် လှေကားလက်ရန်းဘက်မှ (ကိုကိုက) သူ့ကို ဆင်းစေလေသည်။ သူ ချော်ကျမှာကို ကြိုတင်ကာကွယ်လိုစိတ်နဲ့များလား။

"ဘာဖြစ်လို့လဲ ... စောစောက မျက်နှာကြည်နေပြီးတော့"

"ဟင့်အင်း"

"နေမကောင်းရင် မကောင်းဘူး ပြောနော်၊ မြှုမနေနဲ့"

"အင်းပါ"

ပန်းပေါ် လက်တင်ဖက်လိုက်သည့် ကိုကို့လက်ချောင်းတို့က





သေးသွယ်ပြီး ဖြူဝင်းနေတာပါ။ အကျီအဖြူ အမြဲတမ်းနီးပါး ဝတ်လေ့ရှိတာမို့ ပိုပြီး ဝင်းပနေသလိုပါပဲ။ သူကဖြင့် ညိုရသည့်အထဲ တွေ့ရာ ကောက်ဝတ်ကျင့်ရှိတာမို့ အသားရောင်က ပိုမှောင်နေသည့်နှယ်ပါ။

"လာ ... လာ ... ဖေဖေ ပြောစရာရှိတယ်"

ဟော! ... စလာပါပြီ။ ခါတိုင်းလည်း ပြောစရာရှိတာ ဖြစ်ပေမယ့် သူက သံသယရှိနေတာမို့ နားထဲမှာ လေတွေ တဟူးဟူး ထွက်လာသည့်နှယ် ထူပူသွားရလေ၏။ ဘာတွေပြောတော့မှာလဲ။ သူ့ရှေ့မှာ ပြောမှာမို့ သူ့ကို တရားဝင်သိစေချင်တဲ့သဘောပေါ့။ ဘုရားရေ! ... ဖေဖေတော့ ပွင့်ပွင့်လင်းလင်းကြီးကို ကြေငြာပါပေါ့လား။

"အား!"

"ဟာ! ... ဖြည်းဖြည်းသောက်လေ ညီရာ၊ ဘယ်လိုဖြစ်ရတာလဲ၊ မှန်း! ... ပူသွားပြီလား"

"ရပါတယ် ... သိပ်မပူပါဘူး"

လက်က အလိုလိုတုန်လာတာမို့ ကရားထဲမှ ကော်ဖီငှဲ့စဉ် ဘေးသို့ ဖိတ်စင်ကျသွားပါ၏။ ခွက်ကိုင်းကို ကိုင်ထားမိသည့် ဘယ်ဘက်လက်ခုံထက် ပူသွားတာ မှန်ပေမယ့် မပူဟန်ဆောင်လိုက်ရလေ



www.burmeseclassic.com

www.burmeseclassic.com



သည်။ ယောက်ျားဖြစ်ပြီး နွဲ့နေလို့ ဘယ်ဖြစ်ပါ့မလဲ။

"ဘယ်ကိုလဲ"

"လက်ပေသွားတာ ဆေးမလို့"

ခုံမှ ထရပ်ကာ ထွက်ခဲ့ပါ၏။ မီးဖိုခန်းဘေးစင်မှာ ရေဘုံပိုင်ခေါင်း ဖွင့်ချလျက် လက်ကို ခံထားလိုက်ပါ၏။ ခပ်ညိုညို အသားထက်နီနေတာတောင် ပေါ်နေပါရောလား။ ခြေသံကြားလိုက်တာနဲ့ လှည့်ကြည့်မိစဉ် ဖိုးကျော်ဖြစ်နေလေ၏။

"လိမ်းဆေးယူပေးရမလား အစ်ကိုလေး"

"နေပါစေ ရတယ်"

"ဖြစ်ပါ့မလား"

"ရပါတယ်ဆိုမှကွာ ... လျှာရှည်ပြန်ပြီ"

လက်သုတ်ပဝါဖြင့် ခပ်ဖွဖွသုတ်ရင်း ကော်ဖီဝိုင်းဆီ ပြန်ခဲ့စဉ်ဖေဖေနှင့် ကိုကိုက စကားတွေ ပြောနေလေပြီ။ သူ့မပါလည်း ဒီစကားဝိုင်းက ဖြစ်တာပဲလား။ လူက အလိုလို ဘေးရောက်သွားသည်နှယ်ပါ။ သားအရင်းမဟုတ်လို့ ဖယ်ထားတာများလား ဖေဖေရယ်။

"ဟုတ်တယ် သားရဲ့၊ မြွေမြင် ညပျောက်ဆိုတဲ့စကားလည်းရှိတာပဲ၊ တော်ကြာ မပြောကောင်း မဆိုကောင်း ဖေဖေ တိမ်းပါးခဲ့ရင်"





"ဟာ! ... ဖေဖေကလည်းဗျာ"

"သဘောကို ပြောတာပါ သားရာ"

"မေနွံမင်္ဂလာဆောင်ကိစ္စကိုတော့ ကျွန်တော် စဉ်းစားပေးနိုင်ပါတယ်၊ ဒါပေမဲ့ ... အမွေကိစ္စတော့ မလုပ်ချင်ဘူး"

"ကိုယ့်အိုး ကိုယ့်အိမ်နဲ့ ဖြစ်လာရင် ပိုင်ဆိုင်မှုက ရှိရမှာပေါ့ သားရယ်၊ အစောကြီးကတည်းက ဖြေရှင်းထားနိုင်မှ မိန်းကလေးဘက်ကလည်း သဘောကျမှာပေါ့"

"ဒါတော့ ဒါပေါ့ ... ဒါပေမဲ့"

"ဖေဖေ မသေခင် မြေးချီသွားပါရစေ သားရယ်"

ကိုကို့ထံမှ သက်ပြင်းရှိုက်သံ ထွက်လာသလို သူပါ မျက်နှာမှုက်သွားရပါ၏။ အမွေတဲ့လား။ သားအဖသုံးဦးရှိသည့်အနက်မှ သူကသေိရတဲ့လူတဲ့။ ဘာလဲ ... ကိုကို အိမ်ထောင်ကျတာနဲ့ သူ့ နုတ်ကအမွေခွဲပေးဖို့စကား ပြောထွက်လာမှာကို စိုးရိမ်လို့ ကြိုတင် လုပ်ဆောင်ကြတာများလား။ ဘာကြောင့်များပါလဲ ဖေဖေ။

"ကိုကိုက ... ကိုကိုက အိမ်ထောင်ပြုရင် အိမ်ခွဲနေမှာသား"

"ကြိုတွေးထားတာပါ သားရဲ့၊ မိန်းကလေးဘက်က



www.burmeseclassic.com

www.burmeseclassic.com



ယောက်ျားမတွေ့၊ မတ်တွေနဲ့ အတူမနေနိုင်တာ။ လွတ်လွတ်လပ်လပ် နေချင်တာမျိုးလည်း ရှိနိုင်တာပဲ"

"ဖေဖေပြောတော့ အိမ်ရှင်မ ခေါ်လာဆို"

သူ့စကားကြောင့် ဖေဖေရော ကိုကိုပါ ပြုံးလိုက်ကြလေ၏။ ကလေးဆန်သည်ဟုများ ထင်လေသလား။ အိမ်မှာ လူလျော့သွားလို့ ထပ်ဖြည့်ရမည့်အစား နောက်ထပ် လူထပ်လျော့တာကတော့ မေမြို့ တိုင်ပင်သင့်တာပေါ့။ ခုတော့ ကိုကို့ ဆွေးနွေးပွဲက ပြီးပြီတဲ့လား။

"ကျွန်တော်မှ မခွဲနိုင်တာ"

"မဟုတ်တာ လိုက်ရှုပ်မနေနဲ့"

"ကိုကိုက ကြည့်ပြောလေဗျာ"

"ဆောက်ဖြစ်မှ ကျောင်းအကာပါ ညီရာ၊ ပူပန်တတ်ရန်ကော"

"ဘာပဲဖြစ်ဖြစ် ကိုကိုက အိမ်ထောင်ဦးစီးလေ၊ ကိုကိုပြောတာကို သူ နာခံရမှာပေါ့ဗျ။ အိမ်မှာ 'လိုက်နေဆိုရင် ပြီးတာပဲ"

"အဲဒီလောက် ဘယ်လွယ်ပါ့မလဲ သားငယ်ရာ၊ အိမ်ထောင်ပြုတာကို မင်း ငယ်ငယ်က ဘောလုံးကန်သလိုများ ထင်နေလား"

ရင်ထဲမှာ ပူတာက ပူနေတုန်းပါပဲ။ ဘာမှရေရေရာရာ မသိ





ပါဘဲ မတင်မကျကြီးဖြင့် ရင်ဆို့နေသလိုပါ။ ငယ်စဉ်က ဘောလုံးကန်တိုင်း သူကန်သည့် ဘောလုံးက တခြားဘက်ချည်း ရောက်သွားပေမယ့် ကိုကိုကန်သည့်ဘောလုံးတိုင်း သူ့ထံ အလိုလိုရောက်လာတာ မဟုတ်ပါလား။

အခုလို ဘဝနဲ့ သက်ဆိုင်သည့် ကိစ္စမှာ ကိုကို့ဘက်က သူ့ကို လိုက်လျောဖို့က မဖြစ်နိုင်တာလေ။ ညီညီ့ဆန္ဒ ညီညီ့သဘောဟူသည့် ကိုကို့အပြုံးက သူ မူလတန်းအရွယ်မှာသာ လိုက်လျောခဲ့တာပါ။ အခြေအနေက အတော်လေးကို ကြာလွန်းခဲ့ပြီပဲ။

"မျက်နှာက ဘာဖြစ်နေရပြန်တာလဲ၊ အစ်ကို မိန်းမယူမယ် ဆိုတာနဲ့ မနာလိုဖြစ်ရပြန်ပြီ၊ အားကျလို့လား"

"မဟုတ်ပါဘူး"

"ဟုတ်လည်း ခွင့်မပြုနိုင်ပါဘူး။ ခုမှ (၂၂) နှစ် ရှိသေးတာ၊ အိမ်ထောင်ပြုချင်ရင် နောက် (၃) နှစ်ကျော်မှ စဉ်းစား"

"ဖေဖေကလည်းဗျာ"

"အမှန်ပြောနေတာလေ၊ နေဦး . . . ပြောလက်စနဲ့ ပြောရဦးမယ်၊ ကုမ္ပဏီမှာ မင်းနဲ့ အတူတူ အလုပ်စဆင်းတဲ့ ကလေးမလေး နာမည်က ဘယ်သူ"



www.burmeseclassic.com

www.burmeseclassic.com



"မိဝါလား . . . ဝင့်ဝါဖူးပါ"

"အေး . . . ဝင့်ဝါဖူးပဲဖြစ်ဖြစ် ဝင့်ဝါပွင့်ပဲဖြစ်ဖြစ် အဲဒီချာတိတ်မနဲ့ ဝေးဝေးနေစမ်း။ မြင်လိုက်တိုင်း ပရောပရီနဲ့"

"သူငယ်ချင်းတွေပါ ဖေဖေရဲ့"

"သူငယ်ချင်းဆိုလည်း အဲဒီအဆင့်မှာပဲရပ်၊ အဆင့်ထပ်တက်ဖို့ မစဉ်းစားနဲ့"

"ဘာဖြစ်လို့လဲ"

"အဖေပြောရင် ဟုတ်ကဲ့ပဲ ပြန်ပြောမှပေါ့၊ ဘယ့်နှယ် Question က ပြန်ထုတ်ရတာလဲ၊ မသိလို့ မေးနေတာလား"

ဖေဖေ မျက်နှာတည်ကြီးဖြင့် ပြောနေတာမို့ သူ ငြိမ်နေမိပါ၏။ မျက်နှာကလည်း လိုက်ပုပ်၏။ ကိုကို့ကျ အိမ်ထောင်ပြုဆိုပြီး သူ့ကိုဖြင့် မိန်းကလေးသူငယ်ချင်းတောင် မထားစေချင်ပုံပါလား။ ဖေဖေတော့ မတရားသဖြင့် စီရင်ခန်းတွေ စလာချေပြီ။

"မိဝါက ယင်ယင်ကတည်းက ပေါင်းလာတဲ့ ဘော်ဒါပါ ဖေဖေရဲ့"

"ကျစ်! ဒီလောက် ပြောနေတာတောင် ဆတ်ဆတ်ထိမခံပဲလား။ ပြောစမ်း! . . . အဲဒီကောင်မလေးနဲ့ ကြိုက်များ ကြိုက်နေပြီလား





မင်းသွင်ခန့်"

"အာ . . . မကြိုက်ပါဘူး"

"မဟုတ်ရင် ဝေးဝေးနေ၊ ကင်းကင်းနေ . . . ဒါပဲ၊ နောက်မှ ဟိုဟိုဒီဒီက အသံထွက်လာလို့ကတော့ မလွယ်ဘူးမှတ်"

သူ နားမလည်ပါ။ ယင်ယင်ကလည်း ကျောင်းအတူတူ၊ တက္ကသိုလ်တက်တော့လည်း Major တူ ဘွဲ့ယူခဲ့သည့် သူငယ်ချင်းကို ဝေးဝေးနေတဲ့၊ ရပ့်မလား။ ဘာဖြစ်လို့ပါလဲ၊ ဖေဖေ့သဘောကို ဘယ်လိုမှ နားမလည်တာမို့ အူကြောင်ကြောင် ဖြစ်နေရလေ၏။

"သိပ်တွေမနေနဲ့၊ ခေါင်းပေါက်သွားဦးမယ်"

"မိဝါက ဘာဖြစ်လို့လဲ"

"ညီ မကြိုက်ဘူး မဟုတ်လား"

"အင်းလေ"

"ဒါဆို ပြီးရော်ပေါ့"

"မဟုတ်သေးပါဘူး . . . ဖေဖေပြောတာကို နားမလည်တာ"

"မောင်နှမများလို့ တားတာဖြစ်ချင်ဖြစ်မှာပေါ့"

ဖေဖေက အရင်ထသွားပြီမို့ ကိုကိုက သူ့ပခုံးကို တစ်ချက်ပုတ်ကာ ထသွားလေတော့၏။ မောင်နှမများလို့တဲ့လား။ မဖြစ်နိုင်ပါ။



www.burmeseclassic.com

www.burmeseclassic.com



မိဝါတို့က မောင်နှမ (၃) ယောက်တည်းသာ ရှိတာပါ။ ဒါကို မှားသတဲ့လား။ ဘာဆိုဘာမှ သူ နားမလည်တော့ပါချေ။

ရင်တွင်းမှ အစိုင်အခဲက ပို၍နင့်သည်းလာရသည့်နှယ်ပါ။ မျက်ရည်တို့က အလိုလို ရစ်ဝိုင်းလာရလေ၏။ မွေးစားသားဟူသည့် အတွေးက ပို၍ခိုင်မာလာသည့်နှယ်ပါ။ သားအရင်းမဟုတ်တာမို့ အိမ်ထောင်ပြုမှာ အမွေပေးရမှာကို ဖေဖေ မလိုလားဘူး ထင်ပါရဲ့။

ကျွန်တော် ရင်နာရတာ အမှန်ပါ ဖေဖေ။

❀ ❀ ❀



## အခန်း (၆)

"ခဏလေး"

Lift တံခါးပိတ်ခါနီးမှ သူ လှမ်းတားကာ အမြန်ဝင်လိုက်မိ၏။ အထဲမှာ သုံးလေးယောက် ရှိနေမှန်း သိလိုက်တာမို့ ဘေးဘက်ကပ်၍ ရပ်စဉ် သူ့လက်မောင်းက ဘေးမှလူကို တိုက်မိသလိုဖြစ်သွားရပါသည်။ အားနာစိတ်ဖြင့် တောင်းပန်ရန် ရှုကြည့်မိစဉ် ခပ်ရှုးရှုးအကြည့်နှင့် ဆုံသွားရလေ၏။

"Sorry! ဪ ... မေ"

"Morning, Doctor"



www.burmeseclassic.com

www.burmeseclassic.com



"Morning ပါ, မမှယာ"

"နေရောကောင်းရဲ့လား။ မျက်ကွင်းတွေ ညိုနေသလားလို့"

"ဟုတ်ကဲ့ . . . ညက အိပ်ရေးပျက်သွားလို့ ဖြစ်မှာပါ"

"ဪ"

ဘေးမှာရှိနေသည့် သူမနှင့် စကားတစ်ခွန်းမှ မပြောဖြစ်ဘဲ ဟိုဘက်မှာရပ်နေသည့် ဆရာဝန်မနှင့်သာ လှမ်းပြောနေတာမို့ စိတ်ပိုပြီးတိုနေပြီလား။ အချင်းချင်း မျက်စပစ် မေးဆတ်ပြလိုက်သည်က သူမကိုမို့ သူက မပွင့်တပွင့် ပြုံးရင်း ခေါင်းခါပြလိုက်မိပါသည်။ သူတို့နှစ်ယောက်ကိစ္စက တစ်ဆေးရုံလုံး အသိကို။

Lift ထဲမှ ထွက်စဉ် ဒေါက်တာမှယာနှင့် ဒေါက်တာ ဝါဝါမြင့်က အရင်ဆုံးထွက်သွားလေ၏။ သူနှင့်မေက နောက်မှ အတူလိုက်သလိုဖြစ်သွားသဖြင့် မှာ ခြေလှမ်းတူနေပါသည်။ စိတ်တိုနေသည့်မေက သူ့ကို ဆတ်ခနဲမော့ကြည့်လိုက်လေ၏။ (မေက သူ့ပခုံးထက် အနည်းငယ်သာ မြင့်သည့် အရပ်အမောင်း ၅ ပေ ၅ လက်မခန့်သာ ရှိပါသည်)

"ဒီမှာ"

"ကိုယ်နဲ့ စကားအေးအေးဆေးဆေး ပြောဖို့ အချိန်ပေးပါ





မေ"

"ဘာ!"

ခြေလှမ်းရပ်သွားသဖြင့် သူပါ ရပ်လိုက်ရပါ၏။ ဒေါသကိုဆွသလိုများ ဖြစ်နေပြီလား။ ဒီလိုမှ အရဲမကိုးလျှင်လည်း မဖြစ်ပါချေ။ မေမေက သူနှင့်မေ့ကို ဒီနှစ်ထဲမှာပဲ လက်ထပ်စေချင်လို့ ပြောပြီးပြီ မဟုတ်ပါလား။

"ရှင်ပြောချင်သလို ပြောလို့ရမယ်များ ထင်နေလား . . . ကိုမင်းထင်ခန့်ရဲ့၊ လူကို အဲဒီလောက်ထိ အထင်သေးတယ်ပေါ့လေ"

"မဟုတ်ရပါဘူး မေရယ်"

"ဘာမဟုတ်ဘူးလဲ . . . ရှင် ကျွန်မအပေါ် ဆက်ဆံတဲ့ပုံစံကလုံးဝမဟုတ်သေးဘူး ကိုမင်းထင်ခန့်"

"မေ"

"မခေါ်ပါနဲ့ . . . မကြိုက်ဘူး"

"ကျစ် မေကလည်းကွာ . . . ကိုယ်စကား အပြောတတ်မှန်းလည်း သိသားနဲ့"

"သိတယ် . . . သိတယ်၊ သိလွန်းလို့ကို ခက်နေတာ၊ စိတ်ညည်းလည်းခံနေတာ သိသိကြီးနဲ့ ရှင်မို့လို့ ပစ်ပစ်ခါခါ ပြောတတ်တာ၊



www.burmeseclassic.com

www.burmeseclassic.com



တောက်! . . . ပြောရင်း ဒေါသဖြစ်လာပြန်ပြီ"

"ဟုတ်ပါတယ်၊ အဲဒီနေ့က ကိုယ်မှားသွားပါတယ်၊ Sorry ပါ, မေ၊ ကိုယ့်မှာ stress များနေတာ မေ အသိဆုံးပါ"

"မသိပါဘူး . . . ဘာမှမသိချင်တော့ဘူး။ ရှင်နဲ့ပတ်သက်ခဲ့သမျှ အားလုံးကို မေ့ထားလိုက်ပြီ၊ မေ့နိုင်အောင်လည်း ကြိုးစားနေတယ်"

"မေ"

"ဖယ် . . . လွှတ်နော်"

မလွှတ်တော့ပါဘူး၊ တစ်ခါမှ ခွင့်မတောင်းဘဲ မကိုင်ခဲ့ဖူးသည့် သူမ လက်တစ်ဖက်ကို လှမ်းဆွဲထားလိုက်မိ၏။ ထိုသို့မဟုတ်ပါက သူ့အနားမှ သူမ ထွက်သွားတော့မည်ကို။ လက်ကောက်ဝတ်နေရာကို ကိုင်ထားသည့်လက်က မြဲနေတာမို့ သူမ ရုန်းလို့မရပါချေ။ ယောကျ်ားအားနဲ့မိန်းမအားက ဘယ်ယှဉ်လို့ ရနိုင်ပါမည်နည်း။

"ကတိပေးရင် လွှတ်မယ်"

"ဘာပြောတယ်"

"ကိုယ်နဲ့ အေးအေးဆေးဆေး ဆွေးနွေးဖို့လေ"

"မပေးနိုင်ဘူး၊ ရှင်တောင် မပေးနိုင်တဲ့ကတိမျိုး မေက





ဘာကိစ္စနဲ့ ပေးရမှာလဲ၊ စဉ်းစဉ်းစားစားလည်း ပြောဦး"

"အဲဒီလိုပြောမှာမို့လို့ မေ့ဆီမှာ တွေ့ခွင့်တောင်းနေရတာပေါ့"

အထက်စီးဆန်သလိုများ ဖြစ်နေပြီထင်ပါရဲ့။ ခက်ပါလား။ သူက နဂိုကတည်းက စကားနည်းသလို ညီညီလို စကားက မကြွယ်ပါ။ မိန်းမသားဆိုတာ သူတို့ကို ကြင်ကြင်နာနာနဲ့ တီတီတာတာ ပြောတတ်သည့်ယောကျ်ားသားတွေကိုသာ နှစ်သက်လိုလားကြမှန်း သူ သိထားပါ၏။

ခက်တာက သူက ဟန်ဆောင်ပန်ဆောင်နဲ့ လိမ်ညာတတ်သည့်လူမှ မဟုတ်ပါချေ။ အတော်ကြာကြာအထိ ကိုင်ထားမိတာမို့ လက်နာ၍ထင့်။ မေ့မျက်ဝန်းမှာ မျက်ရည်တို့ ရစ်သိုင်းလာလေသည်။ အားနာမိတာက တစ်ကြောင်း၊ သနားလာမိတာကြောင့်မို့ သူ လက်လျှော့ကာ သူမကို လွှတ်ပေးလိုက်ရပါ၏။

"မေ"

"မခေါ်နဲ့၊ ရှင့်နှုတ်က တရင်းတနှီးထွက်လာတဲ့ အသံမျိုးမကြားချင်ဘူး"

"ဒါဖြင့် ကိုယ်က ဘယ်လိုခေါ်ရမှာလဲ၊ ဒီလိုပဲ တစ်ယောက်ကို



www.burmeseclassic.com

www.burmeseclassic.com



ခေါ်လာတဲ့ဟာကို"

"ဘယ်လိုမှမခေါ်နဲ့ ခပ်ကင်းကင်းနေစမ်းပါ ကိုမင်းထင်ခန့်ရဲ့"

"ကိုယ်မှမနေနိုင်တာ မေရဲ့"

"ရှင်ပြောတော့ duty ချိန်မှာ ကိုယ်ရေးကိုယ်တာတွေ မပြောဘူးဆို"

"ဟုတ်တယ်လေ၊ အဲဒါကြောင့်လည်း မေ့ကို သီးသန့်တွေ့ဖို့ ပြောတာပေါ့"

"ဩော် . . . ရှင့်အလှည့်တုန်းက မေ ဒီလိုပြောတာ လက်သင့်ခံခဲ့ဖူးလို့လား။ ပြောပါဦး"

"အဲဒါက. . . "

"အတွဲအလှည့်ဆိုတာရှိမှန်း ရှင်သိပါတယ်၊ ရှင်ပြောတာနဲ့ ပျော့ပြီး ပါလာလိမ့်မယ် မထင်လေနဲ့၊ မေရှင်းသန့်က အမာစားပဲ"

မျက်စောင်းခဲပြကာ လှည့်ထွက်သွားပါသည့် မေကြောင့် သူ သက်ပြင်းရှိုက်လိုက်မိပါ၏။ အခန့်မသင့်လို့ ကတောက်ကဆဖြစ်ခဲ့တာလေးကို မေ အငြိုးထားလေသလား။ တကယ်ဆို ချစ်သူသက်တမ်း နှစ်နှစ်ကျော်ကာလမှာ သူ့ ရင်တွင်းမှ ခံစားချက်ကို အခုထိ မသိသေး





တာလား မေ။

နားနေခန်းရောက်စဉ် မေက မြတ်နိုးထိုင်နေသည့် ခုံနားသွားသဖြင့် ကျော်ဇေက သူ့ကို မျက်ခုံးပင့်ပြလေ၏။ သူနဲ့မေ အခုထိ စကားများတဲ့ကိစ္စက မပြီးသေးတာကို သိနေကြတာ မဟုတ်ပါလား။ မျက်နှာစူပုတ်နေပေမယ့်အလှက လျော့ပါးမသွားပါချေ။

"ဘယ်လိုလဲ . . . ခုထိ မပြေလည်ကြသေးဘူးလား"

"ပြေလည်စရာလား။ မတွေ့ချင် မမြင်ချင်တဲ့မျက်နှာကို နေ့တိုင်းတွေ့နေရတဲ့ဒုက္ခက မြန်မြန်လွတ်ချင်လှပြီ၊ တကယ်ပါပဲ"

"ကြားလား ကိုမင်းထင်၊ မေ့ဘက်ကတော့ ခုထိ green colour ပဲ"

"မေသာ လေစိမ်းတွေ တိုက်နေတာပါဗျာ"

"ဒါဖြင့် ကိုမင်းထင်ဘက်က အလံဖြူပြပြီဆိုတဲ့သဘောပေါ့လေ"

"ဆိုပါတော့"

တိုက်ပွဲဖြစ်တာတော့ မဟုတ်ပေမယ့် နှစ်ဦးနှစ်ဖက် မပြေလည်သည့်ကိစ္စမှာ ကြားလူ ဖြေရှင်းပေးလျှင် လွယ်တတ်ပါ၏။ အခုလည်း October မှာ မင်္ဂလာဆောင်တော့မည့် သူငယ်ချင်းစုံတွဲကို



www.burmeseclassic.com

www.burmeseclassic.com



သူ့ အကူအညီမတောင်းမဖြစ် တောင်းရပေတော့မည်။ မိန်းမတွေရဲ့ စိတ်ကို ဖတ်ရတာ Dictionary လှန်ရသည့်နှယ် ခက်ခဲလှပါလားနော်။ စကားလုံးတွေ အများကြီးနဲ့ သူ့ကို ဖွင့်သတ်နိုင်တာ မဟုတ်ပါလား။

ပြေရာပြေကြောင်း ပြောပေးကြသော်ငြား တင်းနေပါသည့် မေ့မျက်နှာက မလျော့သေးပါချေ။ မာနကို ထိမိုက်သတဲ့လား။ မိသားစု အခြေအနေကြောင့် စိတ်ကို မနည်းအနည်းထိုင်အောင် ငြိမ်နေရတာကို မေမှ မသိတာကိုး။ အချစ်ဆိုတာ စိတ်ရှုပ်စရာကြီးဟု ညီညီ မကြာခဏ ရေရွတ်တတ်တာက မှန်များ မှန်နေပြီလား။

“တွေ့လား . . . ပြောပုံကိုက”

“မေကလည်းဗျာ . . . မင်းထင်အကြောင်း အသိဆုံးကို”

“ရှင်တို့စုံတွဲက ရှေ့နေခ ဘယ်လောက်များ ရထားလို့ သူ့ဘက်က ဝင်ပြောနေရတာလဲ၊ မေ မမုန်းချင်ဘူးနော်”

သူ မရဲတရဲ ပြုံးလိုက်မိ၏။ မမုန်းချင်ဘူးဆိုပဲ။ ဒါဖြင့် မုန်းတော့ မမုန်းသေးဘူးပေါ့။ ဒီလောက်ဆို အခြေအနေ သိပ်မဆိုးလှပါ။ စိတ်ဆိုးစိတ်ကောက်ဟူသည့် ကလေးဆန်သည့် အပြုအမူမျိုးကို မေ တစ်ကြိမ်တစ်ခါမှ မလုပ်ဖူးတာမို့ မည်သို့ စိတ်ပြေအောင် ချော့ရမည်ကို သူ မသိပါ။ တော်းဟု ထင်လည်း ထင်လိုက်ပါ မေ။





“အဲဒီလောက်ကြီး မတင်းထားပါနဲ့ဟာယ်၊ တော်ကြာ ပြုတ်ကျန်တော့မှာပဲ”

“ပြုတ်လည်း အေးရောပေါ့၊ စိတ်ရှုပ်ရ သက်သာတယ်”

“မေကလည်းကွာ၊ ကိုယ်ပြောပြီးပြီပဲကို ခွင့်လွှတ်ပေးပါတော့”

“မရပါဘူး။ ရှင် တစ်ခွန်းပြောရုံနဲ့ မေ အလျှော့ပေးလိုက်ရင် တစ်သက်လုံး အနိုင်ခံသွားရတော့မှာ၊ ဒီလိုတော့ အဖြစ်မခံနိုင်ဘူး”

“ကိုယ်တို့ကိစ္စက အဲဒီလောက်ကြီး ဆွဲဆန့်လို့ရသလား။ ဘယ်အချိန်ထိ ချော့နေရမှာလဲ”

“မချော့ပါနဲ့၊ ရှင်ချော့တာခံချင်လို့ ဟန်ဆောင်ပန်ဆောင် စိတ်ကောက်ပြနေတာလို့များ ထင်နေသလား ကိုမင်းထင်ခန့်ရဲ့၊ မေက အရှိကို အရှိအတိုင်းပဲ ပြောဆိုတတ်တာ ရှင် သိပါတယ်၊ မေတို့က ခပ်ရှင်းရှင်းပဲ”

“ဒါဖြင့် ကိုယ်က ရှုပ်တယ်ဆိုတဲ့သဘောပေါ့လေ”

“ဒါတော့ ရှင့်ကိုယ်ရှင် သိပေါ့”

မေက ဒီနေ့ တာဝန်ထမ်းဆောင်ရမည့် အစီအစဉ်ဇယား (Schedule) ကပ်ထားရာ နံရံကို လက်ညှိုးဖြင့် ထောက်ရင်း ဖတ်လိုက်လေ၏။ လူကို အသစ်တွေ့နေပုံး နောက်ဘပ်တစ်ပေါက်



www.burmeseclassic.com

www.burmeseclassic.com



ယောက်နဲ့ တွဲနေသလိုပုံစံမျိုးနဲ့ ဖွဲ့ရတယ်လို့။ သူက မျက်နှာများတတ်သည့်လူ မဟုတ်မှန်း မေ အသိဆုံးဖြစ်ပါ၏။

"ကြည့်စမ်း! ... Schedule ကို ဘယ်လိုစွဲလိုက်ကြတာလဲ မေ သူနဲ့ Operation အတူတူ မလုပ်နိုင်ဘူး"

"Duty is duty ပါ မေရှင်းသန့်၊ တာဝန်ကို ရှောင်လွှဲလို့ ဘယ်ရပါ့မလဲ"

"အဲဒါ ... ကိုဇေတို့ သက်သက်ညစ်တာပဲဖြစ်မှာ"

"နေရင်းထိုင်ရင်း အမှုက လာပတ်နေပြန်ပါပြီ၊ မီးပွားစဉ်မယ် မြတ်နိုးရေ ... လစ်ကြစို့"

"ဟုတ်ပဲ့"

"ကိုဇေ ... မြတ်နိုး"

အားလုံး တာဝန်ချိန်မို့ အသီးသီး ဌာနဆိုင်ရာနေရာသို့ ထွက်သွားကြလေတော့၏။ တကယ်လည်း ဒီနေ့ဦးဆုံး နှလုံးခွဲရမည့် List ထဲမှာ သူနှင့်မေ အပါအဝင် ဆရာဝန်လေးဦးအမည်ကို ရေးစွဲထားလေသည်။ ခွဲခန်းအတူတူဝင်ရမည့် ဒေါက်တာပနှင့် ဒေါက်တာမှူယာကို ဒီကပဲ စောင့်ရမှာမို့ အခန်းထဲမှာ သူနှင့်မေသာ ကျန်ရစ်ခဲ့ရပါ၏။





"မေ"

မေက မကြားဟန်ပြုကာ ခုံမှာ ထိုင်ချလိုက်လေ၏။ စိတ်မကြည်လင်ပါက အလုပ်လုပ်ဆောင်ရာမှာ အနှောင့်အယှက်ဖြစ်တတ်တာ မေ အသိသားနဲ့ကွယ်။ ဘယ်အချိန်အထိ ဒီကိစ္စကို အဖုအထစ်နှယ် အမှတ်ထားနေဦးမှာပါလဲ။

"မေ"

"မကြားချင်ဘူး။ ဘာမှလာမပြောနဲ့"

"ဖေဖေပြောထားတဲ့စကားမို့ မေ့ကို ပြောပြမလို့ပါ"

မှတ်တမ်းစာအုပ်ကို လှန်ရင်း ဆက်မလှန်ဘဲ ရပ်တန့်သွားပါ၏။ နားစွင့်နေပုံပါပဲ။ ခုံနောက်ကျောကို လက်တင်လိုက်ပြီး သူ့လေသံ ခပ်တိုးတိုးဖြင့် ပြောနေသဖြင့် အာရုံစိုက်ရပုံပါ။ မျက်နှာချင်းဆိုင်ပြောပါက သူ ဘာပြောမှန်း သိနိုင်သော်ငြား ကျောပေးထားတာမို့ သူ့လေသံကို သိပ်မကြားနိုင်ပါ။

"ဒီနှစ်ထဲမှာ ကိုယ်တို့ Wedding ကို ဖြစ်စေချင်တယ်တဲ့၊ နေ့သဘောကတော့ November လား၊ ဒါမှမဟုတ် December လား။ တစ်ခုခုတော့ ဖေဖေ့ကို ပြန်ပြောမှဖြစ်မှာ"

အောက်နှုတ်ခမ်းကို အသာကိုက်လိုက်လေ၏။ မပြုံးမိအောင်



www.burmeseclassic.com

www.burmeseclassic.com



ထိန်းနေပုံပါပဲ။ သဘောကျလေသလား။ တရှူးရှူးဒေါသထွက်ပုံ မပြ
တာမို့ အခြေအနေက ကောင်းတဲ့ဘက်မှာ (80%) ခန့် ရှိနေပါသည်။
မဆိုးပါဘူး မင်းထင်ခန့်။

"ရှင့်ကို ဘယ်သူက ယူမယ်ပြောလို့လဲ"

"အဟမ်း! ... အဟမ်း!"

ပယနှင့် မှုယာက တမင်ချောင်းဟန့်သံပြုကာ ဝင်လာသဖြင့် သူ ခါးကို အမြန်ပြန်မတ်လိုက်ရပါ၏။ ဘယ်လိုဘယ်ပုံ ထင်မြင်မည် မသိသော်ငြား မေ့ထံမှ အပြုံးနှင့် မျက်စောင်းလှလှလေးကိုတော့ သူ လက်ဆောင်ရလိုက်တာ အသေအချာပါပဲ။

❁ ❁ ❁



## အခန်း (၇)

စက်ဘီးကို လမ်းကြားထဲ ချိုးကွေ့ကာ ဝင်ခဲ့ပြီး အဆောင်ဝင်းတွင်း ဝင်လိုက်ပါ၏။ အဆောင်ဘေးရှိ ဂိုဒေါင်ရှေ့မှာ စက်ဘီးကို သော့ခတ်လိုက်ပါသည်။ ပြီးနောက် စက်ဘီးခြင်းထဲမှ ဝယ်လာသည့် ဆွည်းထုပ်ကို ယူကာ အဆောင်တွင်းသို့ လျှောက်ဝင်ခဲ့ပါ၏။

ကျောင်းတက်သူတွေ အလုပ်ဆင်းသူတွေသာ နေကြတာမို့ အဆောင်မှာ အမြဲတမ်း ဘယ်သူမှ မရှိကြပါချေ။ သူမ တစ်ယောက်သာ အဆောင်ပိုင်ရှင် အန်တီချိုဇော်ဟိုဝယ် ဒီဝယ် ခိုင်းစေသည့် တောက်တိုမယ်ရ အလုပ်သမားဖြစ်သလို လမ်းထိပ်ဈေးဆိုင် (ကုန်စုံဆိုင်) မှာ



www.burmeseclassic.com

www.burmeseclassic.com



အချိန်ပိုင်း ဝင်လုပ်သည့်သူမို့ ဟိုဟိုဒီဒီဖြင့် အဆောင်နေ ဝင်ထွက်များ
သည့် အဆောင်သူ ဖြစ်ပါ၏။

"သုသုလား"

"ရှန်! ... ဟုတ် အန်တီချို"

"ဆိုင်ပြန်သွားရဦးမှာလား"

"မသွားရတော့ဘူး အန်တီ၊ ဒီနေ့ တာဝန်က အဝယ်တော်
ပဲမို့ စောစောပြီးသွားတာ၊ အန်တီ ဘာခိုင်းမလို့လဲ"

"ခဏစောင့်ဦး။ ငါ ပြောစရာရှိတယ်"

"ဟုတ်!"

ရေချိုးခန်းထဲမှ လှမ်းပြောနေတာမို့ နားထောင်ရင်း ဝယ်လာ
သည့် ပစ္စည်းတို့ကို နေရာတကျ သိမ်းဆည်းပေးလိုက်ပါ၏။ ကြာဇံ
ထုပ်တွေ၊ ခေါက်ဆွဲထုပ်တွေ၊ ပဲနီလေး၊ ပဲဝါလေးအထုပ်တွေ၊ မဆလာ
အထုပ်ကြီးတို့ကို နံရံကပ်ဗီရိုအထပ်မှာ စီစီရီရီတင်လိုက်ပါသည်။

ကြက်သွန်နီ၊ ကြက်သွန်ဖြူ၊ ချင်း၊ အာလူးတို့ကို အဖုံး
ဆန်ကာကုံးတွေထဲ သူ့တောင်းနှင့်သူ ထည့်ကာ စင်ပေါ်ပြန်တင်လိုက်
ပါသည်။ ကြက်ဥနှင့်ဘဲဥ အထုပ်တွေကိုတော့ Plastic ဖြည့်ပြီး ခေါ်
သေတ္တာဖွင့်ကာ ဥထည့်ခွက်အကန့်တွေထဲမှာ ကြည့်ကောင်းအောင်





စီထည့်လိုက်ပါ၏။

ပြီးနောက် မီးဖိုခန်းထဲ အမြင်မတော်သေးသမျှ အလုပ်တို့ကို
ခပ်သွက်သွက်လေး လုပ်နေမိပါသည်။ သူမက မျက်စိရှေ့ အမြင်မ
တော်လျှင် မနေနိုင်၊ မထိုင်နိုင် ကူညီတတ်သူပါ။ လူကြီးတွေကို ကူညီ
တာ ကုသိုလ်ဖြစ်ပေမယ့် ရွယ်တူတွေကဖြင့် ခိုင်းဖတ်ဟု မြင်ကြမှန်း
စိတ်က သိနေပါ၏။

ခက်တာက သူမ၏အတွင်းစိတ်ကို လူမသိအောင် မည်သို့
ဖုံးထားနိုင်ပါ့မည်နည်း။ ဘာမဆို မိမိနာသည်ဟု မမြင်ဘဲ သူတစ်ပါး
အကူအညီဖြစ်လျှင် ကျေနပ်ကြည်နူးနေတတ်သည့် ပရဟိတစိတ်က
မွေးလာကတည်းက ပါလာတာကိုး။ မည်သူမဆို "သုသုရေ" ဟု
ခေါ်သံကြားလိုက်ရတိုင်း နှုတ်က 'ရှန်!' ဟု ထူးမိပြီးသား ဖြစ်နေလေ
ပြီ။

ဤအကျင့်လေးကို ကောင်းသည့်အကျင့်ဟု မေမေရှိစဉ်က
တဖွဖွပြောခဲ့ဖူးတာပါ။ ထို့ကြောင့်ပင် "ခင်သုသုစံ" ဟူသည့် သူမက
ကျောင်းမှာရော၊ ရပ်ကွက်ထဲမှာပါ မသိသူ မရှိသလောက် နာမည်ကြီး
ခဲ့ရသူပါပဲ။ သားအမိနှစ်ဦးရှိစဉ်က ဘဝကို ပျော်ရွှင်စရာဟု တွေးထား
မိသည့်အတွေးတို့ ပျက်ပြယ်သွားမည်ဟု ထင်မထားမိပါချေ။



www.burmeseclassic.com

www.burmeseclassic.com



တကယ်ပဲ အဲဒီနေ့က သုမ ရှေ့ကို မြန်းဒိုင်းကြီး ရောက်လာခဲ့တာပါပဲ။ သုမ အထက်တန်းတက်နေစဉ်မှာပင် သုမကို လောကကြီးထဲမှာ တစ်ယောက်တည်း စိတ်ချလက်ချထားရစ်ခဲ့သည်က ရုတ်တရက်ပါပဲလေ။ ခွန်အားတွေ ယုတ်လျော့အားပြတ်ခဲ့ရတာ အမှန်ပါပဲ။ မြင်းမိုရ်တောင်ကြီး ပြိုကျသည်ဟု လူတွေတင်စားကြပေမယ့် မမြင်ဖူးသည့် တောင်ကြီးကို ဥပမာမပေးလိုပါ။

ခင်သုသုစံ၏ဘဝအလင်းရောင် ပျောက်ကွယ်နက်မှောင်သွားရတာတော့ အမှန်ပါပဲ။ အဆုံးမဲ့ချောက်ကမ်းပါးထဲ ပြုတ်ကျသွားခဲ့ရသလိုပါ။ ရှေ့ဆက်လျှောက်ရမည့် လမ်းမကြီးက မှုန်ဝါး ပျောက်ကွယ်သွားရချေပြီကော။ စိတ်ကူးမယဉ်တတ်သည့် လက်တွေ့ လုပ်ဆောင်တတ်ကျင့်ကြောင့်သာ ယိုင်နဲ့နဲ့ ခြေလှမ်းဖြင့် မတ်မတ် ပြန်ရပ်နိုင်ခဲ့ခြင်းပါ။

သုမ အထက်တန်းအောင်မြင်တာကိုတောင် မသိသွားခဲ့တဲ့ မေမေ့ကို အားကိုးခွင့်မှ မရတော့တာကို။ ဒီတော့ တဲသာသာ ခြေကွက်လေးကို ရောင်း၍ (မိန်းကလေးတစ်ဦးတည်း နေ၍မဖြစ်တာကြောင့်) ဘဏ်မှာ ငွေအပ်ကာ မေမေ့အသိ အန်တီချို၏အဆောင်မှာ နေဖြစ်ခဲ့တာပင်။





ရရာအလုပ်လေး ဝင်လုပ်ပြီး တင်းတိမ်ရောင့်ရဲသည့်ဘဝဖြင့် အဝေးသင်တက္ကသိုလ်သာ တက်ဖြစ်ခဲ့ပါ၏။ အန်တီကတော့ သုမကို ဆွေမျိုးမိုးစိုးမကင်းသည့် ကလေးဟု သတ်မှတ်ပြီး အရင်းအချာနှယ် ဆက်ဆံပေးခဲ့တာပါ။ ဒါကြောင့်လည်း အန်တီ့ရေချိုးခန်းကို ဝင်သုံးတာမို့၊ အန်တီ့မီးဖိုခန်းမှာ ကူချက်ပေးပြီး ဝင်စားခွင့်ရသည်က ခင်သုသုစံတစ်ယောက်တည်းပါလေ။

"ဘာလုပ်နေပြန်တာလဲ"

"အပေတွေမြင်လို့ ဆေးနေတာ"

"ပြီးရင် ရေချိုးတော့နော်"

"ဟုတ်! ... အန်တီ"

"သုသု"

"ရှင်"

"ဟိုတစ်ခါ နှင့်ကို လာရှာတဲ့ ရှေ့နေကြီးလေ"

မျက်နှာကို ဆပ်ပြာမြှုပ်လာစင်တာမို့ လက်ခုပ်ဖြင့် သုတ်ရင်း အန်တီ့ကို လှည့်ကြည့်လိုက်မိ၏။ ရေချိုးပြီးထွက်လာတာ သနပ်ခါး မလူး အင်္ကျီမဝတ်သေးပါဘဲ ရပ်နေရတယ်သို့ ဘာများအရေးကြီးလို့လဲ သုသုဆိုတာ ဥတစ်လုံးတစ်ကောင်ကြွက်ဘဝနဲ့ လူသားပါ။ ကိုယ့်ကို



www.burmeseclassic.com

www.burmeseclassic.com



လာရှာတဲ့လူရှိရုံနဲ့ အရှုံးထစရာလား။

"ဘာများလဲ အန်တီ"

"မနက်က phone ထပ်ဆက်လို့"

"ပြော"

"ဟယ် ... ကိုယ်ကိုစွ ပြောနေတာ စိတ်မဝင်စားလိုသလိုနဲ့ ဘယ်လိုကလေးလဲ"

"လူမှားရှာတာမျိုးဖြစ်မှာပါ အန်တီရယ်၊ သုသုံ မထင်ပါဘူး"

"သူတို့ရှာတာ မှန်နေရင်ကော၊ ဘယ့်နှယ်လုပ်မလဲ"

သူမ တဟားဟားရယ်မိတော့၏။ ပါးစပ်မှ စကားပြောနေပေမယ့် လက်က လုပ်လက်စအလုပ်ကို ဆက်လုပ်နေတာမို့ အိုးခွက်ပန်းကန်ဆေးခြင်းအလုပ်က ခဏဖြင့် ပြီးသွားပါသည်။ ရေခါကာဆန်ကာထဲ ရေစစ်စေရန် အစီအရီထပ်တင်လိုက်ပါ၏။ လက်ကိုလည်း ဆပ်ပြာဖြင့် ထပ်ဆေးကာ ရေဆေးလျက် အဝတ်ခြောက်ဖြင့် သုတ်နေလိုက်ပါသည်။

"အန်တီက ဘယ်လိုထင်ထားလို့လဲ"

"မပြောနိုင်ဘူးလေ၊ နင်တို့သားအမိကို လိုက်ရှာနေတဲ့





အဖေဆိုရင်ကော၊ မြကာ သူ့ယောကျ်ားအကြောင်း တစ်ခါမှ မပြောဘူးလို့ တွေးကြည့်တာ"

သူမ ယဲ့ယဲ့မျှ ပြုံးလိုက်မိပါ၏။ အဖေတဲ့လား။ မဖြစ်နိုင်တာ။ လူ့မှန်းသိတတ်စကတည်းက အဖေဆိုတာ ဖြူသလား၊ မည်းသလားပင် မသိခဲ့။ အမေ့ကိုမေးတိုင်းလည်း "အဖေသေပြီ" ဟု သိခဲ့သည့်အသိက အရိုးထဲ စွဲနေခဲ့ရတာပင်။ ဒီတော့ အခု အသက် (၁၉) နှစ်အရွယ်မှ စိတ်ရူးပေါက်ပြီး လိုက်ရှာသည့်လူက သူမ၏အဖေဖြစ်နိုင်ပါ့မလား။ တော်တော် ရူးနှမ်းသည့်ကိစ္စရပ်ပါပဲ။

"အမေပြောတာ အဖေက သေပြီတဲ့"

"စိတ်နာပြီး ပြောတာနေမှာပေါ့"

"မသိပါဘူး။ သုသုလည်း ဒီလိုပဲ မှတ်ထားခဲ့တာ၊ တကယ်လို့ အန်တီထင်သလို သုသုကို ရှာတာပဲဆိုပါတော့၊ အဲဒါဆို သုသု အိစိလေးကတည်းက ရှာမှာပေါ့ အန်တီရဲ့၊ အခု ဒီအရွယ်မှ ရှာစရာလား။ မဖြစ်နိုင်တာကြီး"

"အေး ... ဒါလည်း ဟုတ်သား"

"သုသုကိစ္စက အရေးမကြီးဘူး။ အန်တီ အအေးမိမှ ဟုတ်ပေ့ဖြစ်နေမယ်၊ အကျႌမြန်မြန်ဝတ်တော့လေ"



www.burmeseclassic.com

www.burmeseclassic.com



"အေးပါ ... ဒါနဲ့ ဒီညနေ သူတို့ ထပ်လာမယ်လို့ ပြောထားတာ၊ နင် စောင့်ကြည့်ဦး"

"သူတို့"

"အေးလေ"

"ရှေ့နေကြီးတစ်ယောက်တည်း မဟုတ်ဘူးလား"

"မဟုတ်ဘူး၊ ဒီတစ်ခါ နင့်ကို ရှာနေတဲ့ ကာယကံရှင်ပါ လာမှာ"

သူမ အံ့ဩသွားရပါ၏။ ရှာနေသည့်လူတဲ့။ ဘယ်သူများလဲ။ သူမနာမည် ဘယ်သူဆိုတာ၊ ဘယ်သူဘယ်ဝါရဲ့သမီးဆိုတာ၊ ဘယ်မှာ နေခဲ့တယ်ဆိုတာကိုသာ ဟိုမေ၊ ဒီမေနဲ့မို့ စိတ်သိပ်မပါဘဲ ပြောခဲ့တာ ဖြစ်ပါလျက် အခုတော့ ရှေ့ဆက်လာပါရောလား။

အဖေလား။ ခင်သုသုစံရဲ့ တစ်ခါမှ မမြင်ဖူးသည့် အဖေလား။ ဒေါ်မြနန်းစံရဲ့ခင်ပွန်းလား။ မဖြစ်နိုင်တာ။ တကယ်ဆို သူမတို့ သားအမိ ဆင်းဆင်းရဲရဲနဲ့ နေထိုင်ရုန်းကန်စဉ်ကတည်းက ရှာပါတော့လား။ အခုမှ ဘာလို့ ရှာရပါသလဲ။ တကယ်ဖြစ်နေခဲ့ပါလျှင်တောင်မှ အဲဒီ "အဖေ" ဆိုတဲ့ လူကြီးကို သူမ မည်သို့ခေါ်ရပါမည်နည်း။ သေချာတာကတော့ ထိုလူကြီးကို ခပ်စိမ်းစိမ်းအကြည့်ဖြင့်သာ ဝေ





ကြည့်နေမည်ဆိုတာပါပဲ။

ခေါင်းကို ခါယမ်းလိုက်ပြီး အဆောင်အပေါ်ထပ်သို့ တက်ခဲ့ပါ၏။ သုသုက လူပင်ပန်းတာကိုသာ ခံနိုင်ပြီး စိတ်ပင်ပန်းခြင်းကို မခံနိုင်ပါ။ အခုလို စိတ်ရှုပ်စရာကိစ္စမျိုးကို ခေါင်းထဲမထည့်ထားချင်ပါ။ ခေါင်းကိုက်စရာကြီး မဟုတ်လား။

ရေချိုးခန်းထဲမှာ ရေကို စိမ်ချိုးလျက် ခေါင်းကိုပါ လျှော်လိုက်မိပါ၏။ ဒါမှ ခေါင်းအေးပြီး စိတ်ရှုပ်စရာတွေ ကင်းတော့မှာမို့ပါ။ ရေချိုးခန်းထဲမှထွက်ကာ ခေါင်းရေသုတ်ရင်း အခန်းထဲ ပြန်ဝင်ခဲ့ပါသည်။ အိပ်နေရင်း ခပ်ပွပွ အေးအေးဝတ်စုံကို သေတ္တာထဲမှ ရွေးရင်း ခုတင်ထက် ထိုင်လိုက်ခြင်း။

သူမ ဆံပင်က လျှော်ရလွယ်၊ ခြောက်ရလွယ်ရန် ပုံးသာသာခန့်သာ ထားပါ၏။ အမြဲတစေ စည်းနှောင်တာ၊ ခေါက်တင်ထားတာတို့ လေ့ရှိသဖြင့် ဖြောင့်စင်းစင်းလေး မရှိပါဘဲ လိမ်ခွေနေတတ်ပါသည်။ မျက်နှာထက်မှာ သနပ်ခါးရေကျဲကို မညီမညာ ဖြစ်သလို လိမ်းကျင့်ရှိသဖြင့် ဒီရုပ်ရည်ကို မည်သူမှ လှတပတဟု မမြင်ကြဘဲ သာမန်ရွက်ကြမ်းရေကျိုရုပ်ဟုသာ မြင်တတ်ကြလေ၏။

အင်္ကျီကို ခေါင်းမှ စွပ်ချလိုက်ပြီး ရေသိပ်မခြောက်သေးသည့်



www.burmeseclassic.com

www.burmeseclassic.com



ဆံပင်တွေကို တဘက်အသစ် နောက်တစ်ထည်ဖြင့် သုတ်ရင်း ပြတင်းပေါက်နား ရပ်လိုက်စဉ် အဆောင်ဝင်းအတွင်းသို့ ကိုယ်ပိုင်ကား အကောင်းစားကြီး ဝင်လာလေသည်။ ဘုရားရေ ... တကယ်ပဲ ရောက် လာပြီလား။ ရှေ့နေကြီးဓါတ်ကားကို နှစ်ကြိမ်ခန့် မြင်ဖူးခဲ့တာမို့ ဒီကားက သူမကို ရှာနေသည့် ပုဂ္ဂိုလ်ကြီးဓါတ်ကား ဖြစ်နိုင်တာ မဟုတ်လား။

ရင်ထဲမှာ တဒိန်းဒိန်းဖြင့် အခုန်မြန်လာကာ စိတ်လှုပ်ရှားမှု ဖြစ်လာပါ၏။ နှုတ်က မဖြစ်နိုင်ဘူးဟု အခါခါပြောခဲ့ပါလျက် အခုလို အဘယ်ကြောင့် ဖြစ်လာရပါသလဲ။ လက်ဖျားခြေဖျားတွေ အလိုလို အေးစက်လာသလို ဒူးတွေပါ တုန်လာလေ၏။ မယုံနိုင်ပါ။ 'ခင်သုသုစံ' ရဲ့ဘဝက အရိုးရှင်းဆုံး စက္ကူဖြူတစ်ရွက်နှယ် ရှင်းလင်းခဲ့တာ မဟုတ်ပါလား။

သူမ မမျှော်မှန်းထားပါသည့် အခြေအနေမျိုး ဖြစ်နိုင်မှာတဲ့လား။ မျှော်လင့်သလို မဖြစ်ခဲ့ပါက အဘယ်မျှ ရက်ဖွယ်ကောင်းလိုက်မှာပါလဲ။ ထီပေါက်သည့်သတင်း လာပို့ပြီး ထီလက်မှတ်ပျောက်တာမျိုး ဖြစ်လာပါက မည်သူမဆို သွက်သွက်ခါ ရူးသွပ်သွားမှာ အမှန်ပါ။

ဒါဖြင့် သူမရော မရူးနိုင်ဘူးလား။ အမယ်လေးနော် ...





ဘဝကို လွတ်လွတ်လပ်လပ်လေး ပျော်ပျော်ရွှင်ရွှင်နဲ့ လျှောက်လှမ်းနေခဲ့တာ ဖြစ်ပါလျက် ဘာတွေဖြစ်လာပါသလဲ။ လူတိုင်းလူတိုင်းမှာ အိပ်မက်ကိုယ်စီ ရှိတတ်ကြမှန်း သူမ သိထားပါ၏။ သို့သော် သူမကဖြင့် ထိုသို့သော အိပ်မက်မျိုးကို စိတ်ကူးယဉ် အိပ်မက်မျိုး မမက်ခဲ့ဖူးပါချေ။

ချွင်းချက်တစ်ခုကဖြင့် ငယ်စဉ်တုန်းက ခြံရှေ့မှာ အံ့ဖော သည့် လူကြီးတစ်ဦး လာရပ်သည့်အဖြစ်ကိုဖြင့် အကြိမ်ကြိမ်မြင်မက်ခဲ့ဖူးပါ၏။ ကလေးမို့ ကလေးအတွေးဖြင့် မက်ခဲ့တာလည်း ဖြစ်နိုင်ပါသည်။ အခု အရွယ်ရောက်ချိန်မှာဖြင့် ထိုအိပ်မက် မမက်တော့တာ အဘယ်မျှ ကြာခဲ့ပြီလဲ။

အို! ရင်တွေ တုန်လိုက်တာနော်။

"ဒေါက်! ဒေါက်!"

"သုသုရေ ... အန်တီချို ခေါ်နေတယ်၊ အခုလာခဲ့တဲ့"

"လာ ... လာပြီ"

လူက ဆတ်ခနဲ တွန့်သွားကာ မတ်သွားရလေ၏။ အသံတွေ တုန်နေပါရောလား။ ဤမျှအထိ သူမကို စိတ်လှုပ်ရှားခြင်းတို့ ဖြစ်စေပါက အကြောင်းတော့ ရှိမည်သာ။ ယခု မြင်ရတော့မည့် ပုဂ္ဂိုလ်ကြီးက သူမဘဝနှင့် တစ်စိတ်တစ်ပိုင်း ပတ်သက်နေမည်ဟု။



www.burmeseclassic.com

www.burmeseclassic.com



ခေါင်းကို အမြန်ဖြီးကာ ဆံပင်တွေကို ကျားပါးစပ်ကလစ်ဖြင့် ညှပ်တင်လိုက်ပါ၏။ မှန်ထဲမှာ တစ်ချက်ကြည့်ကာ အားတင်းထားလိုက် ရပါသည်။ တွေ့ကြပါစို့ "ခင်သုသုစံ"။ ကံဆိုတာ လူမြင်နိုင်တဲ့အရာမှ မဟုတ်တာပဲ။

အခန်းထဲမှထွက်ကာ လှေကားမှဆင်းလာခဲ့မိ၏။ အောက်ဆုံး လှေကားထစ်ရောက်ချိန်မှာ ခဏရပ်ကာ မျက်စိမှိတ်ထားလိုက်မိပါ သည်။ အဆောင်ရှေ့မှတစ်ဆင့် အနိတ်ဧည့်ခန်းဆီသို့ လှမ်းခဲ့စဉ် ဘာမှ မရှိပါဘဲ ကိုယ့်ခြေထောက်ကိုယ် ခလုတ်တိုက်မိသေး၏။

"လာ ... သုသု"

အနိတ်ခေါ်တာကို ခေါင်းညိတ်ပြလျက် ဧည့်ခန်းထဲသို့ ဝင် လိုက်ရပါ၏။ မရဲတရဲဖြင့် ကြည့်မိသည့်အကြည့်က ရှေ့နေကြီး၏ဘေး ခုံမှာ ထိုင်ရင်း သူမကို ပြုံးကြည့်နေသည့် လူကြီးထံသို့ပါ။ ရင်ထဲမှာ တစ်မျိုးကြီးပါပဲ။ စားပွဲပေါ်မှာ တင်ထားပါသည့် မှန်ပေါင်ထဲမှာဖြင့် ဤပုဂ္ဂိုလ်၏လက်မောင်းကို ဆုပ်ကိုင်ထားပါသည့် အမေ့အပြုံးတို့က ကြည်လင်တောက်ပါနေတာပါလေ။

❀ ❀ ❀





# အပိုင်း (၂)

www.burmeseclassic.com

www.burmeseclassic.com





ယယ်စဥ်က အမြဲမက်ခဲ့မူးသည့် အိပ်မက်ကို မိအရွယ်မှာ တကယ်ဖြစ်လာမည်ဟု သူမ ထင်မထားခဲ့မိပါ။ သေချာ တာတစ်ခုကတော့ သူမဘဝကြီး ပြောင်းလဲသွားခြင်း ပါပဲ။ သူမ မျက်စိရှေ့ကို လူကြီးတစ်ဦး ရောက်လာပြီး နောက်ပိုင်း အတွေးတွေ ပလုံစီခဲ့မိတာလေ။ နွေးထွေး သော, တည်ကြည်သော, ခန့်ညားသော, ဖော်ရွေသော, smart ကျလွန်းသော ပုဂ္ဂိုလ်ကို (ခပ်ဝါးဝါးသာ မြင်ရ တော့သည့်) အဖြူအမည်းဓာတ်ပုံထဲမှာ တစ်ကြိမ်သာ မှတ်မှတ်ရရ မြင်ဖူးခဲ့တာပါ။ လက်ကာမ်ကြီးဆိုနေပါသည့် ပုဂ္ဂိုလ်ကြီးနောက်ကွယ်မှ မှုန်ကုပ်ကုပ်ဖြင့် စိုက်ကြည့် နေသည့် လူကိုဖြင့် သူမ မျက်မှန်းကျိုးမိတာပါလေ။ ဟုတ်တယ် ...ရှင့်ကို မှန်းတယ်...မင်းသွင်ခန့်။ အကြီးကြီးကို မှန်းတာပါ။

(ခင်သုသုစံ)

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၈)

ကားထဲမှာ Aircon လွှတ်ထားတာမို့ အေးစိမ့်နေပါ၏။ ဘာမှန်းမသိသည့် မွှေးရနံ့က ကားထဲမှာ မွှေးပျံ့နေပါသည်။ ချမ်းစိမ့်စိမ့်လေးမို့ နေလို့ကောင်းပေမယ့် အကျင့်မရှိသေးသည့် သူမက ခြေဆန့်ချောင်း ပူးကပ်၍ ထိုင်ကာ လက်ထဲမှာ ကိုင်ထားပါသည့် မေမေ့ လည်ပဝါလေးကို ရင်ဘတ်မှာ တင်းတင်းလေး ပိုက်ထားမိလေ၏။

"ငါ့သမီး စိတ်လှုပ်ရှားနေပြီ ထင်တယ်"

ခေါင်းကို ခပ်မှုမှုပုတ်ခြင်း ခံလိုက်ရသဖြင့် ပြုံးလိုက်မိပါသည်။ အကြိမ်ကြိမ်အခါခါ ငြင်းဆန်ခဲ့ပါလျက် အထပ်ထပ်အခါခါ ခေါင်းခါ



www.burmeseclassic.com

www.burmeseclassic.com



ခဲ့ပါလျက် နောက်ဆုံးမှာတော့ အန်တီရှိုး၏အကြံပြုချက်ကြောင့် ယခု
လိုက်ပါလာခဲ့တာပင်။ "ပျော်သလောက်နေ၊ မပျော်ရင် ချက်ချ
ပြန်လာခဲ့" ဟု (အဆောင်မှ ကားထွက်ကာနီး) အန်တီ မှာလိုက်သေ
တာပါ။

နေကြည့်တာပေါ့နော်။ တစ်ခါမှ မရင်းနှီးသည့် လူတွေ
အတူ အဘယ်မျှ နေနိုင်ပါ့မည်နည်း။ ရင်းနှီးသင့်သလောက် မရ
နှီးလာပါကလည်း ပြဿနာမရှိပါ။ အန်တီရှို့ထံ အချိန်မရွေး ပြန်
ပါပဲ။ ဘဝဆိုတာ ကိုယ်တိုင် ရွေးချယ်လို့ မရတဲ့အရာပါပဲလား။

"သမီး အစ်ကိုနှစ်ယောက်က အသက် (၆) နှစ်ကွာတယ
မင်းထင်ကိုတော့ ကိုကြီးလို့ ခေါ်ပေါ့၊ မင်းသွင်ကိုတော့ ကိုလေး
လည်း ရတယ်၊ ကိုကိုလို့ခေါ်လည်း ဖြစ်တာပဲ"

"ကိုကြီး" တဲ့၊ "ကိုလေး" တဲ့လား။ တစ်ခါမှ မခေါ်
သည့် သညာတို့အတွက် နှုတ်မရဲလှပါ။ ဘေးမှာရှိနေပါသည့် ဦး
ခန့်ကိုပင် မည်သို့ခေါ်ရမည်ဟု ‌တွေးမရတောလေ။ နောက်ထပ်
ရမယ့် နာမည်တွေက ထပ်ရှိနေရတယ်လို့၊ ဒါဖြင့် ကိုကြီးက သူမ
(၉) နှစ်ကြီးပြီး ကိုလေးက (၃) နှစ်ကြီးတာပေါ့။

"သားကြီးက ပုဂ္ဂလိက ဆေးရုံမှာ ဆရာဝန်ပေါ့၊ သား





က ဖေဖေနဲ့ပဲ ကုမ္ပဏီမှာ အတူတူလုပ်တယ်၊ လောလောဆယ်တော့
သမီးက အိမ်မှာပဲ နေပြီး ကျောင်းပြီးအောင် ဆက်တက်ပါ၊ ဘွဲ့ရပြီးမှ
ဘာလုပ်မလဲ စဉ်းစားပေါ့၊ Day ပြောင်းတက်ချင်လား"

"ဟင့်အင်း"

"ဖေဖေ" တဲ့။ လွယ်လင့်တကူ ပေါ့ပေါ့ပါးပါး သုံးလိုက်ပုံ
ပါပဲ။ ခေါ်ရမှာလား။ လျှာမှမရဲသေးတာ။ အခေါ်အဝေါ်က ကိစ္စမရှိ။
နေရထိုင်ရတာကမှ စိတ်ကျဉ်းကျပ်စရာ ဖြစ်မှာအမှန်ပါ။ သူစိမ်း
ယောကျ်ားသားချည်း (၃) ဦး (မဟုတ်သေးဘူး) အလုပ်သမားကောင်
လေးနဲ့ဆို (၄) ဦးပေါ့။ ထိုအိမ်မှာ နေသားတကျ သူမ နေရဲပါ့မည်
လား။

"သမီးက စံနဲ့ ချွတ်စွတ်ကို တူလွန်းတာပဲ"

"စံ" တဲ့။ အမေ့နာမည်ကို သုံးပုံက တစ်မူထူးခြားနေတာ
ပါး အန်တီပြောသလို "မြ" ဟု မပြောဘဲ "စံ" ဟု ပြောပုံထဲမှာ
အမေ့အပေါ် အဘယ်မျှ သံယောဇဉ်ရှိသလဲဆိုတာ ကြားရုံဖြင့် သိ
သာနိုင်စေပါ၏။ အမေတူသမီးဟု ပြောတိုင်း ကျေနပ်ပြုံးမိုး သူမ
မှာလေ့ရှိပါသည်။

"သားကြီးက ဖေဖေနဲ့ တူတယ်၊ သားငယ်ကတော့ . . . အင်း



www.burmeseclassic.com

www.burmeseclassic.com



. . . ဘယ်လိုပြောရမလဲ၊ သူ့အမေနဲ့ တူတယ်ဆိုပါတော့၊ သားကြီးနဲ့တော့ ဘာပြဿနာမှ ရှိမှာမဟုတ်ဘူး။ သားငယ်ကိုတော့ သမီး သတိထားပေါင်းရမှာ အမှန်ပဲ''

''ဘာဖြစ်လို့လဲ''

အံ့ဩလျက် ငုံ့ကြည့်မိ၏။ ဦးမင်းခန့်က တစ်ချက်ပြုံးလိုက်ပြီး ခေါင်းညိတ်လိုက်လေသည်။ သတိထားရမယ်တဲ့။ အငယ်ဖြစ်သူက အဘယ်မျှ ဆိုးနေလို့များ သတိထားနိုင်းရတာပါလိမ့်။ ဦးမင်းခန့်က သူမ၏အေးစက်စက် လက်ဖျားလေးကို လှမ်းဆုပ်ကိုင်လိုက်လေ၏။ အို! . . . နွေးထွေးလွန်းလှပေစွ။

''သားငယ်က အငယ်ဆိုတော့ နည်းနည်း ဂျစ်တယ် အစ်ကိုအပေါ်မှာလည်း အမြဲ Jealous ရှိတတ်တယ်လေ၊ အခု သမီးက သူ့ထက် အငယ်အဖြစ် ရောက်လာတာဆိုတော့''

ဦးမင်းခန့်က စကားကို မဆက်ဘဲ ရပ်ထားပါ၏။ အငယ်နဲ့ ဂျစ်တယ်။ မနာလိုစိတ်ရှိတယ်တဲ့လား။ ဘယ်လိုပါလိမ့်၊ အရွယ်ရောက်နေတာတောင်မှပဲ မရင့်ကျက်သေးတဲ့ လူငယ်တဲ့။ အံ့ဩရပါ့။ ကိုယ့်ဘဝကိုယ် ဦးဆောင်ရပ်တည်နေသည့် သူမနှင့်များ ကွာခြားပါ့။

''သုသု သည်းခံပါ့မယ်''





''ဖေဖေ သိပါတယ်၊ သမီးက အလိမ္မာလေးဆိုတာ''

ကားက လမ်းမကြီးမှ လမ်းကြားထဲ ဝင်လာပါ၏။ အရိပ်ရသည့် အပင်ကြီးတွေသာ ရှိနေတာမို့ တစ်လမ်းလုံး နေရောင်ပင် သိပ်မတွေ့ရဘဲ အေးစိမ့်နေတာပါ။ ခြံကျယ်ကြီးထဲ မောင်းဝင်လိုက်တာမို့ နှုတ်မှ အာမေဋိတ်သံပင် လွှတ်ခနဲ ထွက်သွားမိပါ၏။ ဤမျှ သာယာလှပပြီး ကျယ်ဝန်းသည့် ခြံမျိုး တစ်ခါမှ မမြင်ခဲ့ဖူးတာလေ။

''ဒါ . . . သမီးနေရမယ့်အိမ်ပဲ''

ကားပေါ်မှ ဆင်းကာ ဦးမင်းခန့်ကိုယ်တိုင်ပင် သူမဘက်မှ ကားတံခါးကို ဖွင့်ပေးလေ၏။ အဆောင်ကနေ ဘာဆိုတာမှ သယ်မလာနိုင်းတာမို့ ဘာပစ္စည်းမှ သိပ်မပါပါ။ အင်္ကျီအဝတ်အစား လေးငါးစုံမျှသာ သယ်လာဖြစ်ပါ၏။ အိမ်ထဲမှ ကောင်လေးတစ်ဦး အပြေးထွက်ကြိုလေသည်။

''ဘဘ''

''မင်းမမလေး အထုပ်ယူသွားပေး''

''နေပါစေ . . . သုသုဘာသာ သယ်ပါ့မယ်''

''ပေးလိုက်ပါ သမီးရဲ့''

''လုံချည်တွေပါလို့ . . . ရေကြီးမှာစိုးလို့ပါ''



www.burmeseclassic.com

www.burmeseclassic.com



"သူ့နာမည်က ကျော်စိုးတဲ့၊ အိမ်မှာ ဖိုးကျော်လို့ပဲ ခေါ်တယ်"

"ဟုတ်ကဲ့"

"ဖေဖေ့အရိုင်ဘာနာမည်က ကိုမျိုးမြင့်တဲ့၊ အိမ်ထဲ ဝင်ကြစို့"

ခြံထဲကို ဝေ့ကြည့်မိ၏။ အပင်တွေ ရှိနေပေမယ့် ဦးဆောင်ပြုပြင်မည့် အိမ်သူမရှိတာမို့ ပန်းအိုးတွေထဲမှာ မြက်ပင်ပေါင်းပင်တွေ အများကြီး ပေါက်နေလေသည်။ မိုးတွင်းမို့ ရေလောင်းစရာမလိုပေမယ့် ပေါင်းပင်တွေ ရှင်းဖို့တော့ လိုအပ်တာ မဟုတ်လား။

အိမ်တွင်းမှာ ကတ္တီပါကော်ဇောကြီး ခင်းထားသဖြင့် လူကို ရှိန်သွားစေပါ၏။ တိတ်ဆိတ်ငြိမ်သက်လွန်းပါသည့် တိုက်ကြီးက လူနေသည်နှင့်ပင် မတူသလိုပါ။ သူမနေသည့် အဆောင်မှာဖြင့် သီချင်းသံ၊ ငြင်းခုန်သံ၊ အတင်းပြောသံ စကားတို့ဖြင့် စည်ကားသိုက်မြိုက်နေခဲ့တာ အမှန်ပါ။

"အောက်ထပ်ကို အရင်ကြည့်လေ၊ အိတ်ထားခဲ့၊ ဒါက ... ဖေဖေ့စာဖတ်ခန်း"

တံခါးဖွင့်ပြလိုက်တာမို့ လှမ်းကြည့်မိ၏။ အမြဲတစေ ဝင်ဖြစ်သည့်ထင်၊ စာဖတ်ခန်းက သန့်ရှင်းလှပါသည်။ ဧည့်ခန်းကို ခပ်ကျယ်ကျယ်ထားသလို အလယ်ခန်းမှာလည်း အလှပ်စားပွဲနှယ် ပြင်ထားလေ





၏။ ပြီးနောက် ထမင်းစားခန်း၊ မီးဖိုခန်း၊ စတိုခန်း၊ ရေချိုးခန်း၊ အိမ်သာတွဲလျက် အခန်းနှင့် ဖိုးကျော်အိပ်ခန်းတို့က အောက်ထပ်မှာ နေပါသည်။

တိုက်အိမ်မို့ အမှိုက်သရိုက် သိပ်မရှိပေမယ့် သန့်ရှင်းရေး သိပ်မလုပ်ဖြစ်ပုံပါ။ ဟိုဟိုဒီဒီ ရောတွေ သေချာကြည့်ပါက ပိုးအိမ်၊ ကူအိမ်တွေနှင့် ဖုန်တွေ ရှိနေလေ၏။ ဒီကောင်လေးက ဒီလောက် စပ်စပ် လုပ်တတ်ပုံမရပါ။ ယောက်ျားလေးဖြစ်တာမို့ ဒီလောက်တော့ ယလာဘ်မြင်တတ်ပုံမလဲ။

"လာ ... အပေါ်ထပ် တက်ကြမယ်"

လှေကားထစ်တို့ကို နင်းတက်ခဲ့ရပါ၏။ Steel လက်ရန်းတို့ က ပြောင်လက်နေသော်ငြား လက်ဝါးဖြင့် ထိစဉ် သူမ လက်ဝါးပြင် ဖုန်တို့ ကပ်ပါလာလေသည်။ အိမ်ရှင်မအတွက် လုပ်စရာတွေက စ်ပုံတစ်ပင်ကြီးပါပဲလား။ အပေါ်ထပ် ဧည့်ခန်းနေရာမှာ လိုက်ကာ ဖြင့် ဓာခန်းစည်းဖြင့် ပြုလုပ်ကာ ခြားထားပါ၏။

ဘုရားစင်မှ ဘုရားပန်းတွေ နွမ်းနေတာကို မြင်လိုက်ရသဖြင့် တ်ထဲမကောင်း ဖြစ်သွားရလေသည်။ အိမ်တစ်အိမ်၏ကျက်သရေ ဆောင်ဆိုတာ ဘုရားစင်က အရင်ဦးဆုံးပါလေ၊ ဧည့်ခန်း မည်မျှသန့်



www.burmeseclassic.com

www.burmeseclassic.com



ရှင်းပါစေ ဘုရားစင်မှာ ဘုရားပန်းအိုးတို့ ပန်းတွေဝေနေမှ အိမ်မှာ လာဘ်ရွှင်တတ်တာ မဟုတ်လား။

"ဒါက ဖေဖေ့အခန်း . . . ပြီးရင် အပေါ်ထပ် စာကြည့်ခန်း။ ဒီအခန်းက သားကြီးပဲ အသုံးများတယ်၊ သူ့ဆေးစာအုပ်တွေပဲ တော်တော်များများ ထားထားတာ"

ဦးမင်းခန့်က လူကြီးမို့ အခန်းတဲ မရှုပ်ပွနေပါ။ စာကြည့်ခန်းက အောက်ထပ်လို မမှောင်ဘဲ အပြင်မှ အလင်းရောင် ပိုရလေ၏။ ပြီးနောက် မျက်နှာချင်းဆိုင်တံခါးတို့ကို ဦးမင်းခန့် ဖွင့်ပြလေသည်။

"ဒါက သားကြီးအခန်း"

ကိုကြီးအခန်းကတော့ စည်းကမ်းရှိသူပီပီ သပ်သပ်ရပ်ရပ်ပင်။ တစ်ခန်းပြီးတစ်ခန်း ကြည့်လာရင်း သူမ သတိထားမိသည်က တစ်အိမ်လုံးရှိ ပြတင်းလိုက်ကာတို့က အရောင်မခေါ်တော့ဘဲ မှုန်မှိုင်းနေတာကိုပါ။ ဤအိမ်ထဲ အလင်းရောင်ဝင်ပြီး အရောင်ဝင်ပစေချင်ပါက လိုက်ကာအသစ်ကို မလဲမဖြစ် လဲဖို့ လိုအပ်လေ၏။

"ဒါကတော့ ဖေဖေတို့ ဇာတ်လိုက်ရဲ့အခန်းပဲ၊ သမီးမြင်တဲ့ အတိုင်းပေါ့"

တံခါးအပွင့်မှာ သူမ မျက်လုံးပြူးသွားစဉ် ဦးမင်းခန့် ရယ်





လေတော့၏။ မပြူးဘဲနေမလား။ တစ်ခန်းလုံးမှာ ကလေးဝင်ဆော့ထားသည့်နှယ် ရှုပ်ပွနေတာပါလေ။

ဘယ်လိုဖြစ်ပြီး ညီအစ်ကိုနှစ်ယောက်က အကွာကြီး ကွာခြားနေရပါသလဲ။

"ရောက်လာရင် တွေ့ပါလိမ့်မယ်၊ မင်းသွင်က ရာကြဲ့ပြီး မနာလိုတတ်တာ၊ နောက်ဆုံး ပြောစရာမရှိရင် သားကြီးလို သူ့အသား မဖြူတာက အစပဲ၊ အဲဒီလိုကောင်"

သားအငယ်ဖြစ်သူအကြောင်း ပြောနေပေမယ့် ဒေါသဖြစ်ဟန်မပါပါ။ သားအငယ်ကို အဘယ်မျှချစ်ပြီး အလိုလိုက်ထားကြတာပါလိမ့်။

ညီအစ်ကိုနှစ်ယောက် ဖြစ်ပါလျက် အစ်ကိုဖြစ်သူကို မနာလိုဝန်တိုစိတ်ရှိသည့် အငယ်မျိုး ရှိတတ်ပါသလား။ အံ့ဩစရာ မင်းသွင်ခန့်ပါပဲ။

"ဒီဘက်က သမီးနေဖို့ အခန်း။ ဒီဘေးမှာ ရေချိုးခန်း အိမ်သာပေါ့၊ တစ်ခု သတိပေးစရာ ကျန်သေးတယ်၊ ညီအစ်ကိုနှစ်ယောက်က မနက်တိုင်း bathroom လုတတ်ကြတာပါ"

ကိစ္စမရှိပါ။ အဆောင်မှာ လူအများနှင့် နေနေကျမို့ မနက်



www.burmeseclassic.com

www.burmeseclassic.com



ဆို (၅) နာရီ Alum မပေးရပါဘဲ သူမ အလိုလို စောစောနိုးကျင့်ရှိလို့ပါပဲ။ သူမအခန်းက လှေကားနှင့် မျက်စောင်းထိုးမှာ ရှိပြီး ကိုလေးအခန်းနှင့် ကပ်လျက် ဖြစ်လေ၏။ ယောကျ်ားတွေနှင့် နီးနီးကပ်ကပ် အတူမရှိဖူးသည့် သူမအတွက် အနည်းငယ်တော့ စိတ်ကျဉ်းကျပ်ရမည်သာ။

"အစ်ကိုကြီးတို့ ပြန်လာပြီ"

"ဖေဖေရော"

"အပေါ်ထပ်မှာ"

"ပါလာပြီလား မင်းမလေး"

"ဟုတ်ကဲ့"

အောက်ထပ်မှ ပြောဆိုသံကို သဲ့သဲ့မျှ ကြားလိုက်ရပါ၏။ အိပ်ခန်းတွင်းမှာ အထုပ်ဝင်ထားလိုက်ပြီး ပြန်ထွက်လိုက်ရပါသည်။ အိမ်ရှိလူတွေနှင့် မိတ်ဆက်ရဦးမှာမို့ ဦးမှင်းခန့်နောက်မှ သူမ အသာဆင်းခဲ့ရလေ၏။

"သားငယ်ရော"

"နောက်မှာ"

"ဒါ ... သမီးကိုကြီးပဲ"





Dutycoat ကို လက်မှာကိုင်ထားလျက် သူမကို ပြုံးပြနေသည့် ကိုကြီးကို မရဲတရဲ ပြုံးပြလိုက်မိပါသည်။ ဖော်ရွေပုံပါပဲ။ ဖေဖေဖြစ်သူနှင့် အသားအရေ အရပ်အမောင်းကစ တူသလို မျက်နှာထက်မှ အပြုံးပါ တူလွန်းသည့်သူ ဖြစ်ပါ၏။

"သုသုလို့ပဲ ခေါ်လို့ ဖြစ်ပါတယ်နော်"

"ဟုတ်ကဲ့"

"ကိုကြီးပါ ... ကြိုဆိုပါတယ်, ညီမလေး"

ကမ်းပေးလိုက်ပါသည့် ညာဘက်လက်ကို လှမ်းကိုင်နှုတ်ဆက်လိုက်ရပါ၏။ တကယ့်ကို အဖေဖြစ်သူနှင့် လက်ငွေ့ပါ တူလွန်းနေတာပါ။ တကယ်ဆို သူတို့နှင့် သွေးသားသိပ်ကြီးမတော်စပ်ပါဘဲ ရောက်လာသည့် သူစိမ်းကို ခပ်စိမ်းစိမ်းသာ ကြည့်သင့်တာ မဟုတ်ပါလား။ အခုတော့ တရင်းတနှီးကြီး ကြိုနေတာတဲ့လေ။

"သားငယ် ... ဒီမှာ မင်း့ညီမလေး"

"ကျွန်တော့်မှာ ဘာညီမမှ မရှိဘူး"

"ညီညီ"

လေသံပြတ်ပြတ်ဖြင့် ပြောလိုက်ပါသည့် လူထံ အကြည့်ရောက်သွားရပါ၏။ မလိုလားပုံအပြည့်ပါပဲ။ အသားခပ်ညိုညို။ အရပ်အမောင်း



www.burmeseclassic.com

www.burmeseclassic.com



က သိပ်မမြင့်၊ ရုပ်ရည် အသင့်အတင့်သာ ရှိနေပါသည့်လူက ဒီအိမ်မှ သားအငယ်တဲ့လား။ စူးရှသော မျက်မှန်းကျိုးသော မကျေနပ်သော အမိပွာယ်တို့ ပြည့်နေသည့် မျက်ဝန်းတို့ကြောင့် သူမရင်ထဲ ပူသွား ရတာ အမှန်ပါ။

❁ ❁ ❁



## အခန်း (၉)

မကျေနပ်ပါ။ အတော်ကြီးကို မကျေမနပ်ဖြစ်နေတာ အမှန် ပါပဲ။ ကြည့်ပါဦး . . . သားနှစ်ယောက် ရှိပါလျက်နဲ့ ဖေဖေက နောက် အိမ်ထောင်မပြုပါဘဲ သမီးတစ်ယောက် မွေးစားရတယ်လို့။ ပထမ တော့ ကိုကိုနှင့် တိုးတိုးကျိတ်ကျိတ် တိုင်ပင်တာ ကြားမိပါ၏။ "ဆွေ မျိုးထဲက" ဟူသည့် စကားကြောင့် အိမ်မှာ အလုပ်လုပ်ဖို့ ခေါ်သည် ဟုသာ သိထားခဲ့တာပါ။

အခုတော့ ညီမလေးဆိုပြီး မွေးစားခဲ့သတဲ့။ ဒါဆိုလည်း ဒီစည်းဘောင့်တောင့် မူကြိုအရွယ်လေး ခေါ်မွေးပါလား။ မဖြစ်သေးပါ



www.burmeseclassic.com

www.burmeseclassic.com



ဘူး။ အဲဒီအရွယ်ဆို ကျောင်းကြီးကျောင်းပို့ ထမင်းခွံ့ ရေမိုးချိုး အဝတ်

အစားလဲပေးဖို့ လူက လိုအပ်ပေဦးမည်။ ဒါနဲ့ပဲ သူနဲ့ မတိမ်းမယိမ်း

အရွယ် ချာတိတ်မကို အိမ်ပေါ်ခေါ်ခဲ့သတဲ့လေ။

"တောက်!"

မကျေမနပ်ဖြင့် တက်ခေါက်မိပြန်ပါ၏။ ဤတစ်ကြိမ်နှင့် ဘယ်နှခါရှိနေပြီမှန်း မသိတော့ပါ။ တစ်ညလုံးလည်း ကောင်းကောင်း အိပ်၍မပျော်တာမို့ ခေါင်းတစ်ခုလုံး ကိုက်ခဲနေတာက ပို၍ဆိုးလေ၏။ အကုသိုလ်များဖြစ်လာရင် တစ်ခုပြီးတစ်ခုပါပဲလား။ မဖြစ်သေးဘူး ကိုကို့ထံ သွားမှပါပဲ။

ဒီအချိန် အခန်းထဲမှာ မရှိတော့တာမို့ အပေါ်ထပ် စာကြည့် ခန်းဆီ ဦးတည်လိုက်ပါ၏။ အခန်းထဲမှ ထွက်လိုက်သည်နှင့် အမွှေး တိုင်နံ့ကို အရင်ဆုံး ရှူမိလေသည်။ ဘုရားခန်းဘက် ခြေလှမ်းမိ ရင်ထဲထိတ်ကာ ခြေချော်လဲကျတော့၏။

"ဟာ!"

"ဝုန်း!"

"ဟယ်! ... ကိုလေး"

"အား ကျွတ် ကျွတ် သေပါပြီ"





"ဘယ်သူ ... ဟာ ညီ ..."

"ဒါ နှင် ငါ့ကို သက်သက် လုပ်ကြံတာပဲ၊ ငါ့ကို အသေ သတ်နေတာလား၊ ခင်သုသုစ်"

"မဟုတ် ... မဟုတ်ရပါဘူး"

လက်ထဲမှာ ကြမ်းတိုက်ဝတ်ကိုင်ထားလျက် မျက်လုံး ပေ ကလပ်ပေကလပ်ဖြင့် ကြည့်နေပုံက အပြစ်မရှိသည့်နှယ်ပါ။ ရောက် သည်နှင့် တစ်အိမ်လုံး အလုပ်တွေ လျှောက်လုပ်တာက ကိစ္စမရှိ။ အခုလို သူ့ကို တစ်စုံတစ်ခုဖြစ်စေတာကဖြင့် အန္တရာယ်ပါ။ ကိုကို တောင် သူ ချော်လဲသံ ကြားလိုက်ရ၍ စာကြည့်ခန်းထဲမှ ထွက်လာပါ ၏။

"ညီကလည်းကွာ ... ကလေး အလုပ်လုပ်နေတာကို"

"သူ အလုပ်လုပ်တာက အကြောင်းမဟုတ်ဘူးဗျ၊ အခု ဒီမှာ ချော်လဲပြီ"

"အဲဒါ ... သုသု ဖယောင်းရည်နဲ့ ကြမ်းတိုက်ထားတာ အကြမ်းပဲ ပြီးသေးလို့ပါ၊ အခု အချောတိုက်နေတုန်း"

"နှင် ကြမ်းတိုက်တာ အကြောင်းမဟုတ်ဘူး မယ်မင်းကြီး မရဲ့၊ ငါ့အဖေသာ ဒီလိုလဲရင် နှင့်ကို အရှင်မထားဘူးမှတ်!"



www.burmeseclassic.com

www.burmeseclassic.com



"ညီကလည်းလေ"

"ကိုကိုရော၊ မေမေပါ သူ့ဘက်ပါနေလို့ အခုလို ဖြစ်နေတာ၊ လူအထင်ကြီးအောင် လျှောက်လုပ်ပြနေပြီးတော့ . . . အလကား ဟာလေး"

"သုသုဘာလုပ်မိလို့လဲ"

"နင်လုပ်တာ နင် မသိဘူးလား"

ကိုကို ထူပေးနေပြီမို့ ထရပ်လိုက်ရပါ၏။ လူက ပစ်လဲကျ သွားတာမို့ ခါးပါ အတော်နာသွားရတာပါ။ ကိုကိုကသာ အငယ်ဖြစ် သည့် သူမအပေါ် ညာတာပေးပေမယ့် သူကဖြင့် မကြည်ရေး မကြည်သည့်ဘက် ခပ်နောက်နောက် အရောင်ပါပဲ။ စိတ်ရှိလက်ရှိ ပိတ်ပက်ခေါက်ရမကောင်းလို့ပါလေ။

"ညီက အကြီးပဲ သည်းခံမှပေါ့"

"သည်းမခံနိုင်ပါဘူး။ သူလုပ်သမျှ ကျွန်တော့်ကို တမင် ဦး တည်နေသလိုပဲဗျ။ ခုပဲကြည့် အခန်းထဲက အဝတ်တွေ တစ်ထည်မှ မရှိအောင် ပြောင်နေပြီ။ ဘယ်လွှင့်ပစ်လိုက်တယ် မသိဘူး"

"သုသု လျှော်ထားတာပါ ကိုလေးရဲ့"

"ရှိသမျှ အကုန်လျှော်စရာလား၊ ငါ့မှာ ရေချိုးပြီး ဝတ်စရာ မရှိလို့ အပြင်ဝတ် ယူဝတ်ရတာပဲကြည့်တော့၊ အဟုတ်ကို စိတ်တို တယ်"

"ကိုလေးအင်္ကျီတွေက စင်မှမစင်တာ၊ လည်ကုပ်တွေ ကော်လံတွေမှာပါ ညစ်ပတ်နေတာမို့ စေတနာနဲ့လည်း လျှော်ပေးရ သေးတယ်"

"ဘာစေတနာလဲ၊ နင့်စေတနာကို ငါ မသိဘူးများ ထင်နေ သလား။ နင်ဖားချင်ရင် ငါ့အမေနဲ့ ငါ့အစ်ကိုကိုပဲ ဖားလို့ရမယ်၊ ငါ့ကို ဖားလို့မရဘူးမှတ်!၊ ပြောလိုက်ရင် အငယ်ဖြစ်ပြီး အကြီးပြောတာကို နာခံ ရမယ် မရှိဘူး။ ခံပက်တာချည်းပဲ၊ နောက်ကို ငါ့အခန်းထဲ မဝင်နဲ့"

"မဝင်လို့ ဘယ်ရမှာလဲ၊ ဒီတစ်အိမ်လုံးမှာ ကိုလေးအခန်းက ကြက်သိုက်လို အရှုပ်ပွဆုံးပဲကို၊ သုသုမှ မရှင်းပေးရင် ဘယ်သူ ရှင်း ပေးရမှာလဲ"

"အောင်မာ . . . သူကပဲ ပြောရတယ်ရှိသေး။ တစ်ခွန်းမကျန် မှတ်ပြန်ပြီ ဆင်ခြေ၊ ဆင်လက်၊ ဆင်နားရွက်၊ ဆင်တစ်ကောင်လုံး ပြီး ပြောမယ့်ဟာလေး"

ကိုကိုက သူနှင့်သူမ စကားများနေတာကို မတားသည့်အပြင် ကြည့်ပြုံးနေပြန်ပါ၏။ အိမ်မှာ လူပိုတစ်ယောက် ရောက်နေတာ ဖြစ်







www.burmeseclassic.com

www.burmeseclassic.com



ပေမယ့် ဘယ်သူကမှ အနှောင့်အယှက် မဖြစ်သလို သူတစ်ယောက် တည်းကိုမှ မြားဦးချိန်ထိုက်သလို ဖြစ်ရတယ်လို့၊ မင်းက ငါ့အတွက်တော့ အရှုပ်ထုပ်ပဲ ခင်သုသုစံ။

"အဲဒီလို မပြောပါနဲ့"

"ပြောမှာပဲ၊ ဘာလဲ . . . မကျေနပ်ဘူးလား။ မကျေနပ်ရင် လည်း"

"ကဲကဲ . . . တော်ကြပါတော့ကွာ၊ ဘာမဟုတ်တာလေးနဲ့ စကားများရတယ်လို့၊ ညီကလည်း စိတ်လျှော့ပါ"

"သူပြောတာ ကိုကို ကြားတယ်မဟုတ်လား။ ကိုယ့်အိမ် ကိုယ်နေတာပဲ၊ ဘာဖြစ်လဲ . . . ငါ့အခန်းမှာ ဘယ်လောက်ဖွဖွ၊ နင့် အပူ နည်းနည်းမှမပါဘူး။ ရောက်တာမှ တစ်ရက်ပဲ ရှိသေးတယ်၊ အတိက ပြနေပြီ"

"ညီ လွန်မယ်ကွာ . . . သုသုလည်း အလုပ်လုပ်စရာရှိတာ ဆက်လုပ်ပါ၊ ဘာမှမဖြစ်ဘူး . . . ညီ့က အဲဒီလိုပဲ"

"ဟပ်ရှိုး!"

"အအေးမိပြန်ပြီလား"

"ဖျားချင်သလိုလိုဖြစ်နေလို့ ကိုကို့ကို လာရှာတာ၊ သူလုပ်





တာနဲ့ အဖျားတောင် ဘယ်ပြေးပြီလဲ မသိတော့ဘူး"

"လာလာ . . . ကိုကို အဖျားတိုင်းပေးမယ်"

ကိုကိုခွဲခေါ်ရာဆီသို့ သူ လိုက်ခဲ့ရပါ၏။ လူကို မျက်စောင်း ခဲကာ ကြည့်နေသည့် သူမ၏အကြည့်တွေက မာနအရောင်ပါပဲလား။ ကြည့်စမ်းပါဦး . . . သူများရဲ့အရိပ်မှာ လာခိုနေရတာတောင်မှ မျက်လုံးအကြည့်က ရဲတင်းလိုက်တာနော်။ တကယ်ဆို သနားစဖွယ်၊ ကရုဏာသက်ချင်စဖွယ် မျက်နှာငယ်လေးနဲ့သာဆို ကိုကို့လိုပင် သူမ အပေါ် ဖေးဖေးမမနဲ့ ဆက်ဆံမိမှာပါ။

အခုတော့ 'တစောင်းစေးနဲ့ မျက်ချေး' လို့ ဆိုချင်ဆို။ တစ်ယောက်ကိုတစ်ယောက် ဘယ်လိုမှ ကြည့်မရတော့ ခက်သား လား။ 'ခြေနှစ်ချောင်း မကယ်ကောင်း' ဆိုပြီး အိမ်ပေါ်ကို လူပိုတစ် ယောက် ခေါ်တင်လာရတယ်လို့ . . . ကယ်ထားတဲ့သခင်ကို သခင်လို့ မမြင်ဘဲ ခြေရာတိုင်း နှုတ်ရိုင်းနဲ့ ခံပက်နေတာ ဘယ်လိုသည်းခံနိုင် ပါ့မလဲ။ စိတ်တိုလိုက်ပါဘိ။

"အဖျားသိပ်မရှိပါဘူး (၉၀) လောက်ပဲ ရှိတယ်"

"ဘယ်ရှိတော့မှာလဲ၊ ခင်းကြောင့် ဒေါသထွက်ပြီး ဖေချွေး ပြန်လာရတာ"



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆို ကျေးဇူးတင်ရမှာပေါ့၊ ညီပဲ ဆေးမထိုးချင်ဘူးဆို"

"ဒင်းနဲ့သာ ရှေ့လျှောက် အတူတူနေရရင် အသက်တိုဖို့ပဲ ရှိတယ်"

"မဟုတ်တာကွာ"

"ကိုကို မသိပါဘူးဗျာ"

"အေးပါ ... မသိဘူးလို့ပဲ ထားလိုက်ပါတော့၊ ထမင်းစားပြီး ဆေးတော့ သောက်လိုက်ဦး"

"ကျစ်! ... ဒင်းကို ဒီအိမ်မှာ မနေနိုင်အောင် လုပ်ပစ်ရမယ်"

"ဟင်းဟင်း ... ခုထိ ကလေးဆန်တဲ့အတွေးမျိုး ရှိနေတုန်းပဲလား။ တစ်ခုသိထားဖို့က ခင်သုသုစံကို ဖေဖေက အိမ်စေအလုပ်သမားအဖြစ် ခေါ်လာတာ မဟုတ်ဘူးဆိုတာပဲ, ညီ၊ စာချုပ်စာတမ်းနဲ့ တရားဝင် မွေးစားထားတာ"

အဘယ်မျှ ခံပြင်းစရာကောင်းလိုက်ပါသလဲ။ မေမေရှိစဉ်ကတည်းကတော့ မမွေးစားဘဲ အခုမှ ကောက်ပြီး မွေးစားရတယ်လို့။ နောက်ပြီး ထိုချာတိတ်မက သူတို့ညီအစ်ကိုထက် ဖေဖေနှင့်သာ ပိုပြီး ရင်းနှီးနေသည့်နှယ်ပါ။ တီးတိုးစကားပြောကြတာ ဖေဖေ့ကို အညောင်း





အညာပြေအောင် နှိပ်နယ်ပေးတာတို့ကအစ မျက်စိရှေ့ မြင်နေရပါ၏။

သားယောကျ်ားလေးတွေမို့ ဖခင်ဖြစ်သူနှင့် ကယုကယင် တရင်းတနှီး မနေတတ်သော်ငြား သမီးမိန်းကလေးတွေကဖြင့် ထိုသို့ မဟုတ်ပါ။ သို့သော် ဘာသွေးသားမှ မတော်စပ်ပါဘဲ သူစိမ်းမိန်းကလေးနှင့် ဤသို့ လက်ပွန်းတတီး ရှိသင့်ပါသလား။ မဖြစ်သင့်ပါချေ။

"အစ်ကိုကြီးတို့ကို ဘဘ ခေါ်နေပါတယ်"

"အေးအေး"

ဆက်တီထက် လှဲနေရာမှ ထထိုင်လိုက်ရပါ၏။ အပေါ်ထပ်မှာပင် ရှိနေသည့် သူမက လာမခေါ်ဘဲ အောက်ထပ်မှ ဖိုးကျော်က လာခေါ်ရတယ်လို့။ အဲဒါပေါ့ ... "ဆီးသီးသည်မဖျင်း" လို ကိုယ့်ဘဝ ဘယ်ကလာတယ်ဆိုတာ တမင်မေ့ထားပြီး ဘဝင်လေဟပ်နေတဲ့ဟာလေး ... မုန်းလိုက်တာနော်။

အောက်ထပ်သို့ ဆင်းလာစဉ် သူမကို အရိပ်မတွေ့ရတော့ပါ။ အလုပ်လုပ်တာပဲ မြန်လွန်းသွက်လွန်းတာလား။ သို့တည်းမဟုတ် သူနှင့် မျက်နှာချင်းဆိုင်ရမှာကို အနေခက်ပြီး ရှောင်လေသလား။ မမြင်လေ ပိုကောင်းလေပေါ့ ခင်သုသုစံ။ မင်းနဲ့ငါက ရွှေနဲ့ကြေးလို



www.burmeseclassic.com

www.burmeseclassic.com



မြင်မြင်ချင်း တည့်မှ မတည့်ကြတာကိုး။

"ထိုင်ကြ ... ဘာလုပ်နေကြတာလဲ"

"ညီညီ ဖျားချင်ချင်ဖြစ်နေတယ်ဆိုလို့ ... အဖျားတိုင်းပေး

နေတာပါ ဖေဖေ"

"ဖျားချင်တဲ့လူက ပြဿနာရှာဖို့ကျ အားရှိတယ်ပေါ့လေ

... ဟုတ်လား သားငယ်"

ကြည့်စမ်း! ... နာရီဝက်တောင် မကြာသေးဘဲ ဖေဖေ့ကို

လာ တိုင်ပြီးပြီးပေါ့လေ။ အလကား ချွန်တွန်းမ။ ပလစီချောက်ချက်

သွေးထိုးတတ်သည့်အကျင့်က ဘယ်ကပါလာတာပါလိမ့်။ အတော်ကို

စိတ်ပျက်ဖွယ်ရာပင်။ မင်းတော့ ဖွတ်တက်ခံရပါပေါ့လား မင်းသွင်ခန့်

"ကျွန်တော် တမင်သက်သက် ပြဿနာရှာတာမှ မဟုတ်

တာ"

"ပြောလိုက်ရင် ဒီလိုချည်းပဲ၊ ရှေ့က လုပ်သွားပြီး နောက်က

ငြင်းပြနေတာ၊ ဘယ်တရားနည်းလမ်းကျပါ့မလဲ"

"အဲဒီဟာလေး လုပ်တာကျ ဖေဖေမှ မမြင်တာ"

"ဘယ်လိုခေါ်လိုက်တယ်"

ဖေဖေ့လေသံက မာသွားတာမို့ သူ အတော် လန့်သွားရပ်





ဇာ်။ သားတွေရှေ့မှာတောင် သူမအတွက် ဖေဖေ ဆတ်ဆတ်ထိမခံ

ဖြစ်နေပါရောလား။ တကယ် သွေးသားရင်းချာသားတွေက ကိုကိုနှင့်

သူပါလေ။ ဘုရားရေ! ... ဒါဖြင့် အဲဒီ ခင်သုသုစံက ဖေဖေ့ရဲ့ ဘာ

ညာဘာညာအမျိုးသမီးရဲ့ မျိုးဆက်များ ဖြစ်နေပြီလား။

"ဟို"

"လူဆိုတာ ကြီးသူကို ရိုသေ၊ ရွယ်တူကို လေးစား၊ ငယ်

သူကို သနားကြင်နာတတ်ရမှာပေါ့ သားငယ်၊ သမီးက သားကြီးထက်

(၉) နှစ် ငယ်သလို၊ သားထက်လည်း (၃) နှစ်ငယ်တာ သိရဲ့သားနဲ့၊

ကိုယ်က အကြီးမို့ အငယ်ကို သည်းခံပေးရမှာပေါ့။ တနာစိတ်ဆိုတာ

ဖေဖေတို့ ယောကျ်ားသားတွေမှာပဲ ပိုရှိရတယ်"

"သမီး" တဲ့။ ခေါ်သံထဲမှာ မေတ္တာတရားတွေ ပြည့်ဝပျော်

ဝင်နေသည့်နှယ်ပါ။ နာမည်ကိုတောင် မခေါ်နိုင်ရလေအောင် ဤ

ချာတိတ်မအပေါ် ဖေဖေ တွယ်တာနေပြီလား။ သူ့ကိုဖြင့် မကြာခဏ

နာမည်တပ်ခေါ်နေတတ်ပြီး ခင်သုသုစံကိုမှ သမီးတဲ့လား။ ကျွန်တော်

က ဘယ်နေရာ၊ ဘယ်အဆင့်ကိုများ ကျသွားပြီလဲ ဖေဖေ။

"သုသုကို ဖေဖေ ဒီခေါ်လာတာ သမီးတစ်ယောက်အနေနဲ့

ပါ၊ အလုပ်သမားအဖြစ် ခေါ်လာခဲ့တာ မဟုတ်ဘူးဆိုတာ သားတို့



www.burmeseclassic.com

www.burmeseclassic.com



နှစ်ယောက်စလုံး သိထားပါ၊ ညီမလေးလို သဘောထားပါ၊ နွေးနွေးထွေးထွေး ဆက်ဆံပါ၊ သွေးသားရင်းချာလို ကြင်နာပေးကြပါ''

ရင်ထဲ နာကျင်သွားရပါ၏။ တစ်ဖက်သတ် ဆုံးဖြတ်ချက်တွေပါပဲ။ နေရာတကာ ကန့်လန့်တိုက်တတ်တာမျိုး မဟုတ်သော်ငြား အော်ဟစ်ပေါက်ကွဲချင်တာ မပြောပါနဲ့တော့။ ဖေဖေ ဆုံးမနေတာနှင့်သာ စိတ်ကို မနည်းကြီး တင်းထားရတာ မဟုတ်လား။

''သူရောက်လာတဲ့ တစ်ပတ်အတွင်း အိမ်မှာ ဘာတွေပြောင်းလဲသွားသလဲ၊ မြင်ကာယ် မဟုတ်လား။ အဲဒါ အိမ်တစ်အိမ်ရဲ့အဓိကနေရာကို သူ့အသိစိတ်နဲ့သူ တာဝန်ယူခဲ့တာပါ၊ ဖေဖေတို့အတွက် လိုအပ်နေတဲ့ ကွက်လပ်နေရာကို သူသူက ဖြည့်ပေးနိုင်တာ ဘယ်လောက် ကျေးဇူးတင်စရာကောင်းလိုက်သလဲ၊ ဒီတော့ . . . ဖေဖေတို့ကလည်း သူ့ကို အသိအမှတ်ပြုပြီး လိုအပ်တာ ဖြည့်ဆည်းပေးရမယ့် တာဝန် ရှိတယ်လေ''

သူ ငြိမ်နေမိပါ၏။ တာဝန်တွဲ . . . ဘာအကြောင်းအချက်ကများ သူမကို တာဝန်ဟူသည့် ခေါင်းစဉ်တပ်ခြင်း ခံရပါသလဲ။ မင်း . . . ဘယ်သူလဲ ခင်သုသုစံ။

❀ ❀ ❀



## အခန်း (၁၀)

''မွေးစားတာ . . . ဟုတ်လား''

စားသောက်ဆိုင်ထဲမှာ အကုန်ပိုင်းစုထိုင်နေတာမို့ မေ့ အံ့ဩသံက ရုတ်တရက် ထွက်လာလေ၏။ နှစ်ယောက်သား ပြန်အဆင်ပြေသည့် အထိမ်းအမှတ်အဖြစ် ကျော်ဖေတို့စုံတွဲနှင့်အတူ အခုလို ရက်ချိန်းယူလိုက်ရတာပါ။ ဘော်ဒါတွေလည်း သိထားသင့်တဲ့ကိစ္စမို့ ပွင့်ပွင့်လင်းလင်း ပြောမိကာမှ မေက အထိတ်တလန့် ဖြစ်ရတယ်လို့။

''အင်း . . . သူရောက်တာ တစ်ပတ်ကျော်ရှိပြီ''

''အဲဒါ . . . မေ့ကို အခုမှ ဖွင့်ပြောရလား။ တကယ်ဆိုး သူ



www.burmeseclassic.com

www.burmeseclassic.com



ရောက်မလာခင်ကတည်းက တိုင်ပင်သင့်တာပေါ့ ကို"

မေ့ကို သူ ငုံ့ကြည့်လိုက်မိပါ၏။ အရွယ်၏တည်ငြိမ်မှု
မေ့ကိုတော့ ညီ့လို စိတ်ထားမသေးသိမ်စေချင်ပါ။ တစ်အိမ်တည်
အတူနေရသည့် ညီ့အတွက် သူသူက အနှောင့်အယှက်တစ်ခုဖြ
ကောင်းဖြစ်နိုင်ပေမယ့် မေ့အတွက်ကဖြင့် အဝေးကြီးပါ။ ဒါကိုတော
သူတို့အိမ်အခြေအနေကို ဝင်စွက်ချင်လေသလား။

"တိုင်ပင်သင့်တဲ့ကိစ္စမှမဟုတ်တာ မေရဲ့၊ ကိုယ်တို့ညီအ
ကို့,ကိုလည်း ဒီကိစ္စကို ဖေဖေ တိုင်ပင်ခဲ့တာမှ မဟုတ်တာ"

"ဘယ်လို"

"အသိပေးတာမျိုးပါ မေ။ ဖေဖေ ကလေးတစ်ယောက်
မဖြစ်မနေ မွေးစားဖြစ်မယ်ဆိုပြီး အသိပေးခဲ့တာ"

မေ့မျက်နှာ ခပ်အမ်းအမ်း ဖြစ်သွားပါ၏။ သူ့ဘက်
တမင်တကာ ဖုံးထားတတ်သည့်ကိစ္စရပ်မျိုး တစ်ကြိမ်တစ်ခါမှ မ
ပါ။ အခုလည်း အိမ်ကို လိုက်လည်မှ သူသူကို ရုတ်တရက် မြင်မိ
မလိုလားအပ်သည့် ပြဿနာတွေ ဖြစ်နိုင်ချေများတာမျိုးမို့ အသိ
ခြင်းပါ။ ဒါကို တလွဲတွေးမိတာလား မေ။

"အဲဒါ ကိုကိုတို့ညီအစ်ကိုက မကန့်ကွက်ဘူးလား"





"ကန့်ကွက်တယ်ဆိုတာက အကြောင်းပြချက် ရှိမှပါ မေ၊ ဖေဖေကိုယ်တိုင် ကြောင်းကျိုးပြပြီးမှ အိမ်ခေါ်လာတဲ့ကလေးကို ကိုယ်တို့က ဘယ်လိုကန့်ကွက်လို့ ရပါ့မလဲ"

"ကလေးက ဘယ်အရွယ်လဲကွ"

"အင်း ... (၁၈) (၁၉) လောက်ပေါ့"

"အဲဒါ ကလေးမှမဟုတ်တော့ဘဲ မင်းထင်ရ"

"မေတော့ နားမလည်နိုင်ဘူး"

သူက စားသောက်ခြင်းကို အပြီးသတ်လိုက်ပါ၏။ အအေးဗူး ရှိနေပေမယ့် မသောက်ချင်သဖြင့် ရေသန့်ဗူးကိုသာ ဖန်ခွက်ထဲ ငှဲ၍ သောက်လိုက်ပါသည်။ ကျော်ဖေရော မြတ်နိုးပါ ဘာမှဆက်မပြော ကြပေမယ့် မေကဖြင့် မကျေမနပ် ဖြစ်နေပုံပါ။

အိမ်တွင်းရေးကိစ္စဆိုပြီး ဖေဖေပြောတိုင်း အကြီးဖြစ်သည့် သူ့ကိုသာ တိုင်ပင်စမြဲပါ။ အငယ်ဖြစ်သည့် ညီ့ကို စိတ်ရှုပ်စေရန် ဘာ ကိုမှ မပြောဖြစ်ဘဲ အေးအေးသာ နေစေခဲ့ပါ၏။ အခုလည်း ခင်သုသုစံတစ်ယောက် ဤအိမ်ကို မည်သို့မည်ပုံ ရောက်လာရသည် ဆိုသည့် အကြောင်းရင်းကို ဖေဖေ့အပြင် သူ တစ်ယောက်တည်းသာ သိခွင့်ရခဲ့တာပါ။



www.burmeseclassic.com

www.burmeseclassic.com



လျှို့ဝှက်ချက်ဆိုတာ ကိုယ် ယုံကြည်ရသူကိုသာ ဖွင့်ပြော

တတ်ကြတာ မဟုတ်ပါလား။ သားနှစ်ယောက်ရှိတဲ့အထဲကမှ သူ့ကို

သာ ရွေးချယ်ပြီး ပြောခဲ့သည့် ဖေဖေ့လျှို့ဝှက်ချက်ကို ဘယ်လိုပြော

ဖြစ်ပါ့မည်နည်း။ ညီသိလျှင် စိတ်မကောင်းဖြစ်မှာထက် သူ့အပေါ်

မနာလိုစိတ်က ပိုပြီး ကြီးထွားလာလိမ့်မည်သာ။

"ဒီအရွယ်ကိုမှ မွေးစားတာ မင်းအဖေမှာ အကြောင်းရှိ

မယ်"

"ဟုတ်တယ် ... အန်တီရှိစဉ်ကတည်းက မမွေးစား

အန်တီမရှိမှ မွေးစားတာ မသက်ာစရာပဲ"

"ခွေမျိုးထဲကပဲလား ကို"

"ပြောတာပဲ"

"ကိုတို့ညီမလေးလို့ပြောပြီး ခေါ်လာတာလား"

"ဟုတ်တယ်"

"အန်ကယ့်ကို ဘယ်လိုခေါ်လဲ"

သူ ငြိမ်လိုက်မိပါ၏။ ဘယ်လိုခေါ်သလဲတဲ့။ ဖေဖေ့နှုတ်

သာ "ဖေဖေ" ဟု ခပ်လွယ်လွယ်သုံးပြီး ပြောနေပေမယ့် သူ့မနှုတ်

ဖြင့် မည်သည့်နာမ်စားမှ မသုံးတာလေ။ သူတို့ညီအစ်ကိုကိုသာ ကိုကြ





ကိုလေးဟု မကြာခဏ ခေါ်ဝေါ်တတ်တာပါ။ သေချာတာကတော့

အဖေနှင့်သူမ စိမ်းသက်နေသည် ဆိုတာပါပဲ။

"ငါ သတိတောင် မထားမိဘူး"

"ကောင်မလေးက အန်ကယ်နဲ့တူလား"

သူ မျက်နုံမြင့်သွားရပါ၏။ ထင်သည့်အတိုင်းပါပဲ၊ ဒါတွေကို

ကြိုသိကြိုမြင်နေလို့လည်း ဖေဖေ အရင်ဆုံး ပြောခဲ့တာပါ။ သူတို့

သူငယ်တွေက ဉာဏ်ပညာထက်မြက်ကြပေမယ့် လူကြီးတွေရဲ့ရှေးရှိုး

ဦးနှောက်နှင့် ယှဉ်နိုင်ပါ့မလား။ အရာရာ ကြိုသိ ကြိုတွက်ဆတတ်

သည့် ဖေဖေ့ခြေရာကို မီအောင် အတော်လေး ကြိုးစားရပေမည်။

"ဟော! ... မဖြေဘဲ ပြုံးနေတယ်"

"မင်းတို့ပြောပုံက ပြုံးစရာ ဖြစ်နေတာကိုး"

"ဘာဖြစ်လို့လဲ"

"မင်းတို့စိတ်ထဲ တွေးတာကို သိနေလို့ပေါ့"

"ဒါဖြင့် အန်ကယ်ရဲ့တိတ်တိတ်ပုန်းကလေး မဟုတ်ဘူး

လား"

"ကိုဖေ"

မြတ်နိုးက ကျော်ဇေ့လက်မောင်းကို ဖတ်ခနဲ ရိုက်လိုက်လေ



www.burmeseclassic.com

www.burmeseclassic.com



၏။ တဲ့တိုးစကားက မိုင်းရာကျပေမယ့် လိုရင်းအချက်ကို ထိထိမိမိ ပြနိုင်တာပါ။ မေးနေပြီ ဖေဖေ။ ခင်သုသုစံက ဖေဖေ့သမီးလားတဲ့။

"အဲဒါတော့ မဟုတ်ဘူး"

"သေချာလား"

"လုံးဝပဲ"

"ဒါဖြင့် DNA တွေး ဘာတွေ စစ်ကြည့်ဖို့ မလိုဘူးပေါ့"

"ခုရုပ်မှ နောင်ရှင်းတဲ့၊ စာချုပ်စာတမ်းနဲ့ တရားဝင် မွေးစားတာဆိုရင် ကိုမင်းထင်တို့ညီအစ်ကိုအတွက် နစ်နာစရာတွေ ဖြစ်လာမှာ ကြိုတွက်ထားဦး"

သူက မေ့ကို တစ်ချက်ကြည့်မိပြန်၏။ ကျော်ဇေတို့ ဝင်ခွေးနွေးနေပေမယ့် မေကဖြင့် ဘာမှမပြောဘဲ ငြိမ်သက်တိတ်ဆိတ်နေတာပါ။ မေ ဘာတွေများ စဉ်းစားတွေးတောနေပါသလဲ။ သူ သိချင်တာမှန်ပေမယ့် မေ့ဦးနှောက်တွင်းကို မမှန်းဆနိုင်ပါချေ။

"သူ့ကို မခေါ်လာခင်ကတည်းက အဲဒီအမွေကိစ္စကို ဖေဖေ ပြောပြီးပြီ"

"ကြာပြီလား"

"အင်း . . . ဆိုပါတော့၊ အဲဒီနေ့တုန်းကပဲ မေနဲ့ ပြဿနာဖြစ်





ခဲ့တာလေ၊ တကယ်တမ်းပြောရရင် အိမ်မှာ မေမေမရှိတော့တဲ့နေ့ကပြီး အရာရာလစ်ဟာနေသလို သားအဖသုံးယောက်လုံး ခံစားနေခဲ့တာ"

". . ."

"အဲဒီကွက်လပ်ကို ဘယ်သူဖြည့်ဆည်းပေးနိုင်မလဲဆိုတာ စဉ်းစားကြည့်၊ ဖေဖေလား၊ ဒါမှမဟုတ်ရင် ငါလား။ ညီက အသက်ငယ်လွန်းသေးလို့ ဒီကိစ္စထဲ ထည့်စဉ်းစားစရာမလိုဘူးလေ"

"အန်ကယ် နောက်အိမ်ထောင်ပြုမယ်လို့ မပြောဘူးပေါ့"

"မပြောလို့ ငါနဲ့မေ့ကို မင်္ဂလာမြန်မြန်ဆောင်နိုင်းနေတာပေါ့"

"ဒါကြောင့် မေ့ကို peace ဆိုပြီး အလံဖြူပြခဲ့တာပေါ့လေ"

မေ့အပြစ်တင်သံက ခေါသမပါပါချေ။ ကိုးကြောင်း သင့်တင့်အောင် စီမံထားပါသည့်အချက်က နိုင်မာပုံမလား။ အထူးသဖြင့် သူ့ထက် ညီ့အပေါ်မှာ ပိုသာသည့် ဖေဖေ့စေတနာမေတ္တာကို သူ အသိဆုံး မဟုတ်ပါလား။ ကုမ္ပဏီမှာ အခြေခံကစပြီး သင်ယူခွင့်ရခဲ့သည့် ညီက အချိန်တန်သည်နှင့် ဖေဖေ့ MD နေရာကို လွယ်လွယ်ကူကူ ယူလိုက်ရုံသာ။

ကုမ္ပဏီလုပ်ငန်းနှင့် လားလားမှ မသက်ဆိုင်သည့်သူက



www.burmeseclassic.com

www.burmeseclassic.com



နဂိုကတည်းက ဝါသနာပါသည့် သရာဇ်နေအလုပ်ကို ရွေးချယ်ဖြစ်ခဲ့တာပါ။ ဒါကိုတောင် မသိနားမလည်သည့် ညီက အစ်ကိုဖြစ်သည့် သူ့ပေါ် မနာလိုစိတ်ဖြစ်သတဲ့လေ။ ဖေဖေနဲ့ ရုပ်ဆင်တာ၊ အသားရောင်တူတာ၊ အရုပ်အမောင်းတူနေတာကအစ ဆေးကျောင်းတက်ခွင့်ရခဲ့တာ အဆုံး "မနာလိုဘူး" ဟု တဖွဖွ ပြောခံခဲ့ရတာက ခက်သားလား။

"ဒါဖြင့် လက်ရှိကုမ္ပဏီကရော"

"အဲဒါ . . . ငါနဲ့ မဆိုင်ဘူးလေ"

"ဟင်!"

"ကို့အတွက် ဘာမှမစီစဉ်ပေးတဲ့သဘောလား"

"ဒါတော့ . . . ဘယ်သိပါ့မလဲ၊ ဖေဖေ့မှာ ချထားပြီးသား plan တော့ ရှိမှာပေါ့။ ကိုယ်ကိုယ်တိုင် ဖေဖေ့ကို ပြောထားပြီးသားဆိုတော့ ဒီကိစ္စကို မေးလို့ မသင့်တော်ဘူး"

"ကိုက ဘာပြောထားလို့လဲ"

"မေနဲ့ လက်ထပ်ဖို့က အရင်လို့"

"ကြည့်!"

"တကယ်ပြောတာ၊ ညီအစ်ကိုနှစ်ယောက်တည်းရှိတာ





ဖေဖေတောင် မျက်စိမမှိတ်သေးပါဘဲ အမွေခွဲနိုင်းတော့ ကောင်းမသား။ မေပဲ စဉ်းစားကြည့်"

"ဟုတ်ပါပြီ"

"ဒါပေမဲ့ . . . အခုက မင်းတို့နှစ်ယောက်အပြင် ကောင်မလေးပါ ပါလာပြီလေ"

သူ ခေါင်းညိတ်လိုက်ပါ၏။ တကယ်က ဤကလေးမနှင့် သူတို့ အမွေကိစ္စက လုံးဝမသက်ဆိုင်ပါ။ ဒါကို ဖေဖေ့ရှေ့နေကြီးက သူ့ကို ရှင်းရှင်းလင်းလင်း ပြောပြခဲ့တာ မဟုတ်ပါလား။ ဒါကြောင့်လည်း ထိုချာတိတ်မ ရောက်လာသည့်ကိစ္စကို သူ ပြင်းပြင်းထန်ထန်ကြီး မဆန့်ကျင်ခဲ့တာပင်။

"ဟုတ်တယ် . . . အဲဒါကို ရှင်းဦး"

"အဲဒါက မေနဲ့လည်း သက်ဆိုင်တယ်"

"ဘယ်လို"

"ဟုတ်တယ်လေ၊ အိမ်မှာ နောက်အိမ်ထောင်မပြုတဲ့ ဖေဖေ့အတွက် ကူဖော်လောင်ဖက် မရှိဘူး။ အိမ်ဖော်ခေါ်ရအောင်လည်း ယောကျ်ားလေးတွေချည်း ရှိတဲ့အိမ်မှာ ဘယ်သူက အလုပ်လာလုပ်ရဲမလဲ"



www.burmeseclassic.com

www.burmeseclassic.com



"မေနဲ့မင်း ယှဉ်ပြီးရင်ကော"

"အဲဒါပဲလေ ... မေက ကိုယ်တို့အိမ်မှာ အစစလုပ်ပေးနို
မှာလား။ လက်ရှိလုပ်နေတဲ့ အလုပ်မျိုးကို ဘယ်လိုလွယ်လွယ်နဲ့ စွ
လွှတ်ပါ့မလဲ ... မဟုတ်ဘူးလား"

လေးယောက်သား တိတ်ဆိတ်သွားကြပါ၏။ ပုစ္ဆာတစ်ပု
ကို ဖြေရသည့်အထိ တွက်ချက်ကျင့်က ကျောင်းတက်စဉ်ကတည်းက
ရှိခဲ့ကြတာမို့ အခု ပြဿနာကိုလည်း ဒီလိုပင် အဖြေရှာကြတာ
တွေးစရာတွေက အများကြီး ရှိနေဦးမှာပါပဲ။ လောလောဆယ်မှာ
မေနှင့်သူ ပြန်ပြေလည်သွားတာကိုပဲ ကျေးဇူးတင်ရမှာပါ။

"ဒါနဲ့ပဲ အဲဒီကလေးမကို အိမ်ခေါ်လာတာပေါ့"

"ဟုတ်တယ်"

"မင်းသွင်နဲ့ရော တည့်ရဲ့လား"

"အေး ... အဲဒါက ပြဿနာရဲ့အရင်းအမြစ်ပဲ၊ သူတို့
ယောက် အမြဲနောင်ကျိန်ချနေလို့ ငါရော မေမေပါ ခေါင်းခဲနေတာ"

"မင်းညီက ဘယ်ခေပဲ့မလဲ၊ သူ့ကို ရာထူးတင်ပေးမှာ
ချာတိတ်မကို Lesson ကောင်းကောင်းပေးမှာ အသေအချာပဲ"

"မှန်တယ်"





"ကောင်မလေးက လိမ္မာရဲ့လား"

"မေးမှမေးတတ်ပါပေ့ ... မယုံရင် အိမ်လိုက်ကြည့်ပေါ့၊
အိမ်က အရင်နဲ့ မတူဘဲ မေမေရှိတုန်းကအတိုင်း တောက်ပသန့်ရှင်း
နေတာ၊ သူသူက အလုပ်မလုပ်ဘဲ ငြိမ်ကို မငြိမ်တတ်တာ တကယ်ပဲ၊
မီးဖိုချောင်ကိစ္စလည်း လိုလေသေးမရှိဘူး။ ဒီတော့ ဖေဖေ မချစ်ဘဲ
နေမလား။ ဒီကြားထဲ ဖေဖေ့ကို အဖေအရင်းလိုပဲ နှိပ်နယ်ပြုစုပေး
သေးတာ"

"မင်းသွင် ဘာမှမပြောဘူးလား"

"မပြောဘဲ ရှိမလား။ မနက်စောစော ဘုရားရှိခိုးသံ ကြား
ရလည်း တစ်ပြစ်၊ ဖယောင်းတိုက်ထားတဲ့ ကြမ်းပြင်ပြောင်ရင်လည်း
တစ်ပြစ်၊ သူ့အဝတ်တွေ ယူလျှော်ပေးပြန်လည်း တစ်ပြစ်၊ အခန်း
ဝင်ရှင်းပေးရင်လည်း အပြစ်က မလွှတ်ဘူး။ စေတနာကို စေတနာလို့
မမြင်တော့ ကလေးစိတ်ထဲ ဘယ်လိုနေမလဲ"

"နာမည်က သူသူလား"

"ခင်သူသူစံတဲ့"

ကိုယ့်အကြောင်း ကိုယ်ပြောနေတာမို့ လိပ်ပြာသန့်သန့်ဖြင့်
ပြောနေမိတာပါ။ တော်ရုံဖြင့် စကားရှည်ရှည် ပြောလေ့မရှိသည့် သူ့



www.burmeseclassic.com

www.burmeseclassic.com

ကိုယ်သူ သတိမထားဖြစ်ပါချေ။ သို့သော် မေကဖြင့် သူ့ကို အံ့ဩစွာဖြင့် ငေးကြည့်နေလေ၏။

"မင်းနဲ့တော့ အဆင်ပြေတယ်ပေါ့လေ"

"ဒါပေါ့ . . . ငါက ဘယ်သူနဲ့ပဲဖြစ်ဖြစ် သင့်တင့်အောင်နေတတ်တာပဲကို"

"တစ်ရက်လောက် ကိုတို့အိမ်ကို မေ လာခဲ့ဦးမယ်"

သူ ခေါင်းကိုသာ ညိတ်ပြလိုက်မိ၏။ ပဋိပက္ခဆိုတာ ကိုယ်ကမရှာပေမယ့် ကိုယ့်ထံကို အလိုလိုရောက်လာတတ်မှန်း ထိုစဉ်က သူမသိနိုင်ခဲ့ပါ။ အထူးသဖြင့် သူမနှင့်ပတ်သက်ပြီး မေ့ထံမှာ ဝန်တိုစိတ်တို့ ရှိနေမည်ဆိုတာကိုပါပဲ။ မိန်းမဟူသည် ကြီးကြီးလတ်လတ် ငယ်ငယ် အူတိုတတ်သည့်အမျိုးဟု အဘယ့်ကြောင့် သူ မသိခဲ့တာပါလိမ့်။

၀ ၀ ၀



# အခန်း (၁၁)

"ဟာ! . . . သွားပါပြီ၊ ကုန်ပါပြီ . . . ခင်သုသုစ်"

နံနက်ခင်း အရုဏ်တက်အချိန်မှာ ကြားရသည့်အသံက ငှက်ကလေးတွေ၏သီချင်းသံ မဟုတ်ဘဲ ဒီအိမ်ရဲ့ဆည်းလည်းသံသခင်တဲ့လား။ ဖိုးကျော်နှင့်အတူ မီးဖိုခန်းထဲ ချက်ပြုတ်နေရင်းမှ သူမ လေကားထစ်တို့ကို အပြေးတက်လာခဲ့ရပါသည်။ စောစောစီးစီး တိုက်ပွဲဝင်ရဦးမှာတဲ့လား။ ရင်မောရလေစွ။

"ဒေါက်! . . . ဒေါက်!"

"ကိုလေး"

www.burmeseclassic.com

www.burmeseclassic.com



"ကိုလေးတွေ၊ ကိုပေါ့တွေ ခေါ်မနေနဲ့ . . . ဝင်လာခဲ့"

အမယ်လေး! . . . လေသံကတော့ မိုးခြိမ်းသံအလားပါပဲ။ အားတင်းထား ခင်သုသုစံ၊ ဒီအိမ်မှာနေရင် ဒီလူရဲ့ဒေါသ၊ ဒီလူရဲ့ဝန်တိုစိတ်၊ ဒီလူရဲ့အပြစ်တင်မှု မုန်းသမျှကို သည်းခံပေးနိုင်ရမှာပါ။ ရွေးချယ်ခဲ့သည့် လမ်းကို ဆက်လျှောက်ရမှာက သူမ တာဝန်ပင် မဟုတ်ပါလား။ ဝင်ခဲ့ဟု အမိန့်ပေးနေပြီမို့ ဘံခါးကို တွန်းဖွင့်ဝင်လိုက်ပါတော့။

"အား!"

"အောင်မာ . . . ခုမှ လန့်ပြမနေစမ်းပါနဲ့၊ ဒီမှာကြည့်စမ်း . . . နင်လုပ်လိုက်လို့ ငါ့အင်္ကျီအဖြူတွေက အပြာဘဝပြောင်းကုန်ပြီ ရှားရှားပါးပါး (၅) ထည်တည်းရှိတာ၊ နင်တော့ လုပ်ချလိုက်ပြန်ပါရော လား"

"အဲဒါ သုသုက အဝတ်လျှော်ပြီး မဲနယ်ဆိုးပေးထားတာပါ ကိုလေးရဲ့ . . . မပြောပါဘူး။ ကိုလေးအင်္ကျီအဖြူတွေက အရောင်ညစ် နေလို့"

"လာပြန်ပြီ . . . ပြောလိုက်ရင် reason က အပြည့်ပဲ၊ ငါ ပြောထားတယ် မဟုတ်လား။ ငါ့အခန်းထဲ မဝင်နဲ့၊ ငါ့ပစ္စည်းတွေ





ကိုင်နဲ့လို့ ဘယ်နှခါ ပြောမှသိမှာလဲ"

အခန်းထဲမှာ ပုဆိုးတိုတိုသာဝတ်ပြီး ကိုယ်ခန္ဓာပေါ်မှာ ဘာအင်္ကျီမှ ဝတ်မထားတာမို့ လန့်အော်မိတာလည်း အပြစ်ပဲလား။ စေတနာထားပြီး လုပ်ပေးနေတာတောင်မှ မမြင်သေးပါလား။ လူကြီး တစ်ယောက်လုံးက သူမရှေ့မှာ မားမားရပ်ပြီး အဆင်ပြေအောင် ဖြေ ရှင်းပေးနေတာ ဘယ်နှကြိမ်ရှိနေပြီလဲ။

ဘယ်လိုပဲ အဆင်ပြေအောင် နေနေပေမယ့် မျက်မုန်စိမ်း တပ်ပြီး ကြည့်နေသလိုမို့ သူမကို ဘယ်လိုအမြင်ကြည့်ပါ့မလဲ၊ ကိုကြီး တောင်မှ ညီမအရင်းလေးလို သဘောထားပြီး နွေးထွေးရင်းနှီးစွာ ဆက်ဆံပေးတာ မဟုတ်ပါလား။ ညီအစ်ကိုချင်း တူတာတောင် ဘာလို့များ စိတ်ချင်းက မတူတာပါလိမ့်။

"သုသုက လုပ်သင့်လုပ်ထိုက်တယ် ယူဆလို့ လုပ်ပေးတာ ပါ၊ ကိုကြီးတောင် သုသုလုပ်ပေးတာကို တစ်ခါမှ မငြင်းခဲ့ဘူး။ ကိုလေးက ကျေးဇူးမတင်ရင်တောင် . . ."

"ကိုကိုက ငါမှမဟုတ်တာ!"

အမယ်လေး . . . အော်ပြန်ချေပြီ။ မျက်နှာသာ ရှုပုပ်တာ မဟုတ်ပါ။ အတွင်းစိတ်ရော၊ အပြင်စိတ်ပါ ထပ်တူစိတ်ပုပ်တာ အမှန်



www.burmeseclassic.com

www.burmeseclassic.com



ပါပဲ။ လူတစ်ဖက်သားရင်ထဲ မည်သို့ခံစားရမည်ကို စာနာစိတ်နဲ့ မတွေးတတ်ပုံပါ။ ဘယ်လိုလူပါလိမ့်။ သူမက လူတိုင်းနှင့် သင့်တင့်အောင် ပေါင်းသင်းတတ်သလို အောက်ကျို့ရမယ့်လူကိုလည်း ကျိုးနွံကာ ပေါင်းတတ်တဲ့လူပါ။

ဒီလို ကပ်ဖိုးကပ်ဖဲ့နိုင်တဲ့ ဗီဇကြောင်တတ်တဲ့ အပြစ်ကို ဆီလိုအပေါက်ရှာတတ်တဲ့၊ လူကို နှိမ့်ချဆက်ဆံတတ်တဲ့ အလိုလို မျက်မုန်းကျိုးနေသည့်လူကို ဒီတစ်ယောက်တည်းကိုသာ တွေ့ရတာ ပထမဦးဆုံးပါပဲ။

အဆင့်အတန်းခွဲတာလည်း မဟုတ်။ လူလူချင်း ခွဲခြားတာမျိုးလည်း မဟုတ်ပါဘဲ သူ့တစ်ကိုယ်လုံး ဝန်တိုစိတ်၊ မနာလိုစိတ်၊ အပြစ်ရှာစိတ်၊ အတ္တစိတ်တွေနဲ့ နှစ်မွန်းပြီး မှောင်မိုက်နေတာ မဟုတ်ပါလား။ ငယ်စဉ်က အမေပြောခဲ့ဖူးသလို ပြောရရင် "ရုပ်နဲ့အလိုက် မိုက်ကမ်းသည်" တဲ့။ မုန်းချင်လိုက်တာနော်။

"နင် တမင်ရည်ရွယ်ပြီး ငါ့ကို လုပ်နေတာ မဟုတ်လား"

"မဟုတ်ပါဘူး"

"မဟုတ်ရင် ငါပြောတာကို နားထောင်ရမှာပေါ့။ နာခံတတ်ရမှာပေါ့၊ အခုတော့ ငါ ဘယ်လောက်ပြောပြော အမှတ်သည်းခြေ





မရှိ ဆက်လုပ်နေတာ ဘာသဘောလဲ၊ အိမ်မှာ ငါက အငယ်၊ ဘာ Power မှ မရှိဘူးဆိုပြီး"

"ညီ"

ဟော! ... ရောက်လာပါပြီ၊ အခန်းတံခါးကို ဖွင့်ထားတာမို့ ရေချိုးခန်းထဲမှ ထွက်လာသည့် ကိုကြီးက သူမတို့ကို မြင်သွားလေ၏။ အခုပဲ ရေချိုးပြီး ထွက်လာသည့် ကိုကြီးတောင်မှ ရေလဲပုဆိုးနှင့် ကိုယ်ပေါ်မှာ တဘက်ခြုံထားတာပါ။ အခန်းထဲရှိ သူကဖြင့် ကိုယ်ဗလာနှင့် ခါးထောက်ထားပြီး သူမကို ရန်တွေ့နေတာ မဟုတ်လား။

"ဘာဖြစ်ကြပြန်ပြီလဲ၊ အင်္ကျီချွတ်နဲ့ မနေရဘူးလေ၊ ပြန်ဖျားနေဦးမယ်"

"ဒီမှာလေ ... Meeting ရှိလို့ အဖြူရွေးဖို့ ပြင်ပါတယ်၊ ရေနယ်ပုံထဲ နှစ်ထားတဲ့ အဖြူတွေပဲ ရှိတော့ ဘယ်လိုလုပ်မလဲ"

"တခြားဟာ ဝတ်ပေါ့ကွာ"

"မရဘူးဗျ"

"ဒါဆိုလည်း ကိုကို့အင်္ကျီ ယူဝတ်လေကွာ"

"ဘာထူးမှာလဲဗျာ၊ သူ့လက်ရာဆိုမှ ပြာနှမ်းနှမ်းတွေချည်းပဲ ဖြစ်မှာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"မဝတ်ရသေးတဲ့ အသစ်တွေ ရှိပါတယ် ညီရာ၊ CNC ဝတ်မလား။ i-max ဝတ်မလား။ ဘာတံဆိပ် ဝတ်မလဲပြော"

"ကိုကိုနဲ့ကျွန်တော် size မှ မတူတာ၊ ပွနေမှာပေါ့"

ကဲ! ... ပြောကို မပြောချင်တော့ပါဘူး။ ဘယ်လို ကတ်သတ်သည့် လူပါလိမ့်။ ဒီလောက် ပေါ်လည်အောင် ကြားက ပြောနေပြန်တော့လည်း ရှာကြံပြီး ပြောပြန်တာပါလေ။ အစ်ကိုဖြစ်သူတော့ မည်သို့ထင်မည်မသိ။ သူမကတော့ ဒင်းကို အတော်လေး စိတ်ကုန်လာတာ အမှန်ပါ။ လူ့ဂွစာဆိုတာ ဒါမျိုးထင်ပါရဲ့။

"အစ်ကိုလေး"

"လာပြန်ပြီတစ်ယောက် ... ဘာလဲကွာ"

"ဘဘက ဒီနေ့ ကုမ္ပဏီမလိုက်နဲ့တဲ့"

"ဘာဖြစ်လို့လဲ"

"မမလေးနဲ့ အဖော်လိုက်ပြီး ဈေးပို့ပေးရမယ်တဲ့"

"ဘာ!"

"ဟာ! ... တိုးတိုးပြောလေ ညီရာ"

"ဈေးသွားတာ မင်းနဲ့ သွားပါလား။ ငါက ဘာကိစ္စနဲ့ လိုက်ပို့ရမှာလဲ၊ မလုပ်ပေးနိုင်ဘူး"





"ကျွန်တော်မှ အဲဒါတွေ မဝယ်တတ်တာ အစ်ကိုလေးရဲ့"

"ဘာကိုလဲ"

"မမလေးအတွက် အဝတ်အစား"

"ဘာပြောတယ်"

ခါးခုတ်ရာ လက်ဝင်လျှိုမိသလို ဖြစ်ပြန်ပြီလား။ ဒါသတွက်နေသည့်လူကို လာဆွပေးသလို ဖြစ်နေလေပြီ။ ပိတ်ရက်လည်း မဟုတ်ပါဘဲ ဘယ်လိုဖြစ်ပြီး ဖေဖော သူနဲ့ ထွက်ခိုင်းရတာပါလိမ့်။ ဒါသအိုးအပေါ် ခါတ်ဆီလောင်းမိပြန်ပါရောလား။

"ဟာ! ... မသိဘူးဗျာ၊ ပိတ်ရက်လည်း မဟုတ်ဘဲ ကြားရက်ကြီး သွားခိုင်းရလား။ ကိုကိုပဲ ပို့လိုက်ဗျာ"

"No ! ... ငါ (၂) နာရီ duty ဝင်ရမှာ မအားဘူး"

"အိမ်ကိစ္စမဟုတ်ဘဲ မပို့နိုင်ဘူး။ နင့်ဘာသာနင်သွား"

"အိမ်အတွက် ဝယ်မှာမို့ ကိုလေးကို ပို့ခိုင်းတာပေါ့"

"ဖိုးကျော်ပြောတော့ နင့်ဖို့ဆို"

"သူသူမှာ ဝတ်စရာရှိတယ်၊ ဘာမှမလိုဘူး"

"ကဲ! ... ကြားတယ်နော်၊ ကိုယ့်ကိစ္စ ကိုယ်ရှင်းကြ"

ကိုကြီးက ပြုံးစိစိမျက်နှာဖြင့် ထွက်သွားသလို ဖိုးကျော်ပါ



www.burmeseclassic.com

www.burmeseclassic.com



ဖက်ပုပြီး အောက်ထပ်သို့ ဆင်းသွားလေ၏။ နှုတ်မှ မကျေမနပ် ရွတ်ကာ သူ ကျန်ခဲ့စဉ် သူမလည်း အောက်ထပ်သို့ အမြန်ဆင်းခဲ့ ပါသည်။ ချက်စရာတွေ ကျန်သေးတာ မဟုတ်လား။

ဒီနေ့က နောက်ကျပြီး အလုပ်သွားကြမှာမို့ (၁၀) နာရီအ နေ့လယ်စာပါ ကျွေးရန် ပြင်ဆင်ထားတာပါ။ အစောကြီး သောက် ထားသည့် မနက်စာကော်ဖီက ဘာများ ဗိုက်ပြည့်မှာပါလဲ။ သူမစိတ် နဲ့ဆို မနက်တိုင်း မုန့်ဟင်းခါးတို့၊ ပဲပြုတ် ထမင်းနယ်တို့သာ ဖွယ်ဖွယ် ရာရာ ချက်ကျွေးချင်တာပါ။

ခက်တာက ဖေဖေနဲ့ကိုကြီးက ကိစ္စမရှိ၊ ဒီအိမ်ရဲ့ပြဿနာ အိုးကမှ မီးထွန်းရှာနေသည့် အပြစ်နဲ့ မလွတ်နိုင်တာပါ။ အခုလည် အပြင်ကို နှစ်ယောက်တည်း လွှတ်ရတယ်လို့။ တစ်လမ်းလုံး စကာ များသွားရင် ဘယ့်နှယ်လုပ်ရမလဲ။ ဒေါသအိုးက တော်တော်နှင့် စိတ် မပြေတတ်တော့ သူမ ပိုကြောက်ရတာ အမှန်ပါ။

ကိုကြီးက ဖေဖေ့ကျန်းမာရေးအတွက် ဂရုစိုက် ချက်ပြုတ် ဖို့ သေချာမှာထားသလို၊ ဗိုက်နာပြီး ဝမ်းလွယ်ကာ အစာမချက်နိုင် သည့် ညီငယ့်အကြောင်းကိုပါ ပြောထားသဖြင့် ဟင်းတွေကို အထူ သတိထား ချက်ရပါ၏။ ထမင်းစားတိုင်း ငန်တယ်၊ ပေါ့တယ်၊ ချဉ်





တယ်၊ စပ်တယ်ဆိုပြီး တစ်ခါတစ်မျိုး မရိုးအောင် ဝေဖန်သည်ကတော့ အိမ်ရှေ့စံမင်းသားလေးပါပဲ။

"ချင်းစိမ်းနဲ့မိဿလင်" လို ဘယ်တာဝက ဆုံခဲ့သည့် ရေစက် ဆိုးကြောင့်ပင်မသိ။ မြင်ကတည်းက ဘယ်လိုမှ ကြည့်မရခဲ့တာ အခုချိန်ထိပါပဲ။ အိမ်ကြီးရှင်ပါဝါနဲ့ အိမ်စေလေးကို နှိမ်သည့်နှယ် ပျစ်ပျစ်နှစ်နှစ် အားမနာတမ်း ပြောတော့တာပါ။ ရှင့်ကို နည်းနည်းမှ သဒ္ဒါတာ အမှန်ပဲ မင်းသွင်ခန့်ရေ။ ဖေဖေနဲ့ကိုကြီးကြောင့်သာ စေတနာထားချက်ပေးနေတာမှတ်။

ချက်ပြုတ်ပြီးသည်နှင့် ရေမြန်မြန်ချိုးတော့ မနက် (၉) နာရီ ကျော်နေလေပြီ။ ဖေဖေအလုပ်မသွားခင် ထမင်းပြင်ကျွေးလိုက်မှာမို့ မြန်မြန်လေး လုပ်ရပါ၏။ အပြင်တစ်ခါတည်း ထွက်မှာမို့ ခပ်သန့် သန့်တစ်စုံကိုသာ ရွေးဝတ်လိုက်ရပါသည်။ အမြဲကို ဖွေးအောင် မဲနယ် တပ်ပေးတာလည်း မကြိုက်ဘူးတဲ့။ အာဂချစ်ကန်ကန်လူပါပဲ။

"ဘာတွေချက်ထားလဲဟေ့"

"အစုံပဲ ကိုကြီးရဲ့ . . . ဒီမှာ ပြင်နေပြီ"

"စားဖို့ စောသေးတယ် မဟုတ်လား"

"ဖေဖေက ထမင်းချိုင့် မယူချင်ဘူးဆိုလို့ တစ်ခါတည်း



www.burmeseclassic.com

www.burmeseclassic.com



ကျွေးလိုက်မလို့လေ၊ ကိုကြီး မဆာရင်လည်း သုသု နောက်မှ ပြ

ကျွေးပါ့မယ်''

''ပင်ပန်းပါတယ်ကွာ၊ တစ်ခါတည်း မိသားစုစုံတုန်း စာ

လိုက်ကြတာပေါ့၊ ထမင်းလည်း မြိန်အောင်''

''သုသု လက်ရာက မမြိန်လို့လား''

''မြိန်ပါတယ်ဗျာ၊ ဖေဖေတောင် အခုတလော ထမင်းအ

ကောင်းတယ် ပြောနေတာ မကြားဘူးလား။ ဒါက ဘာလဲ''

''အမဲသားလေ''

''မြူတ်ကြော် မဟုတ်ဘူးလား''

''အမြဲတမ်း အဲဒီလိုချည်း စားနေရတော့ ငြီးငွေ့မှာစိုး

ပြောင်းချက်ပေးတာပါ ကိုကြီးရဲ့၊ အမဲသားကို သေးသေးလေး စင်း

လှပ်ပြီး ကြက်သွန်နီအကွင်းလေးနဲ့ ကြော်ပေးထားတာ မဆလာ

သွေးတိုးလို့ ကရဝေးရွက်နဲ့ ညှီနံ့ပျောက်အောင် အုပ်ပေးထားတယ်

''Good . . . ဖေဖေ ကြိုက်မှာပါ''

''ဒါက ကိုကြီး စားချင်တယ်ဆိုလို့ ပဲကြီးနှပ်ပြီး ဆူးပုပ်ရွ

အုပ်ပေးထားတာ''

''တော်လိုက်တဲ့ ကလေးမ''





ထမင်းဝိုင်းကျပြင်ပေးရင်း ကိုကြီးနှင့်အတူ ရယ်မောမိပါ၏။ ''ဒီအိမ်မှာ သမီးရောက်လာမှပဲ စိုပြည်လာတာ'' ဟု ဖေဖေ ပြောတာကို ကြားရလေသည်။ လက်သင့်ခံသည့်အထဲမှာ ဟိုလူတစ်ယောက်ကဖြင့် ချွင်းချက်မဟုတ်ပါလား။

''စားကြမယ်ဟေ့ . . . သားငယ်ရော''

''လာပါပြီ''

''ငါ့သမီးချက်တာ ဟင်းအမယ်များလှချည်လား''

''နည်းနည်းစီ ချက်ထားလို့ပါ၊ ညနေကျ နောက်တစ်မျိုး ချက်ပေးမှာပါ ဖေဖေ''

ဖေဖေ့မျက်နှာ ပြုံးသွားပါ၏။ မည်သို့ခေါ်ရမည်မှန်း စဉ်းစားမရပါဘဲ အတော်ကြာခဲ့ပါသည်။ အခုတော့ အစ်ကိုတွေ ခေါ်သလိုပင် မသိမသာ ရောခေါ်လိုက်မိတာပါ။ ကိုကြီးတို့ သတိထားမိပါ့မလား မသိပေမယ့် ဖေဖေကတော့ ကြားလိုက်ပုံပါပဲ။

''ဟာ . . . လာပြန်ပြီ ဒီပဲကြီး။ မကြိုက်ပါဘူးလို့ ဘယ်နှခါ ပြောရမလဲ''

''အဲဒါ ကိုကြီးဖို့ ချက်ထားတာပါ''

''ဟင်းချိုက ဘာရွက်ကြီးလဲ၊ စိမ်းစိမ်းကြီးနဲ့''



www.burmeseclassic.com

www.burmeseclassic.com



"ဒန့်ဒလွန်ရွက်လေ၊ မေမေ သွေးတိုးမှာစိုးလို့ တွဲစားစေချင်လို့ပါ၊ အရွက်က နွမ်းအားများသွားရင် နံသွားလို့ စိမ်းစိမ်းလေး ချက်ထားပေးတာ"

"ဟိုဟာက မေမေ့ဖို့ ဒီဟာက ကိုကိုနဲ့ မျက်နှာလိုက်လိုက်တာ၊ ငါ့ဖို့က ဘယ်မှာလဲ"

"မသိဘူး။ ကိုလေးက သုသုချက်တာ စားတိုင်း ချေးများတာကိုး။ စားချင်တာရှိရင် ကြိုပြောပို့"

"ဘာ! . . . ငါ နင့်လုပ်စာ ထိုင်စားနေတယ်လို့များ ထင်နေလား။ အိမ်မှာလည်း လာကပ်နေသေးတယ်၊ ပြောပုံကိုက ထောင့်ကို မကျိုးဘူး"

"သားငယ်"

"ညီ"

နှုတ်က ပြောတော့ဖြင့် ကန့်ကွက်စကားတွေချည်းသာ။ သုမ ချက်ထားသည့် အမဲသားစင်းကော၊ မဲကြီးနှပ်၊ အစိမ်းကြော်၊ မြင်းခွာရွက်သုပ်၊ ပုစွန်ဆီပြန်နှင့် ဒန့်ဒလွန်ရွက်ဟင်းချိုတို့ စုံအောင်ပင် စားသွားတာက သူ့လက်ချည်းပါပဲ။

❁ ❁ ❁



## အခန်း (၁၂)

"ဒီပုံစံနဲ့သွားမှာ"

"အင်းလေ . . . ဘာဖြစ်လို့လဲ"

"ဒီထက်သစ်တာ မရှိတော့ဘူးလား။ ဒီပုံစံနဲ့ ငါ တွဲသွားရင် နင့်ကို ဘယ်လိုထင်ထင် ကိစ္စမရှိဘူး။ ငါ ပွဲတယ်"

ကြည့်ပါဦး . . . ဒါလား shopping ထွက်မယ့် Fashion။ ဆံပင်ကို လိမ်ခေါက်ပြီးလည်း တင်ထားသေး။ Blouse အင်္ကျီက အဖြူလည်းမဟုတ် အညိုလည်းမဟုတ်၊ ဘာရောင်မှန်းမသိ။ အောက်က ပွင့်ရိုက်ပါတိတ်ကလည်း အရောင်ပင် မပေါ်။ ဒါကိုလည်း ခပ်ရှိတို့



www.burmeseclassic.com

www.burmeseclassic.com



ဝတ်ထားပြန်တာမို့ မသိရင် ကောက်စိုက်သမဟု ထင်ဖွယ်ရာပါ။

မျက်နှာကိုလည်း ပဲဟင်းအိုးထဲ မှောက်လျက် လဲကျသည့် နယ် သနပ်ခါးကို ဖြစ်သလိုလူးထားတာ မျက်ခုံးမခြစ် ဘာမခြစ် ဘာမှမညှိထားပြန်ပါ။ ဘယ်လိုလဲ။ ဒါလား မိန်းကလေး။ အိမ်ကိုစွ မီးဖိုချောင်ကိစ္စ နိုင်နင်းတာကို ချီးကျူးချင်ပေမယ့် အလှပြင်သည့် နေရာမှာတော့ minus ပါပဲ။

"ဘာလဲ ... သူ့သူကို အိမ်ဖော်လို့ ထင်ကြမှာမို့လား ထင်လည်း ထင်ပါစေပေါ့၊ တကယ်လည်း အိမ်ဖော်ပဲဟာ"

"ဘာ!"

ကြည့်စမ်း! ... ဒါက ရွဲ့ပြောတာပေါ့လေ။ လူကြားထဲသွား တာမို့ လူလူသူသူ ဝတ်စေချင်တဲ့ စေတနာကို ပျက်အောင် လုပ် တယ်လို့။ ဒီကောင်မလေးကတော့ တကယ့်ကြိုးဟိုပါပဲ။ ကြိုးဟိုတော့ သူတို့သားအဖကို ချာချာလည်စေမည့် စနေဂြိုဟ်အစစ်ပါလေ။

"ဟိုနှစ်ယောက် ... ဖေဖေ အခုပဲ သွားတာနဲ့ နောက်မှ ခွေးနဲ့ကြောင်လို ကိုက်နေကြပြန်ပြီ၊ သွားစရာရှိတာ မြန်မြန်သွား မြန်မြန်ပြန်မှပေါ့"

"ခွေးနဲ့ကြောင်ဆို ကျွန်တော်က ကြောင်ပဲ"





"ကြောင်ချေးက ပိုတောင်နံသေး"

"ဘာကွ!"

"ကိုလေးပဲ ကြောင်ဆို၊ ကြောင်က သခင့်အပေါ် သစ္စာရှိ တာမှ မဟုတ်တာ၊ အိမ်မှုတာနဲ့ မနေတော့ဘဲ ပြေးရော၊ ခွေးကမှ သခင့်ကို ကာကွယ်ပေးတာ၊ သခင့်ကိုယ်စား အသက်တောင်ပေးပြီး သစ္စာရှိတာ သိရဲ့လား။ သုသုံ ခွေးပဲလုပ်မယ် ကိုကြီး"

"နင်နော် ... နင်"

ကိုကိုက တဟားဟားရယ်လျက် ရှေ့ခန်းကားတံခါးကို သူမ တက်စေရန် ဖွင့်ပေးလိုက်လေ၏။ တောက်! ... စိတ်တိုလိုက်တာနော်၊ မိန်းကလေးလို့ မပြောရဘူး။ စကားတတ်လိုက်တာ လွန်ပါရော။ အိမ် မှာ သူ့ကို ကြက်တူရွေးဆိုပြီး နာမည်ပေးထားတာ အခုတော့ သာလိ ကာပါ ရောက်လာပြီလေ။ သာလိကာမှ ရုပ်ဆိုးဆိုး မဲကြုတ်ကြုတ် အစုတ်ပလုတ်လေ။

"ဘာဝယ်ခဲ့ရမလဲ ကိုကြီး"

"ကြိုက်တာသာ ဝယ်လာ"

"အသီးရော"

"ဘာသီးပဲဖြစ်ဖြစ် ကိုကြီးက အစားမရွေးပါဘူး သုသုရဲ့"



www.burmeseclassic.com

www.burmeseclassic.com



ကားကို ဝူးခနဲ မောင်းထွက်လိုက်ပါ၏။ တစ်အိမ်တည်း အတူနေနေတာတောင်မှ သွားကာနီး မှာတမ်းချွေနေရတယ်လို့ . . . ဒီကောင်မလေးက အပိုကို လုပ်လွန်းပါတယ်။ ဖေဖေ့ဖို့ ကိုကြီးဖို့ ဆိုပြီး ဦးစားပေးလိုက်တာ၊ သူ့ကိုဖြင့် လူရာမသွင်းသည့်နှယ်လေး ဒီကောင်မလေးကိုတော့ Lesson ကောင်းကောင်းကြီး ပေးဦးမှာပါပဲ။

"ဘယ်အရင်သွားမှာလဲ Plaza လား"

"မဟုတ်ဘူး . . . ပိတ်စဖြတ်ရမှာမို့ အထည်ရုံကို"

"ပိတ်စက ဘာလုပ်ဖို့တုန်း"

"လိုက်ကာတွေ လဲဖို့ ချုပ်ရမှာလေ၊ တစ်အိမ်လုံး မှုန်မှိုင်းနေတာ မသိဘူးလား။ အပေါ်ထပ်, အောက်ထပ်တံခါးက (၃) ခု ပြတင်းပေါက်က အင်း (၁၅) ခု ချုပ်ရမှာ၊ ကိုကြီးအကြိုက် အဝါဖျော့ဖျော့လေး တွေဆို တစ်အိမ်လုံး လင်းသွားမှာပဲ"

လာပြန်ပြီ ကိုကြီးအကြိုက်။ ဒင်းက မျက်နှာကို လိုက်ကိုလိုက်တာ အမှန်ပါ။ တကယ်ဆို ဖေဖေ့အခန်း၊ ကိုကို့အခန်းပြီးရင် "ကိုလေးရော ဘာရောင်ကြိုက်လဲ" လို့ တစ်ခွန်းလောက် မေးသင့်တာပေါ့။ အခုတော့ဖြင့် ဖုတ်လေသည့် ငပိ ရှိတယ်လို့တောင် မထင်ပုံပါ။





"ငါ့ကိုရော"

". . ."

"ကျစ်! . . . မေးနေတယ်လေ"

"ဘာလဲ"

"ငါ့အခန်းကို ဘာမှမတပ်ပေးဘူးလား"

"ကိုကြီးအကြိုက်ပဲ တပ်ပေးမှာပေါ့"

"ငါမှ အဝါမကြိုက်တာ"

မျက်စောင်းက ဒိုင်းခနဲရောက်လာလေ၏။ တွေ့လား . . . မမေးလို့ အသိပေးပြန်တော့လည်း မကြိုက်ချင်ပြန်။ ဘယ်လိုဟာလေးပါလိမ့်။ အကြီးအကဲဖြစ်တဲ့ ကိုကို့ဩဇာအာဏာကို နာခံရတာနဲ့ပဲ သူ့ကို ပါမွှားလေးလို့ အရာမထင်ပုံနဲ့လေ။ မင်းကိုယ်မင်း ဘာမျှားထင်နေသလဲ, ခင်သုသုစံ။

"ငါကြိုက်တာ ကောင်းကင်ရောင်"

"ကောင်းကင်က ဒီလောက် မည်းမှောင်နေတာ၊ အမည်းရောင် ကြိုက်တာလား"

"နှင်နော် . . . ငါ့ကို ဒေါသဖြစ်အောင် ပြောပြန်ပြီ"

"သုသုပြောတာ မှားလို့လား။ အပေါ်ပဲ မော့ကြည့်ပါဦး"



www.burmeseclassic.com

www.burmeseclassic.com



တကယ်လည်း ကောင်းကင်မှာ မိုးသားတို့ အုံ့မှိုင်းနေတာ အမှန်ပါ။ ရွာချလိုက်ရင် ရွဲတော့မှာပဲ။ သူက မိုးရေထဲ စိုစိစိသွားလာရတာလောက် မုန်းတာမရှိပါ။ ကိုယ်ပိုင်ကားနှင့် သွားလည်း ကားပါကင် မရှိသည့် plaza မျိုးမှာ ကားပေါ် အတက်အဆင်းလုပ်တိုင်း ရေစိုတာကဖြင့် စိုမှာပါလေ။

"ဖေဖေနဲ့ကိုကြီးက size တူတယ်နော်၊ ဘာဝတ်ဝတ် အတူတူပဲ"

"ဘာလဲ ... ငါ့ကို ဖွဲ့ပြန်ပြီလား"

"ဘာပြောမိလို့လဲ"

"အခုပဲ နင်ပြောတယ်လေ၊ ငါ့ကိုဆို လူမလေး ခွေးမခန့်နဲ့ ... နင်တော့ နာဦးမယ်"

"သုသုက သဘောရိုးနဲ့ ပြောတာကို"

"ဘာသဘောရိုးလဲ၊ ငါ့ကို ဖေဖေနဲ့ မတူဘူးဆိုပြီး ပြောချင်နေတာ မသိဘူးမှား ထင်နေလား။ ပြီးတော့ ငါ့အဖေကို ဘာကိစ္စနဲ့ နင် ဖေဖေလို့ ခေါ်ရတာလဲ"

"ဖေဖေ ခေါ်ခိုင်းလို့ပေါ့"

"မခေါ်နဲ့ ... ငါ မကြိုက်ဘူး"





"ဒါဖြင့် ... ဘယ်လိုခေါ်ရမှာလဲ၊ ဦးလို့ ခေါ်ရမှာလား"

"ဘယ်လိုမှ မခေါ်နဲ့"

"ဘယ်လိုကြီးမှန်း မသိဘူး။ ပွစိပွစိနဲ့ ... မိန်းမကြီး ကျနေတာပဲ"

"ဘာ!"

နှုတ်မှ မကြားတကြား ရေရွတ်နေတာမို့ သူ စိတ်တိုရပြန်ပါ၏။ လူကို မိန်းမကြီးနဲ့ တူသတဲ့လေ။ ငါတော့ ဒင်းကို စိတ်ရှိလက်ရှိသာ ကိုင်ပေါက်လိုက်ချင်တော့တာပါပဲ။ ဖေဖေလို့ မခေါ်နဲ့ဆိုတော့ "ဦး" တဲ့။ အမယ်လေး ... သမီးနဲ့ဦးဆိုပြီး ခေါ်ပြောကာမှ ခေါင်းကျိန်းရမှာ အမှန်ပါ။ ဖေဖေလို့ ခေါ်တာကမှ တော်ပါသေး၏။

မလွယ်ကြောထဲကပါပဲလား ခင်သုသုစံ။

"ပိတ်စက နောက်မှဖြတ်မယ်၊ အတွင်းခံတွေ အရင်ရွေးမှ ဖြစ်မှာ၊ ကိုလေးရော ယူမှာမဟုတ်လား"

"အတွင်းခံ"

"အင်းလေ ... စွပ်ကျယ်တို့၊ under wear တို့ မဝတ်ဘူးလား"

"နင် ဝယ်ရဲလို့လား"



www.burmeseclassic.com

www.burmeseclassic.com



"ဘာလို့ မဝယ်ရဲရမှာလဲ"

ပြောပြောဆိုဆို ယောကျ်ားလေးအဝတ်အစားတန်းသို့ ဦးတည်လျှောက်သွားပြီမို့ အနောက်မှ သူ အမြန်လိုက်ရပါ၏။ တကယ်ဆို သူက ရှေ့မှ လျှောက်ကာ သူမက နောက်မှ ခပ်ကုပ်ကုပ်လိုက်ရမှာပါ။ ခုတော့ ပြောင်းပြန်ချည်းပါလား။ တကယ်ပင် ရွေးနေတာမို့ အံ့ဩသွားရပါ၏။ အထည်သားမှအစ brand ရွေးတာအဆုံး ကျွမ်းကျွမ်းကျင်ကျင်ပါပဲ။

ဤကလေးမ ဤမျှ ဈေးဝယ်တတ်မည်မှန်း သူ ထင်မထားပါ။ ဘယ်အထည်ကိုပဲ ရွေးရွေး အရောင်ကအစ လင်းတာ၊ သန့်တာကိုသာ ရွေးချယ်တတ်ပါ၏။ သူဝတ်နေကျ မှုန်မှုန်မှိုင်းမှိုင်းအရောင်တွေကဖြင့် တစ်ထည်မှ မပါပါချေ။ ပြောသားပဲ ဒီချာတိတ်မက မျက်နှာကို လိုက်လွှန်းပါတယ်ဆိုမှ . . .။

"ပိတ်စ သွားရွေးမယ်"

"နင့်အတွက်ရော မပါဘူးလုံး"

"နောက်မှ"

သူပါလာ၍ မိန်းကလေးပစ္စည်း မဝယ်ရဲပုံပါ။ ရှက်တာလား အားနာ၍ပဲလား။ သူ မသိပါချေ။ ဝယ်သမျှ အထုပ်တွေ၊ အိတ်တွေက



သူ့လက်ထဲ ရောက်လာလေ၏။ လိုက်ပို့တဲ့လူကို မညှာမတာနဲ့ အထုပ်သည်နိုင်းချေပြီ။ အထည်တန်းမှာ အတော်ကြာသည်အထိ လှည့်ပတ်ကြည့်နေတာမို့ လက်ပါမက ခြေပါညောင်းလာရပါ၏။

"အစ်မရေ . . . လိုက်ကာစ ရှာနေတာပါ၊ အဝါဖျော့ဖျော့လေးမှာ လိမ္မော်ရောင်လေး ကျဲထားတာမျိုးလေး ရှိလား"

"နှင်းဆီပွင့်လေးနဲ့ ယူမလား ညီမ"

"ဟင့်အင်း . . . အပွင့်မကြိုက်ဘူး အစ်မ၊ အဝိုင်းလေးတွေ၊ အစက်လိုဟာမျိုးလေးပဲ ရှာပေးပါ"

"ခဏနော်"

ဆိုင်ရှင်က ပိတ်အုပ်ရှာနေစဉ် သူမက စီထပ်ထားပါသည့် အထည်တန်းထဲ ရှာနေပြန်လေ၏။ ဈေးတန်းထဲမှ လူတွေ ကွက်ကြည့်ကွက်ကြည့်ဖြင့် သူ့ကို ကြည့်နေသဖြင့် ကိုယ်ကို လှည့်လိုက်စဉ် မျက်နှံပြူးသွားရလေသည်။ အထည်ဆိုင်ရှေ့မှ အမျိုးသမီး အတွင်းခံတွေက မျက်မှန်တွေနှယ် ချိတ်ထားတာ မဟုတ်ပါလား။ သူတော့ ငယ်ထိပ်မြွေပေါက်ခံရပါပေါ့။

"သုသု"

"ရှန်!"



www.burmeseclassic.com

www.burmeseclassic.com



ရှန်သာ ကြားရပြီး လူကို မမြင်ရပါ။ သူမ ဝင်သွားသည့် နောက်သို့ အမြန်လိုက်ဝင်ခဲ့စဉ် ပိတ်အုပ်တန်းထဲမှာ မျက်နှာချင်းဆိုင် ဝင်တိုးမိတော့၏။ မျက်နှာတစ်ခုလုံး ထူပူနေတာ မပြောပါနှင့်တော့ ... Lesson ပေးမည့်လူက အခု လောလောဆယ် ခံနေရပြီလေ။

"ဘာဖြစ်လို့ ဝင်လာတာလဲ၊ နေရာကျဉ်းကျဉ်းလေးကို"

"ငါ့ကို မျက်မှန်ဆိုင်ရှေ့ ရပ်ထားခိုင်းတာလား"

"မျက်မှန် ... ဩော်၊ ဟုတ်သားပဲ"

"ရယ်မနေနဲ့ ... မြန်မြန်ဝယ်"

သူ့ကို လှောင်သည့်နှယ် ရယ်နေပြန်ပါ၏။ စိတ်တိုလိုက်တာ နော်။ ဒီတစ်ကြိမ်ပဲရမယ်၊ ခင်သုသုရဲ့။ နောက်ကို Shopping ထွက်ရင် ငါ လိုက်ပို့ပေးမယ် မထင်နဲ့။

"အများကြီးယူမှာမို့ လျှော့ပေးနော် အစ်မ"

"ဟုတ်ကဲ့ပါရှင်"

"ကိုက်ညီအောင်လည်း ဖြတ်ပေးပါ"

"နောက်လည်း ဒီမှာ လာဝယ်နော်"

"ဟုတ်ကဲ့"

တကယ်တမ်း ပိတ်ဖြတ်စဉ် ပိတ်အရောင်က ခြားနားနေ





၏။ အဝါပေါ် အရွက်အညိုလေး ကွဲထားသည့် ပိတ်အုပ်က များသလို ကျန်တာက ကိုက်နည်းလေသည်။ ဖေဖေ့အခန်းအတွက် ရွေးထားသည်က အစိမ်းနုထက် လိမ္မော်ရောင် အဝုံးလေးတွေနှင့်ပါ။ သူကြိုက်သည့် မိုးပြာရောင် အထက်မှာဖြင့် ပန်းနုရောင် အစင်းလေးတွေ ပါနေလေ၏။

"ဟင်!"

ကိုကိုကြိုက်သည့် အဝါဖျော့ဖျော့လေးထက်မှာဖြင့် အသည်း နီနီရဲရဲလေးတွေပါ။ ကြည့်စမ်း! ... အတူတူချင်း ရွေးပေးတာတောင် ကဗျာဆန်ဆန်အစကို ကိုကို့အတွက်များ ရွေးရတယ်လို့၊ မကျေနပ် ဘူးဆိုမှ သူမက ထပ်ခါထပ်ခါ ဆက်လုပ်ပြနေလေ၏။

"ဒါ ... ဖေဖေ့အခန်း ချုပ်ပေး"

"ဖေဖေမှ အဝါမကြိုက်တာ"

"ဒါဖြင့် ငါ့အခန်းအတွက် ချုပ်ပေး"

"ဟောကြည့်! ကိုလေးပဲ စောစောက အဝါမကြိုက်ဘူးဆို"

"အခု ကြိုက်တယ်"

"မရဘူး ... ပြောပြီးစလတ်ပဲ၊ ဒါ ... ကိုကြီးအတွက်ပါဆို၊ သောက်ကျားလေးဖြစ်ပြီး စကားကို အတည်မပြောဘူး။ ခုတစ်မျိုး တော်



www.burmeseclassic.com

www.burmeseclassic.com



ကြာ တစ်မျိုးနဲ့ တကယ်ပဲ''

''နင်က မျက်နှာလိုက်တာကိုး''

''ဘယ်မှာလိုက်လို့လဲ၊ တစ်အိမ်လုံး အရောင်နဲ့မတူအောင် တမင်ရွေးပေးတာကို၊ အပြစ်လိုက်တင်နေပြီးတော့''

''ငါ မပြောလိုက်ချင်ဘူး''

''အခုပြောနေတာ မဟုတ်လို့ ဘာလဲ''

''ကိုကို့မှာ ချစ်သူရှိတယ်ကွ!''

သူ့ကို တအံ့တသြဖြင့် ကြည့်လိုက်ပါသည့် မျက်ဝန်းနက်တို့ဖြင့် အကြည့်ဆုံသွားရပါ၏။ ဘာမဆိုင် ညာမဆိုင် ပြောချလိုက်သည့်အတွက် သူမ အံ့သြသွားပုံပါပဲ။ ဈေးတန်းထဲမှာ တစ်ဦးနှင့်တစ်ဦး အခြေအတင်ပြောနေရာမှ သူ ပြောချလိုက်တာပါ။

ဘာတွေဖြစ်ကုန်ပြီလဲ မင်းသွင်ခန့်။ Jealous ဆိုတဲ့ ဝန်တိုမှုဆိုတာက နေရာတကာမှာ မဖြစ်သင့်တာလေ။ စိတ်တိုတိုဖြင့် သူမ အလေးအပင်သယ်သည့် အထုပ်တွေကို ဝိုင်းကူမသယ်ဖြစ်ဘဲ ရှေ့ဦးဆောင်ကာ ဒေါသတကြီး ထွက်ခဲ့မိတော့၏။ ကိုကို့အပေါ် မနာလိုဖြစ်ပြန်ချေပြီ။

◎ ◎ ◎



## အခန်း (၁၃)

မျက်ခွံတို့က ခဲဆွဲထားသည့်နှယ် လေးပင်လွန်းလှပါ၏။ အခေါင်တွေ ခြောက်ပြီး ရေဆာလွန်းတာ မပြောပါနှင့်။ ခန္ဓာကိုယ်က မိမ့်ပြီး ချမ်းနေသလို အလိုလိုတုန်နေသလိုပါ။ သူတော့ ဖျားချေပြီထင်တာ။ အဲဒါ ဒင်းကြောင့်ဖြစ်တာ။ ဒင်းကို စိတ်တိုပြီး အဲဒီနေ့က ပြန်တာကို မစောင့်ဘဲ မိုးရေထဲလျှောက်ပြီး ကားဆီသွားခဲ့မိလို့ပါပဲ။

''အင်း ဟင်းဟင်း''

''ကိုကြီး မလာသေးဘူးလား''

''(၉) နာရီကျော်မှ ပြန်ရောက်မှာ''



www.burmeseclassic.com

www.burmeseclassic.com



"သမီး"

"ရှင် ... ဖေဖေ"

"သားငယ် သက်သာရဲ့လား"

"အဖျားက လုံးဝမကျဘူး ဖေဖေရဲ့ ... အဝတ်လဲပေးရတာ သုံးစုံရှိပြီ"

"ခဏနေ သားကြီး ပြန်လာမှာပါ၊ ဒီကလေးက ငယ်ငယ် ကတည်းက ချူချာတယ်၊ လူကသာ လေသံမာတာ၊ စိတ်က ခပ်ပျော့ ပျော့ရယ်"

"ဖေဖေ အလုပ်သွားတော့မှာလား ... မိုးကျော် လိုက်ပို့ ပေးလိုက်နော်"

"ငါ့သမီး ပင်ပန်းနေပြီ၊ တစ်ညလုံး မအိပ်ရဘူး"

"ရပါတယ်"

မိုးကျော်က ကူပေးနေရာမှ ဖေဖေ့ကို လိုက်ပို့ရန် ဆင်းသွား ပါ၏။ ကိုကြီး Night duty ဆင်းတဲ့ ညမှပဲ ဖျားရတယ်လို့။ ရေပ ဝတ်တင်ပေးနေတာ ပူလာပြီမို့ ရေလဲပေးရန် ရေဇလုံပါ ယူပြီး ထွက် လာခဲ့ပါသည်။ ကောင်းတယ် ... စိတ်ပုပ်လို့ ဖျားရတာ။ ကိုကြီး ပြန်လာမှ နာနာလေး ဆေးထိုးခိုင်းရမယ်။





မဟုတ်သေးပါဘူး။ ဘယ်လိုဖြစ်ပြီး စိတ်ထားပုပ်မိပါသလဲ။ ဘကာယ်ဆို သူ့မဘဝကို လုံခြုံအောင် ကာကွယ်ပေးသည့်မိသားစု။ သူ့မဘဝလမ်းကို အလင်းပြပေးသည့် မိသားစုအပေါ်မှာ ဤသို့ စိတ် မျိုး မထားသင့်ပါ။ သုသုတော့ ငရဲကြီးတော့မှာပါပဲ။

"ညီ ဖျားနေပြီဆို"

ဟော! ... ပြန်လာပါပြီ။ အခန်းထဲ ဝင်လာသည့်ခြေသံ။ ထက် လက်စမ်းလိုက်ပါသည့် လက်ဖမိုးအထိအတွေ့။ ပြီးနောက် မှာ သက်ပြင်းငွေ့ငွေ့က သူ့မျက်နှာကို လာရိုက်မိလေ၏။ တစ်အိမ် လုံး ရင်ပူအောင် ဖြစ်ရပြန်ပါရောလား။

"ဘာတိုက်ထားလဲ, သုသု"

"ညနေဘက် ထမင်းမစားဘဲ အိပ်လို့ ကော်ဖီနဲ့ ပါရာပဲ တိုက်ထားတာ၊ အကုန်ပြန်အန်တာနဲ့ ကုန်တာပဲ၊ ဆေးမဝင်တော့ ဖျားက လုံးဝမကျဘူး ကိုကြီးရဲ့"

"ဖြစ်ရမယ် ... ညီက စိတ်ကောက်ရင် ဒီအတိုင်းပဲ"

"စိတ်ကောက်တာ"

"အင်း"

"မနေ့က သုသုနဲ့ အပြင်သွားတာ အကောင်းအတိုင်းပါပဲ"



www.burmeseclassic.com

www.burmeseclassic.com



"သူက ဒီလိုအကျင့်ရှိတယ်၊ သုသု မသိသေးလို့ပါ"

"မိုးလေး နည်းနည်းစိတ်နဲ့ ဖျားရတယ်လို့ ပြောလိုက်တာ လွန်ရော"

ကိုကို ပြုံးနေမည် ထင်ပါ၏။ လူကို ရှေ့ထားပြီး အတင်း အုပ်နေရလား။ ဒင်း မသိတာ အမုန်းပါပဲ။ သူ ဘာကိုကြိုက်လဲ ဘာကို မကြိုက်ဘူးလဲ။ ဘာအရောင်ကို နှစ်သက်သလဲ။ ဘယ်အရာ ကို မုန်းတီးပါသလဲ။ သူမမှ စိတ်မဝင်စားတာလေ။ စိတ်တိုတယ် ခင်သုသုစံ။ အခုလို အိပ်ရာထဲ လဲရလို့ ပိုစိတ်တိုပါတယ်။

"အစာမရှိလို့တော့ မဖြစ်ဘူး။ တစ်ခုခုဝင်အောင် ကျွေး မယ်"

"ဆန်ပြုတ်ပြုတ်ပေးရမလား"

"ဆန်ပြုတ်မစားဘူး" ဟု အော်လိုက်ချင်ပေမယ့် အသံ မထွက်ပါ။ ဘာမှမစားချင်ဘူး။ ကိုကိုရောက်လာတာနဲ့ ငါ့ကို မဖြ တော့ဘဲ နင် လစ်ချင်နေပြီ မဟုတ်လား။ ကိုယ့်တာဝန် ကိုယ်ကျေ အောင် လုပ်ရမှာပေါ့။

"ညီ ဆန်ပြုတ်စားမှာ မဟုတ်ဘူး"

"အဖျားရှိတော့ soup လည်း ကျွေးလို့မဖြစ်ဘူး။ ကြာဆံ မြုံ့စွမ်တို့ ပြုတ်ပေးရမလား"





"... ဘူး ..."

"ဟင်! ... ဘာပြောလိုက်တယ်"

မျက်စိမဖွင့်ဘဲ လေသံမျှသာ ပြောထွက်သဖြင့် နားမလည် နိုင်ပါ။ ဒါ ... မစားဘူး ခင်သုသုစံရေ၊ ငါ့လောက် လူမမာတွေ ကို မုန်းတဲ့လူ မရှိတာ နင် မသိဘူးလား။ ဘယ်တော့မှလည်း သိမယ် မထင်ပါဘူး။ တစ်သက်လုံး သိဖို့လည်း နင့်ကြိုးစားမှာမှ မဟုတ်တာ။

"မစားဘူးဆိုမှ"

"အေးပါ ... အေးပါ၊ ငါ သိပါတယ်၊ ကိုကိုကျောင်းရယ်၊ ဖျားနေတာတောင် အစားက ကျီးများနေသေး"

"အဲဒါ နင့်ကြောင့်ဖြစ်တာ"

"ဟင်! ... နေရင်းထိုင်ရင်း အမှုက ပတ်ပြန်ပါပြီ ... သုသု ဘာလုပ်မိလို့လဲ"

"နင်လုပ်တာ ... မကျေနပ်ဘူး။ ခေါင်းမူးတယ် ကိုကိုရာ"

"လောလောဆယ် Drip သွင်းပေးလို့ မရဘူး ညီရဲ့၊ ဗိုက်ထဲ အစာမှမရှိတာ၊ တစ်ခုခုဝင်အောင် စားမှဖြစ်မယ်၊ Paratyphoid ဖြစ်ချင်သလိုပဲ၊ အဖတ်စားလို့မရဘူး"



www.burmeseclassic.com

www.burmeseclassic.com



သူ့မျက်နှာရှုံ့တွ သွားရပါ၏။ အစားအသောက်ကို ဗိုက်ပြည့်အောင် စားကျင့်ရှိသည့် လူကိုမှ ဒီလိုရောဂါမျိုးဖြစ်ရတယ်လို့ အဖျားတိုင်းတာ၊ သွေးပေါင်ချိန်ပေးတာ၊ ဆေးထိုးပေးတာတို့ကို ကိုကိုလုပ်ပေးစဉ် သူမ ကူညီပေးမှန်း သိနေပါသည်။ လက်မောင်းမှာပဲ ဆေးထိုးပေးတာမို့ သူမ လာပွတ်ပေးနေလို့ပါပဲ။

"တစ်နေ့လုံးလည်း ပင်ပန်းထားတာ၊ ညလည်း တစ်ညလုံး မအိပ်ရဘူးဆို၊ ဖိုးကျော်တောင် ကုန္ဒြေမဆည်နိုင်ဘဲ မှောက်သွားပြီ"

လူနာကို စိတ်မပူတဲ့ သူမကို ပူပန်နေပြန်ပါလား။ ပြောတော့ဖြင့် ဒီညီလေးကိုပဲ ချစ်ခဲ့ရတာဆို။ ငယ်စဉ်ကတည်းက ချူချာလို့ စိတ်ပူပြီး ကျောင်းသွားဖို့တောင် မေ့ခဲ့တာ။ သနားလွန်းလို့ ငိုခဲ့တာဆို။ အခု ဒီအရွယ်ရောက်မှ အရင်က ကိစ္စတွေကို အကုန်မေ့ထားလိုက်ပြီလား။

"သုသုက ကျန်းမာပြီးသားပါ ကိုကြီးရယ်"

"အင်းပေါ့လေ . . . "ဖိုးသူတော်လဲ၍ တောင်ဝှေးမကယ်နိုင်" တဲ့။ ဒါပေမဲ့ အဲဒီတောင်ဝှေးတော့ မကျိုးစေနဲ့ပေါ့။ တောင်ဝှေးကျိုးရင် ဖိုးသူတော်လည်း လဲမှာ အသေအချာပဲ"

နေမကောင်းဖြစ်နေပါတယ်ဆိုမှ ဘာတွေ ပြောနေမှန်းမသိ





ာ့ပါ။ လူက ဝမ်းထဲဟာပြီး ရင်တစ်ခုလုံးပူကာ ခေါင်းက ချာချာလည် မူးနေတာ မဟုတ်လား။ ကိုကိုဒေါက်တာဖြစ်သူက ဆေးကုဖို့ သတိမရဘဲ ဘေးမှာ နှစ်ပါးကြည့်နေပုံကြောင့် ရောဂါက ပိုဆိုးလာသည့်နှယ်ပါ။

"အန် . . . အန်ချင်တယ်"

"လာပြီ . . . လာပြီ"

"ဝေါ့"

ကြွေရည်သုတ်ထွေးခံကို သူမ အမြန်ခံပေးပေမယ့် ရေတွေ ည်း အန်ချမိတာမို့ သူမလက်ပေါ် ဖိတ်စင်ကုန်လေ၏။ မောလိုက်တာနော်။ လူက တစ်ကိုယ်လုံး ကိုင်ရိုက်ခံထားရသည့်နှယ် နာကျင်နေတာ အမှန်ပါပဲ။

"အစာစားလို့ ရပါ့မလား"

"မရရအောင် ကျွေးရမှာပေါ့။ အအန်ပျောက်ဆေးပါ တိုက်မယ်"

"သုသု နွားနို့ကြိုထားတာ ဖျော်လာပေးမယ်"

"မသောက်ချင်ဘူး"

"မသောက်လို့မရဘူး ညီ"



www.burmeseclassic.com

www.burmeseclassic.com



"အန်လိမ့်မယ်"

"အန်ပါစေ . . . ဝင်အောင်သောက်"

လူနာကို မချော့မော့သည့်အပြင် ဟောက်နေပြန်ပါရော လာ။ လုံနေချင်ပေမယ့် ခေါင်းအုံးတွေ ဆင့်ကာ မတ်မတ်နေခိုင်းပြ ၏။ ဟိုတစ်ယောက်ကလည်း ဘေးနားမနေဘဲ သူ့အခန်းမှ ထွက်သွာ ပြန်လေပြီ။ နည်းနည်းမှ လူကို မသနားပါလား ခင်သုသုစံ။

"ဘာတွေလဲ"

"ကြက်ဥ ပွတင်းဖုတ်ထားတာပါ။ နွားနို့ပူပူနွေးနွေးလေ ဖြစ်အောင် လုပ်လာတယ်"

"စားရအောင် ညီ၊ ထပါ . . . ခေါင်းကို မတ်မတ်လေးထား"

"ဟင့်အင်း"

"ဒီအစာလေးမှ မဝင်ရင် တစ်နေကုန် လက်မှာ Drip ချိတ် ထားရမှာနော်"

ငြိမ်းချောက်တဲ့နေရာမှာ ဆရာကြီးပါပဲ။ ခုတင်ထက်မှ ကိုကို ဖယ်ပေးလိုက်သဖြင့် သူမ ဝင်ထိုင်လိုက်လေ၏။ ရေနွေးပူပူကို ခ နွေးနွေးလေး မှုတ်ကာ အနည်းငယ်မျှ သောက်စေပါသည်။ ပြီးနော ဖွန်းဖြင့် ခပ်ကျွေးသည့် ပွတင်းက လျှာပေါ်မှာ ချိုချိုအီအီလေး အ





သာဖြင့် လည်ချောင်းတွင်း ဝင်သွားလေ၏။

လက်တောင်ပြုလည်း မရ။ ခေါင်းခါပြပေမယ့် ခေါင်းကို နည်းလှုထားရတာမို့ မဖြစ်ပါ။ ဒီလိုနဲ့ပဲ ပွတင်း တစ်ပန်းကန်နှင့် နို့တစ်ခွက်က ဗိုက်ထဲ ရောက်သွားပါ၏။ ကိုကိုတိုက်သည့် ဆေး တစ်ခွက်စာကို ကျိတ်မှိတ်မျိုချပြန်ပါသည်။

"ချက်ချင်း မအိပ်နဲ့ဦး။ ပြန်အန်ထွက်ကုန်မယ်"

"ခေါင်းကိုက်တယ် . . . နှိပ်ပေး"

"အဒါပဲ သုသုရေ . . . မေမေရှိတုန်း ဘာမဆို သူ့အစား ပဲ ဖြစ်ချင်တယ်လို့ ပြောခဲ့တာသာကြည့်၊ တို့မင်းသားက ဒီလိုမျိုး"

"နားညည်းတယ်"

"အေးပါ . . . အေးပါ . . . သိပါပြီ"

"ပရုပ်ဆီနဲ့ ခံနိုင်လား"

"အင်း"

နားထင်နှစ်ဘက်မှာ ပရုပ်ဆီနာနာလေး လူးပေးလျက် က်ညှိုးလက်မ ညှပ်ကာ နှိပ်နယ်ပေးလေ၏။ နည်းနည်းသက်သာ လာသလိုပါပဲ။ ကိုကိုက ရေချိုးဦးမည်ဆိုပြီး အခန်းထဲမှ ထွက်သွား သည်။ နှိပ်နယ်ပေးသည့် သူမနှင့် လူနာဖြစ်သူ သူက အ



www.burmeseclassic.com

www.burmeseclassic.com



ကို နီးနီးကပ်ကပ် ရှိနေပါ၏။ သူ့မျက်နှာကို စိုက်ကြည့်နေမလာ
မျက်လုံးဖွင့်ကြည့်ချင်ပေမယ့် တရိပ်ရိပ် မူးလာမှာစိုးပြီး မဖွင့်ကြ
ဖြစ်ခဲ့ပါ။

"သက်သာလားဟင်"

"အင်း"

"အန်ချင်လာရင် ပြောနော်"

"အင်း ... ဘယ်မှမသွားနဲ့"

"မသွားပါဘူး ... သုသု စောင့်ပါ့မယ်"

ကျေနပ်သွားရပါ၏။ ဥတစ်လုံးဟု ဆိုချင်ဆို၊ အတ္တကြီးသ
ဟု ပြောလိုက ပြောပါစေတော့။ ဒီလို မမာမကျန်းဖြစ်တိုင်း ဘေး
နေ တစ်ဖဝါးမှ မခွာဘဲ ရှိခဲ့သည်က မေမေပါ။ မကြာခဏ လက်
တစ်မျိုး၊ ပါးဖြင့်တစ်ဖုံ နဖူးကို စမ်းသပ်တတ်တာပါ။ အခုတော့ သူ
စိတ်ပူပေးမည့် မေမေ့ကိုယ်စား သူမက သူ့ဘေးမှာ ရှိနေချေပြီ

အခန်းထဲ မလာနဲ့ဆိုပြီး အခုတော့ ခုတင်ပေါ်တက်ထိုင်
ပါရော။ ဘာပစ္စည်းမှ မကိုင်ရဆိုပြီး သူ့တစ်ကိုယ်လုံးကို ကိုင်ခွ
ရပြန်လေပြီ၊ ကြီးကြီးကျယ်ကျယ် လေသံနဲ့ ချက်ကျွေးသမျှ မကော
ဘူးဆိုပြီး နေ့တိုင်း ညတိုင်း စားခဲ့ရတာကော။ အန်မှာစိုးလို့ ငြင်း





နေပေမယ့် သိပ်ကြီးမချိုအောင် လုပ်ပေးတဲ့ ပူတင်းနဲ့ အာဟာရပြည့်
သည့် နွားနို့တစ်ခွက်က ဘယ်လိုဖြစ်ပြီး ဗိုက်ထဲကို ရောက်သွားပါ
လိမ့်။

"အိပ်ချင်လာပြီ"

"ထူပေးမယ်နော် ... ခေါင်းအုံးလျှော့ပြီး ပြန်လှဲလိုက်"

"အင်း"

ခေါင်းကို ခပ်ဖွဖွ 'မ' ပေးစဉ် သူမ မျက်နှာနှင့် နီးသွား၍
ထင့် ဝင်သက်နွေးနွေးက သူ့မျက်နှာထက် လာထိလေ၏။ ခေါင်းအုံး
ထက် အသာလှဲစေပြီး ချည်စောင်ပါးလေးကို လွှမ်းခြုံပေးလိုက်ပါသည်။
ခေါင်းရင်းမှ နေရောင်ဝင်နေသဖြင့် လိုက်ကာကို ဆွဲပိတ်ပေးလေ၏။

"စောင့်ပေးလေ"

"ခဏလေးလေ ... အပေတွေ သွားထားပြီး ပြန်လာမှာပါ"

"မသွားနဲ့ ... စောင့်ပါဆို၊ ခွေးတွေ၊ ကြောင်တွေလို ပစ်
မထားနဲ့"

"ဟောတော် ... ဖြစ်ရမယ်၊ စောင့်ပါပြီ ... စောင့်ပါပြီ၊
ကိုလေး အိပ်မပျော်မချင်း ဘေးမှာ စောင့်နေပါ့မယ် ... ဟုတ်ပြီလား"

"အိပ်သွားလည်း စောင့်၊ ဘယ်မှမသွားရဘူး"



www.burmeseclassic.com

www.burmeseclassic.com



''အင်းပါ . . . အင်းပါ''

တစ်ကိုယ်ကောင်းဆန်စိတ်ဆိုတာကို သူ မသိပါ။ ကျေးဇူး တင်ရကောင်းမှန်းလည်း မသိပါလေ။ ဒါဆို ဒါပဲ . . . ဆိုပြီး အမိန့် ဆန်ဆန် ပြောနေမိတုန်းပါပဲ။ ဘေးမှာ ညောင်ညာနေမလား။ ပင်ပန်း နေမလား။ နားချင်ပြီလားဟုလည်း သူက တကယ်မသိပါချေ။

တဖြည်းဖြည်း စင်းလာသည့် မျက်ခွံတို့က ဝေဒနာကို သက် သာစေပြီး နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်စေပါ၏။ နေ့လယ်ခင်း အိပ်ပျော် တာတောင် အိပ်မက်က မက်ဖြစ်သေးတာ အံ့သြစရာပါပဲ။ စိတ်တွေ ညစ်နေမသျှ ပျော်ရွှင်ပါစေနော်။ ညနေစောင်း အိပ်ပျော်ရာမှ နိုးစဉ် ခုတင်ဘေးခုံမှာ ထိုင်ကာ သူ့လက်မောင်းကို ကိုင်ထားလျက် ခုတင် ပေါ် ခေါင်းအုံး၍ တရှူးရှူးဖြင့် အိပ်မောကျနေသည်က ခင်သုသုစံ ရယ်ပါလေ။

၀ ၀ ၀



## အခန်း (၁၄)

လိုက်ကာတွေ ချုပ်ထားတာကို ဒီနေ့မှပဲ တစ်အိမ်လုံး လိုက် တပ်ရပါ၏။ လိုက်ကာကြိုးတွေပါမက သံချောင်းလေးတွေပါ ဆွဲနေ ဖို့ အစအဆုံး ပြန်လုပ်ရလေသည်။ ကိုလေး နေမကောင်းဖြစ်နေ၍ ရှုရှုညံ့ညံ့ဖြစ်မှာစိုးပြီး သူ့အခန်းကို နောက်မှလုပ်ပေးရန် ချန်ထားခဲ့ ရပါ၏။

အရင်ဆုံး ဘုရားခန်းကို အပြီးဆင်းလိုက်ပါသည်။ ပြီးမှ အပေါ်ထပ်ဧည့်ခန်း။ ဖေဖေ့အခန်းမှာ ပြတင်းပေါက်နှစ်ခုနှင့် တံခါး ပေါက်။ ကိုကြီးအခန်းလည်း ထိုသို့နှယ်ပါ။ အပေါ်ထပ်မှာ အကုန်ပြီး



www.burmeseclassic.com

www.burmeseclassic.com



စဉ် အောက်ထပ်သို့ ဆင်းခဲ့ပါ၏။ ချက်ပြုတ်ပြီးစီးမှ ဒီအလုပ်စလုပ်တာ မို့ မနက် (၈) နာရီခွဲကျော်ပြီ ဖြစ်လေ၏။

ဖေဖေက ကျန်းမာရေးအရ လမ်းလျှောက်ထွက်သွားတာ ပြန်မရောက်သေးပါ။ ဒီနေ့ ပိတ်ရက်မို့ အေးအေးဆေးဆေး လျှော နေတာ ထင်ပါရဲ့။ Night ဆင်းသည့် ကိုကြီးလည်း ဒီနေ့ Off ရ ရမည် ဖြစ်ပါ၏။ ဖိုးကျော်နှင့် နှစ်ယောက်တည်း လုပ်နေရတာမို့ ကြာသည့်နှယ်ပါ။ ကောင်လေးက ဒုံးဝေးလွန်းတာကိုး။

"အဲဒီလို မဟုတ်ဘူးလေ၊ နဂိုသံအရာအတိုင်း ရိုက်မှ၊ နှ အသစ်ရိုက်တော့ ဘက်မညီဘဲ စောင်းနေပြီ"

"အဲဒီနေရာမှာ သံက ပြတ်ကျန်ခဲ့တာ မမလေးရဲ့၊ ထပ်ရို လို့ မရတော့ဘူး"

"နင် ကောင်းကောင်းမှ မနုတ်တာကိုး။ ဒါဆိုလည်း ဘေးနားမှာ ကပ်ပြီး ရိုက်၊ ဘောင်မပဲ့စေနဲ့နော်"

"ဟုတ်! ... အာ ... ဒွှားပါပြီ"

"ဘာဖြစ်တာလဲ"

"သံကောက်သွားလို့"

"ကျစ်! ... ချော့ပြီး ရိုက်ချမှပေါ့။ နင့်အားကြီးနဲ့ ဒီသံသေ





သေးလေးက ဘယ်တောင့်ခံနိုင်ပါ့မလဲ၊ ဒါလေးတောင် အဖြစ်မရှိဘူး။ ဖယ် ဖယ် ... ငါပဲ ရိုက်တော့မယ်"

စိတ်မရှည်သည့် သူမက ဖိုးကျော်ကို ခွေးခြေခုံပေါ်မှ ဆင်းခိုင်းလိုက်ပါ၏။ စိတ်မြန်လက်မြန်ဖြစ်သည့် သူမနှင့် လေးတိလေးဖင့် ဖိုးကျော်နဲ့က အလုပ်အတူလုပ်တိုင်း သူမ စိတ်မရှည်ဘဲ အသံထွက်ရတော့တာပေါ့။

ခြံထဲမှာ မြက်ရှင်းလျှင်လည်း ပေါက်တူးကို ကောင်းကောင်း မပေါက်တတ်ပြန်။ သူလုပ်နေကျအတိုင်း မြက်ခုတ်ဓားဖြင့် ဟိုခုတ် ဒီဖြတ်လုပ်တာကိုလည်း သူမက မနှစ်သက်ပါ။ ပြီးလျှင် ... မြက်ပင် တွေက ပြန်ရှည်လာမှာကိုး။ ဒီတော့ လက်နဲ့နုတ်ရန် ပြောစဉ် မျက်နှာ က ဆီးရှုက်လောက်သာ ရှိတော့လေ၏။

သူမ ရောက်လာကတည်းက တစ်ရက်မှ နားရသည်မရှိဘဲ အတူတူလိုက်လုပ်ရတာမို့ ဒီကောင်လေး ပင်ပန်းမှာ အမှန်ပါ။ သူမ ကလည်း မျက်စိရှေ့ ရှုပ်နေတာမျိုး၊ အမြင်မတော်တာမျိုးတွေ့ရင် မလုပ်ဘဲ မနေတတ်တာမို့ စိတ်ရော၊ လူပါ ပိုမောရလေ၏။ အခုတော့ အိမ်မှာ ပြုစုပေးရသည့် လူမမာက ကလေးနှယ် တအီအီရှုတ်နေတော့ ပိုပြီး မခက်ပေဘူးလား။



www.burmeseclassic.com

www.burmeseclassic.com

"ယောက်ျားလေးဖြစ်ပြီး အားကို မကိုးရဘူး တကယ်ပဲ"

"ကျွန်တော်လည်း လုပ်တတ်သလောက် လုပ်နေတာပဲ မမလေးရ"

"ဒါလေးတောင် လက်ကြောတင်းတင်းမလုပ်တတ်ရင် ရွာပြန်တော့ ဘယ်လို ကိုင်းအလုပ် လုပ်မလဲ၊ မိုးတွင်းမှ သင် ခုတ်ရတယ် စပါးစိုက်ရပြီ၊ ဆောင်းတွင်းဆို ပဲတို့၊ ငရုတ်တို့ စိုက်ရမှာ ငါ သိပြီးသား။ ဘာလဲ ... အဲဒါတွေ လုပ်ဖို့ ရွာပြန်ချင်လို့လား"

"မပြန်ချင်ပါဘူး"

"အေး ... အဲဒါဆို ဘာမဆို လုပ်တတ်အောင် လေ့လာ၊ လူဆိုတာ မွေးကတည်းက ဘယ်သူမှ အလိုလိုတတ်တာတဲ့လူ မရှိဘူး။ အသက်အရွယ်အလိုက် လေ့လာသင်ယူတတ်လို့သာ တတ်လာကြတာ"

"မမလေးကို သင်ပေးတဲ့လူရှိတာကိုးဗျာ"

"ဟဲ့! ... ဒါ ယောက်ျားလေး လုပ်ရမယ့်အလုပ်တွေလေ ဘယ်သူက လာသင်ပေးမှာလဲ၊ ငါက နင့်လို မိစုံဖစုံ မောင်နှမတွေနဲ့ အတူကြီးပြင်းလာရတာ မဟုတ်ဘူး။ အိမ်မှာ ပန်းကန်စင် ပြုတ်ရင်၊ လှေကားကျိုးကျရင်၊ ဗီရိုတံခါးပျက်ရင် ပြင်ပေးမယ့်၊ ရိုက်ပေးမယ့်





ယောက်ျားသားမှ အိမ်မှာမရှိတာ၊ ဒီတော့ ငါပဲ ရိုက်ရတယ်၊ အမေ တစ်ခု သမီးတစ်ခုဘဝနဲ့ လျှောက်ခဲ့ရတာ ဖိုးကျော်ရဲ့၊ နင်ကမှ မွေးချင်းကို အားကိုးလို့ရသေးတယ်၊ ငါက မွေးမရှိ မျိုးမရှိပါ၊ ယုတ်စွအဆုံး အိမ်မှာ ခေါင်မိုးတက်မိုးလည်း ငါ၊ အိမ်သာတွင်းတူးလည်း ငါကိုယ်တိုင်ပဲ"

"တကယ်!"

"တကယ်ပေါ့ ... မဟုတ်တဲ လျှောက်ပြောတယ်များ ထင်နေလား။ မိန်းမဆိုပြီး ခပ်ပျော့ပျော့လို့ အထင်မသေးလေနဲ့၊ အကုန် လုပ်တတ်အောင် အမြင်ရော၊ လက်တွေ့ပါ လေ့လာသင်ယူထားရတာ၊ သူတစ်ပါးကို အမြဲတစေ အားကိုးတတ်တဲ့ လူသာ လူပျင်း၊ လူညံ့၊ လူဖျင်းပဲ၊ ဘယ်တော့မှ ကိုယ်ပိုင်အစွမ်းအစ ရှိလာမှာ မဟုတ်ဘူး"

"ဟုတ်ကဲ့ ... ကျွန်တော် မှတ်ထားပါ့မယ်"

"ပြောလိုက်ရင်တော့ ပုတ်သင်ညိုက အဖေခေါ်ရလောက်အောင် ခေါင်းညိတ်တတ်ပုံ၊ ပြီးရင် တလွဲတွေချည်း လုပ်ပြပါလိမ့်မယ်"

ဖိုးကျော်က အရှက်ပြေဟန်ဖြင့် တဟီးဟီး ရယ်လေ၏။ နှုတ်မှ ညီပွစိ ရေရွတ်ရင်း လက်မှလည်း အဆက်မပြတ် လုပ်နေတော့၊ အောက်ထပ် သံရိုက်တာ ကြိုးတပ်တာတို့က ခပ်မြန်မြန်ပြီးသွားလေ



www.burmeseclassic.com

www.burmeseclassic.com



သည်။ ပြတင်းပေါက်လိုက်ကာတို့က သေးတာမို့ တစ်ယောက်တည်းပင် လှပ်လိုက်ပါသည်။ အိမ်ဝတ်ခါးနှင့် အလယ်ခန်းတံခါး လိုက်ကာကို အလယ်ခွဲပုံစံ နှစ်စစီထားပြီး အလယ်မှာ ကြိုးလျော့လျော့လေး စည်းပါက ပိုလှသွားမှာပါ။

အပေါက်က တော်တော်ကျယ်သဖြင့် အစတစ်ခုစီ သယ်ရသလို ကြိုးကိုပါ ပြန်ဖြုတ်၍ လျှိုသွင်းရပါ၏။ ခြံထဲ ကားဝင်လာသံ ကြားရသဖြင့် ကိုကြီး ပြန်လာပြီမှန်း သိလိုက်ပါသည်။ အစနှစ်စလုံး ထည့်လျှိုကာ ကြိုးကွင်းစကို သံချိတ်ထဲ ပြန်ချိတ်စဉ် လိုက်ကာစက လေးပင်နေသလို ခုံပေါ်လာတင်သည့် အနားစကိုပါ နင်းလိုက်သည်နှယ် ဖြစ်သွားရလေ၏။

"အမယ်လေး!"

လိုက်ကာစနှင့် လူပါ လုံးထွေးလျက် ခုံက စောင်းကာ ပစ်ကျလေ၏။ အရင်ဝင်သွားသည့် ဖိုးကျော်က မမြင်လိုက်ပေမယ့် နောက်မှ ဝင်လာပါသည့် ကိုကြီးက သူမကို အမြန်ဆီးပွေ့ချီလိုက်ပါသည်။ အခုလေးတင် ဖိုးကျော်ကို နမော်နမဲ့နိုင်၍ ပြောဆိုမိတာ ချက်ချင်းကို ဝဋ်လည်ပါရောလား ခင်သုသုစံ။

၈





မျက်လုံးကို ဖျတ်ခနဲ ဖွင့်လိုက်ပါ၏။ နားထဲမှာ စကားပြောသလိုလို အသံတွေ ကြားနေရတာမို့ နိုးသွားခြင်းပါ။ အပြင်မှ အလင်းရောင်ဝင်နေပြီမို့ နေအတော်မြင့်နေပြီမှန်း သိလိုက်ပါ၏။ ခုတင်မှ ထစဉ် လက်ဖျံမှာ plasta ကပ်ပေးထားသဖြင့် ညက သူ့ကို ကိုကို Drip သွင်းပေးသည် ထင်ပါရဲ့။

အနားမှာစောင့်ရန် ပြောထားပါလျက် ရှိမနေသည့် သူမကြောင့် စိတ်တိုသွားရပါသည်။ ပြောတော့ဖြင့် နေပါ့မယ်ဆိုပြီး ပြောတော့ တစ်မျိုး။ လုပ်တော့ တခြားပါပဲလား။ လူက အားမရှိသလို ခွေနေချင်ပေမယ့် ကျောတွေ ပူနေပြီမို့ အိပ်ရာမှ လူးလဲထလိုက်ရတာပါပဲ။ အဝတ်လဲဦးမယ် ဒေါ်သုသုရေ။

အခန်းတံခါးကို ဖွင့်ကာ အောက်ထပ်သို့ ခပ်ဖြည်းဖြည်း ဆင်းခဲ့မိ၏။ စောစောက တူရိုက်သံတွေ ကြားမိပေမယ့် အခုတော့ တိတ်ဆိတ်လို့ပါလား။ အောက်ထပ်သို့ရောက်ရန် လှေကားတစ်ဆစ်ချိုးကို ဆင်းလိုက်စဉ် သူ့မျက်လုံးအစုံ ကျယ်သွားရလေတော့၏။



www.burmeseclassic.com

ကိုကိုရယ်လေ . . . သုသုကို တင်းတင်းကျပ်ကျပ်ကြီး ရှေ

ဖက်ထားပါရောလား။ ဟိုတစ်ယောက်ကလည်း ဘာမှမပြော မျှ

ဆန်တဲ့ ကိုကို့မျက်နှာကိုသာ အံ့ဩတကြီး မော့ကြည့်နေတာပါလေ

ဘာတွေဖြစ်ကုန်ပြီလဲ ခင်သုသုစံ။ မင်းနဲ့ ငါ့ကိုကိုနဲ့က ဘာတွေ

ဘယ်လိုအခြေအနေတွေ ရောက်နေပြီလဲ။

"ဪ! . . . အခြေအနေတွက ဒီလောက်တောင် ဖြစ်

လား"

"ဟင်"

"ဟာ! . . . မေ"

"ညီလေး နေမကောင်းဘူးဆိုလို့ လူနာသတင်းမေးရင်း

ခဲ့တာပါ၊ ညီဖြစ်သူကို ပူပန်ပါတယ်ဆိုတဲ့ အစ်ကိုက ဒီလိုနှစ်ပါးကြ

နေတာတော့ မြင်မကောင်းပါဘူးရှင်"

တိုက်ရှေ့ရောက်လာပါသည့် ဒေါက်တာမေရှင်းသန့်

သည့်လေသံကြောင့် နှစ်ယောက်သား လူချင်းခွာလိုက်ပါ၏။ မျက်

ရဲရဲနီနေပါသည့် သူမက ဘာပြောရမည်မသိဘဲ လိုက်ကာကိုမှေး

ကြောင်ကြည့်နေလေသည်။ ကိုကိုက အခြေအနေကို ရှင်းပြနိုင်

ကြိုးစားလိုက်ပါသည်။





"အထင်မလွဲပါနဲ့မေ . . . သုသု ခုံပေါ်က လဲကျတာကို ရုတ်

ချက် ပွေ့ထားလိုက်ရုံပါ"

"အထင်မဟုတ်ပါဘူးကို . . . အမြင်နဲ့ ပြောနေတာပါ၊

ည်း ဖတ်ဖူးမှာပါ၊ "ကြားတာကို မယုံနဲ့ မြင်တာကိုသာ တစ်ဝက်

ပါ" တဲ့၊ မေက အပြည့်အဝ ယုံလိုက်ရမှာလား"

"မဟုတ်ဘူး မေ . . . မှားနေပြီ"

"သုသု တောင်းပန်ပါတယ်၊ မမ ထင်သလို မဟုတ်ရပါဘူး"

"မင်းနဲ့ ဘာမှပြောစရာမရှိဘူး ခင်သုသုစံ၊ တို့နှစ်ယောက်

ကို တို့ဘာသာ ဖြေရှင်းမှာပါ"

"လုပ်စရာရှိတာ သွားလုပ်ပါ သုသု . . . သွား"

သူမ လုပ်လက်စအလုပ်ကို ထားရစ်ကာ အတွင်းခန်းဘက်

လိုက်ပါ၏။ လှေကားအောက်ဆုံးထစ်မှာ မျက်နှာတည်ကြီးဖြင့် ရပ်

ပါသည့် ကိုလေးကြောင့် ရုတ်တရက် လန့်သွားရပါသည်။ နေမ

ောင်းသည့်လူကို ဒီအထိ ဆင်းလာမယ်မှန်း ဘယ်ထင်ထားပါ့မလဲ။

"နင်တော့ ပြဿနာကို မီးမွှေးမိပြီ ခင်သုသုစံ"

"ကိုလေး"

"ကိုကိုတို့ ကိစ္စသာ ပျက်သွားရင် နင့်ကို ဘယ်သူမှ ခွင့်လွှတ်

www.burmeseclassic.com



လိမ့်မယ် မထင်နဲ့၊ ဖေဖေလည်း ခွင့်လွှတ်မှာမဟုတ်ဘူး။ ငါလည်း ခွင့်မလွှတ်ဘူး"

"သုသု ... သုသု"

"ဘာမှရှင်းပြဖို့ မကြိုးစားနဲ့၊ မကြားချင်ဘူး။ ငါပြောသ နင်က တကယ့်ကို အစစ်အမှန် အရှုပ်ထုပ်ပဲ"

သုမ မျက်နှာကိုအုပ်ကာ အတွင်းခန်းဘက် ပြေးဝင်သွာ လေတော့၏။ ငိုတာလား။ ငိုတာတဲ့လား သုသု။ မျက်ရည်ကျပြနေ လည်း နင့်ကို ဘယ်သူက သနားမှာတဲ့လဲ။ အစောကတည်းက သူ စရောက်ခဲ့တာကို သူ့စိတ်ထဲမှာ အလိုလို သိနေတာပါ။

ကိုကိုက ကြင်နာတတ်သည့်လူ ဖြစ်သလို ဆရာဝန်ဖြစ် တာ မဟုတ်လား။ သုမအပေါ်မှာ ချိုသာစွာ ပြောဆိုတတ်တာ ကမ္ဘာကြီးက ပြောင်းပြန်လည်ပါ့မလား။ သဒ္ဒါလွန်လျှင် တဏှာ တတ်တာ သဘာဝပေမယ့် ပညာတတ်ဖြစ်သည့် ကိုကို့အတွက် န သားထက် ဦးနှောက်က ပိုပြီး အသုံးဝင်မှာ အမှန်ပါ။

မျှော်လင့်ထားတဲ့လူသာ အရှုံးဖြစ်လေမပေါ့ ခင်သုသ ရင်းရင်းနှီးနှီးနေရုံနဲ့ နှလုံးသားချင်းပါ နီးကပ်ပါ့မလား။ သူက အ ကတည်းက မကြည့်ဘဲ အမြဲအောက်ခေါက်ခဲ့တာမို့ ခပ်စိမ်းစိမ်း





နေဖြစ်ခဲ့ကြတာပါ။ ဒီတော့ ကိုကို့ဘက်ကို အလေးသာတယ်ဆိုပြီး ပိုကပ်သွားသလိုပါပဲ။

"ကိုကို့မှာ ချစ်သူရှိတယ်" လို့ အတိအကျ ပြောထားပါလျက် နဲ့ အခုလိုမျိုး ပြဿနာကို မီးစမွှေးတာတော့ လွန်လွန်းပါသည်။ အခုတော့ duty ဆင်းဆင်းချင်း ကိုကိုတစ်ယောက် အမောမပြေဘဲ အမောဆို့ရသလို၊ လူမမာသတင်းလာမေးတဲ့ မမမေရှင်းသန့်ပါ အိမ် ထဲ မဝင်ဖြစ်တော့ဘဲ ခြံထဲမှာ စာရင်းရှင်းနေရပြီလေ။

"ကိုယ်ရှင်းပြတာကို အရင်နားထောင်ပါဦး၊ မေ"

"တော်ပါပြီ ကို ... မေ့အပေါ် ကြင်နာပြတာ ဘယ်နှကြိမ် များ ရှိခဲ့လို့လဲ၊ အခုပဲ ကြည့် ... ဒီကောင်မလေးအပေါ် ကိုပြော ဆိုဆက်ဆံတဲ့ အပြုအမူ ကြည့်တဲ့အကြည့်တွေကို မြင်ရုံနဲ့ တစ်အခ် ပြောနိုင်ပါပြီ"

"မေကလည်းကွာ ... ကိုယ်တို့က မောင်နှမတွေပါ"

"ဘာ! ... မောင်နှမ ဟုတ်လား"

မေ့အကြည့်တို့က ဟိုတစ်ကြိမ် ပဋိပက္ခဖြစ်ခဲ့ချိန်ထက် ပိုပြီး ပြင်းထန်နေသလိုပါ။ အထင်လွဲခြင်းက အချိန်ကိုက်ကို မြန်စားကြီး ရောက်လာရပါသလား။ တကယ်လို့သာ အိမ်ကို မေ တန်းပြန်သွားလျှင်



www.burmeseclassic.com

www.burmeseclassic.com



သို့တည်းမဟုတ် သူမ အလုပ်လုပ်နေချိန်ကြီး ဒီကို သူ ပြန်မရောက်ခဲ့လျှင် အခုလို နောင်တရစရာကို သူ မရနိုင်တာ အမှန်ပါပဲ။

တကယ့်ကို ဘာမှမဟုတ်လိုက်တဲ့ တခဏအဖြစ်အပျက်လေးက သူ့ဘဝကို အနှောင့်အယှက်ဖြစ် ပြောင်းလဲသွားစေမည်ဟု မျှော်လင့်မထားခဲ့မိပါချေ။ အထူးသဖြင့် နှစ်ကိုယ်တူ စိတ်ချင်းထပ်တူအဖြစ် ချစ်ခဲ့ပါသည့် မေ့လို မိန်းကလေးက သည်းခံစိတ်နဲ့ နားလည်ခွင့်လွှတ်စိတ် အပြည့်ရှိမည်ဟု သူ ထင်မှတ်ခဲ့ခြင်းက လုံးလုံးလျားလျားကို မှားယွင်းခဲ့တာပါ။

"ဘာလဲလား မောင်နမလား"

"မေ!"

"အဲဒီလို ဆတ်ဆတ်ထိမခံနိုင်ဖြစ်နေတာ၊ အပြောမခံနိုင်တာကို မြင်ကတည်းက သိခဲ့တာပါ ကို၊ ရှင့်ရင်ထဲမှာ ရှိနေတာ မေရှင်းသန့်မှ မဟုတ်တာဘဲ"

"မပြောနဲ့ . . . ဆက်မပြောပါနဲ့"

"ခင်သုသုစံကို ရှင် ချစ်နေတာပါ မင်းထင်ခန့်၊ အဲဒါ အသေအချာပဲ"

"မဟုတ်ဘူး . . . မဟုတ်ဘူး!"





သူ မျက်နှာကို အုပ်ထားလိုက်ပါတော့။ ခေါင်းတစ်ခုလုံး ပြုတ်ထွက်တော့မည့်နှယ် ခံစားလိုက်ရတာ အမှန်ပါ။ မင်းထင်ခန့်တော့ သေလေပြီ။

❀ ❀ ❀



www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း (၃)

www.burmeseclassic.com

www.burmeseclassic.com

သူ ကျောင်းစတက်သည့်အရွယ်မှာ မေမေက သူ့အတွက် လက်ဆောင်တစ်ခု ပေးခဲ့ပါတယ်။ အဲဒါကတော့ ပြာနှမ်းနှမ်းလေး ဖြစ်နေသည့် မှူးကင်းစကလေးလေး တစ်ယောက်ပါပဲ။ အဲဒီ သေးသေးဝိဝိကြွေးလေးယက်ကန်ယက်ကန် လှုပ်ရှားဟန်က သူ့ကို အပြုံးတွေ ဖြစ်စေခဲ့တာလေ။ လက်သေးသေးလေးထဲကို သူ့လက်ညှိုးလေး ထည့်ပေးတိုင်း တခစ်ခစ်ရယ်မောတတ်တာ အတယ်မှ ချစ်စရာကောင်းလိုက်ပါသလဲ။ သို့သော် သူက ချစ်ရသလောက် သူ ပြန်ရခဲ့သမျှက မကျေနပ်ခြင်းတွေ ချည်းသာ။ သူ့ကို မနာလိုတူးဟု ပွင့်လင်းစွာ ပြောချတတ်သည့် ညီညီလေးအပေါ် သူ အသက်တမျှ တန်ဖိုးထား ချစ်ခဲ့တာ ဘယ်သူတွေ သိနိုင်မှာတဲ့လဲ။

(မင်းထင်ခန့်)

www.burmeseclassic.com

## အခန်း (၁၅)

ရေချိုးပြီးအချိန်အထိ သူမကို မတွေ့ရသေးပါချေ။ ဘယ်လိုဖြစ်တာလဲ။ ရှောင်နေတာများလား။ ခါတိုင်းဆို အလုပ်သွားကာနီး ဘာလိုအပ်သလဲဆိုပြီး အနားကို ရောက်လာတတ်တာပါ။ ဘယ်လောက် ... အော်အော် အမှတ်သည်းခြေမရှိသည့်နှယ် မျက်စိနောက်အောင်ပင် ချုပ်ပေးသည့်အင်္ကျီနဲ့ ကောင်မလေးပါပဲ။

ဗီရိုကို ဖွင့်လိုက်စဉ် အရင်လို အင်္ကျီသပ်သပ်၊ ပုဆိုးသပ်သပ် ချိတ်နေတော့ပါဘဲ colour match ဖြစ်စေရန် တွဲပြီး ထပ်သည့်အဝတ် တွေကို မြင်ရလေ၏။ ဘာလဲ . . . ခါတိုင်းလို "ဒါနဲ့ ဒါလေးတော်ပါ"

www.burmeseclassic.com

www.burmeseclassic.com



လိုက်ဖက်ပါတယ် ကိုလေး” ဆိုပြီး ဆရာလုပ်ချင်စိတ် မရှိတော့ဘူးလား။

မင်း ဘယ်မှာလဲ ခင်သုသုစံ။

“သုသု!”

အခန်းတံခါးဖွင့်ကာ လှမ်းအော်လိုက်မိပေမယ့် ‘ရှင်!’ ဟု သည့် ထူးသံကို ပြန်မကြားရပါ။ ဘယ်လိုလဲ။ ပြဿနာဖြစ်ပြီး တည်းက စကားသိပ်မပြောဖြစ်ကြတော့ဘဲ သူနဲ့ ကိုကိုပါ သူ့ ခပ်စိမ်းစိမ်း ခပ်ကင်းကင်းနေဖြစ်တာ ဘယ်လောက်ကြာပြီလဲ။

ဖေဖေနဲ့သာ တီးတိုးစကားပြောတတ်ပြီး အခန်းထဲအောင်း ကျင့်က ဘယ်လိုဖြစ်ပြီး ရသွားတာပါလိမ့်။ ခင်သုသုစံဆိုတာ အလုပ် နဲ့လက် မပြတ်အောင် တစ်နေကုန် တကုပ်ကုပ်နဲ့ လုပ်နေတတ်တာ လေ။ ဘုရားခန်းမှာ, အပေါ်ထပ်ဧည့်ခန်းမှာ, လှေကားထစ်တွေမှာ အောက်ထပ်ဧည့်ခန်းမှာ, အလယ်ခန်းမှာ, ထမင်းစားခန်းနဲ့ မီးဖိုခန်း တို့မှာ တစ်နေရာမဟုတ် တစ်နေရာ ရှိနေတတ်တာပါ။

ဒီလိုမှ မဟုတ်ရင် ခြံထဲမှာ ပေါင်းရှင်းမြက်နုတ်၊ ပိုးကိုက် သည့် အရွက်တို့ကို ပန်းညှပ်ကပ်ကြေးဖြင့် ညှပ်ကာ ပိုးသတ်ဆေး လေးဖြင့် ဖြန်းနေတတ်လေ၏။ ရေပိုက်ဖြင့် အပင်တွေ ရေလောင်း တတ်သလို ကွန်ကရစ်ခင်း လမ်းညစ်ပတ်နေပါက သံ brush ဖြ





ပ်ကြမ်းကြမ်းတိုက်ချွတ်၊ ဆပ်ပြာရည်ဖြင့် ဖွေးနေအောင် ဆေးကြော သန့်စင်ကာ ရေဆေးနေတတ်တာ သုသုပါပဲ။

“သုသု!”

ထပ်ခေါ်မိပြန်၏။ သူမ အခန်းတံခါးကို နှစ်ချက်ခေါက် ကာ ဖွင့်ကြည့်စဉ် ရှင်းလင်းသပ်ရပ်နေသည့် အခန်းက ဆိတ်ငြိမ်တိတ် ဆိတ်လို့ပါလေ။ အပေါ်ထပ်မှာရော၊ ဝရံတာမှာ မမြင်တာမို့ အောက် ထပ်မှာပဲ ရှိမည်ဟုထင်ပြီး ဆင်းခဲ့ပါ၏။ ဒီလောက် တကြော်ကြော် အော်ခေါ်နေတာတောင်မှ မကြားရအောင် ဒင်း နားလေးနေပြီလား။

“သုသု!”

“မရှိဘူး . . . ဘယ်လိုဖြစ်ပြီး အော်နေရတာလဲ”

“မရှိရအောင် ဘယ်သွားလို့လဲ ဖေဖေရဲ့”

“မမလေး ကျောင်းသွားပါတယ် အစ်ကိုလေး”

“ဘာ . . . ကျောင်း”

“အေး . . . second year ဖြေဖို့ အနီးကပ်သင်တန်းတက် ပြီလေ”

“ဘာလို့ ကြိုမပြောထားတာလဲ”

“ကြိုပြောထားရင် လိုက်ပို့ပေးမလို့လား”



www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ပါဘူး"

"ပူမနေနဲ့ ... ကျောင်းအသွားအပြန် လှုစုပြီး ဝယ်
ကျွေးဖို့ရှိတယ်"

ဖေဖေ့စကားကြောင့် သူ ပါးစပ်ပိတ်လိုက်ရပါ၏။ Break
fast ဝိုင်းမှာ အတူစားသောက်နေပေမယ့် စကားတစ်ခွန်းမှ မပြော
ငြိမ်နေသည်က ကိုကိုပါ။ ဘာတွေများ စဉ်းစားနေလို့ တစ်ယောက်
တည်း ငြိမ်နေရတာပါလိမ့်။ သူ အကဲခတ်ကြည့်မိပေမယ့် မှင်သေသ
ကိုကို့ကို အတွင်းစိတ်ထဲထိ မမြင်နိုင်ပါချေ။

"သားကြီး ဆက်ပြောလေ"

"ကျော်ဖေတို့ Wedding ပြီးရင် ကျွန်တော် တစ်ပတ်လောက်
leave ယူပြီး ခရီးထွက်ချင်ပါတယ် ဖေဖေ"

"တစ်ပတ်"

"ဟုတ်ကဲ့"

"မေရှင်းသန့်နဲ့ case က ပြတ်ပြီလား"

သူ ပြန်မဖြေမိပါ။ မေးပြီးပြီကော။ ဆေးရုံမှာလည်း ဒီ
ခွန်းမျိုး ဒီအကြည့်မျိုးတွေနဲ့ သူ့ကို ဝိုင်းကြည့်နေသည့်ဒဏ်ကို
နိုင်တော့ပါ။ ဖူးစာဖက်ဟု တစ်ထစ်ချ ယုံကြည်လက်ခံထားသ





ချစ်သူက အစိမ်းသက်သက် လမ်းခွဲလိုက်သည့် ဒဏ်ရာက နာကျင်
နေတုန်းတာပဲ။

တချုပ်သက်တမ်း မပြည့်သေးတာမို့ အလုပ်က ချက်ချင်း
ထွက်ဖြစ်သေးပေမယ့် နှစ်ကုန်တာနှင့် တခြားဆေးရုံကို ပြောင်းခွင့်
တင်ထားသည်က မေရယ်ပါ။ "မြင်သာမြင် မကြင်ရ" ဟူသည့်
စကားပုံက သူနှင့်မှ ပတ်သက်လာရတယ်လို့။ အရင်ကလို လေပြည်
လေးနဲ့ ချော့လို့ မရတော့ပါ။

ဖြေရှင်းခွင့်မပေးတော့သည့်နောက် "မင်းထင်ခန့်"၏နာမည်
နောက်မှာ "သစ္စာမဲ့သူ" ဟု ထပ်ဖြည့်ကြတော့မှာ မဟုတ်ပါလား။
လူ့ဘဝမှာ လူထက် အမည်က ပိုပြီးအရေးကြီးမှန်း သူ သိနေတော့
ခက်သားလား။ ဘယ်တော့မဆို မတွေ့တော့ဘဲ ဆုံးဖြတ်ချက် ပြတ်သား
ခဲ့ပါသည့် မင်းထင်ခန့်ကို ကျိုးစယ်လေပြီလား ကံကြမ္မာရယ်။

"သားကြီး"

"ခွင့်ပြုပါ ဖေဖေ"

"ဒီလိုပဲ ဆက်သွားနေတာနဲ့ ပြဿနာကို ဖြေရှင်းနိုင်ပဲ့မလား။
ဒီတော့ချင်း ပြောဆိုထားသမျှ အလဟဿဖြစ်ပြီလား သား"

"သူ့မိဘတွေဘက်ကို သူပဲ ပြောပါလိမ့်မယ် ဖေဖေ..



www.burmeseclassic.com

www.burmeseclassic.com



ကိစ္စမရှိပါဘူး"

"အဲဒီလိုတော့ လွယ်လွယ်မပြောပါနဲ့ ကိုကိုရဲ့ လိုအပ်ချင်ခင်းကို ခေါ်သင့်ခေါ်ပေါ့၊ သူ စမ္မေးတဲ့မီးပဲဟာ"

"ဘယ်သူ့ကိုလဲ"

"ဘာမှမဟုတ်ပါဘူး ဖေဖေ"

"နေဦး ... နေဦး။ အိမ်မှာ ပြဿနာတစ်ခုခုဖြစ်ထားတောသေချာပြီ၊ ခါတိုင်းလို သားငယ်နဲ့ တစ်ယောက်တစ်ခွန်း စကားများတာမျိုး မဟုတ်လောက်ဘူးပေါ့လေ"

"ကိုကိုနဲ့"

"ညီ"

"ဒီကိစ္စက ဖုံးကွယ်ထားလို့မှ မရတာဗျ"

"ကျစ်! ... ကိုကို့ပြဿနာ ကိုကို့ဘာသာ ရှင်းပါ့မယ်မဆိုင်တဲ့လူကို ဆွဲမထည့်ပါနဲ့"

"မထည့်လို့ ဖြစ်မလား။ ကျွန်တော် အစောကြီးကတည်းကပြောခဲ့သားပဲ၊ အဲဒီကောင်မလေးက ပြဿနာတွေ ဝိုက်ပြီး ရောက်လာတာလို့"

"ညီညီ!"





"မင်းသွင်!"

နှစ်ယောက်စလုံး ပြိုင်တူအော်လိုက်တာမို့ သူ အတော်လန့်သွားရပါ၏။ ဘာလဲ ... ကိုကို့မျက်နှာက အနီရောင်သန်းနေသလို ပေါ် သူ့ကို မျက်နှာတည်ကြီးနဲ့ စိုက်ကြည့်လိုက်လေ၏။ အဖြစ်မှန်ကို ပြောတာတောင်မှ သူ့ကို မလိုလားပုံနဲ့ပါလား။

ပြဿနာရှာတာက သူသူပါ။ အခုတော့ ဘယ်လိုဖြစ်ပြီး သူ့ကိုမှ ဒေါသဖြစ်ကြတာပါလဲ။ မနေ့မတိုင်တတ်လို့လား မင်းသွင်ခန့်။ အိမ်မှာ ဝိုင်းပြီး အလိုလိုက်ကြတဲ့အခွင့်က အခုမှ မရှိတော့တာပဲလား။ ဘုရားရေ! ... ဘာတွေများ ပြောင်းလဲကုန်တာပါလိမ့်။

"ပြောစမ်းပါ ... သုသု ဘာဖြစ်နေလို့လဲ ဖေဖေ မသိအောင် လို့ ဘာကိုများ ဖုံးကွယ်ထားလို့လဲ သားကြီး"

"..."

"ခုတလော သမီးလည်း မျက်နှာမကောင်းဘူး။ ဖေဖေ ထင်ထားတာက သားငယ်နဲ့ မကြာမကြာ ပဋိပက္ခဖြစ်တာမျိုး။ ပြီးတော့ ... အိမ်အလုပ် ပင်ပန်းတာကြောင့်များလားလို့ပါ။ ဒီကြားထဲ သားငယ်ကို မညည်းမညူ ပြုစုပေးရလို့ပဲ စိတ်ညစ်နေသလားလို့ ထင်ထားတာ"



www.burmeseclassic.com

www.burmeseclassic.com



“ကိုကိုမပြောရင် ကျွန်တော် ပြောမယ် ဖေဖေ”

“မင်းပြောမှ ပိုရှုပ်ကုန်မယ်, ညီ ... အေးအေးနေစမ်းပါ”

“မမပြောတာ မှန်နေလို့လား”

“ဘာ!”

“ကိုကို ဒီလောက် မခံနိုင်ဖြစ်နေတာကိုးဗျ”

“ညီညီ!”

“အေးအေးဆေးဆေး ပြောကြလေ ... ဘယ်လိုဖြစ်တာလဲ”

ကိုကိုက သူ့ကို ခပ်စိမ်းစိမ်းအကြည့်ဖြင့် ကြည့်လိုက်ပြန်ပါ၏။ သူစိမ်းတစ်ယောက်အတွက် ဖေဖေ့အရှေ့မှာ ညီအစ်ကိုနှစ်ယောက်က စကားများရတယ်လို့။ အိမ်မှာ အရင်က ငြိမ်းချမ်းပြီး တိတ်ဆိတ်ငြိမ်သက်ခဲ့တာ ကြာခဲ့ပါပြီ။ သူမ,ရောက်လာမှပဲ စကားများသံ၊ အော်ဟစ်သံတို့နှင့် ဆူညံသံ ကြားရတာ မဟုတ်လား။

“မေရှင်းသန့်က ဘာများပြောခဲ့လို့လဲ”

“ကိုကိုက”

“ကျွတ်! ... ညီညီ”

“ကိုကို မပြောခဲ့ဘူး မဟုတ်လား”



“ဒါ ... ငါ့ကိစ္စပါ၊ မင်းနဲ့ မဆိုင်ပါဘူး”

“ကိုကိုက အခုတော့ ကျွန်တော့်ကို ခွဲခြားပြီး ပြောနေပြီပေါ့”

“ညီ”

“သူစိမ်းတစ်ယောက်ရောက်လာတာနဲ့ မိသားစုက စိတ်ဝမ်းကွဲတာ ကောင်းပါ့မလား။ ကိုကို စဉ်းစားကြည့်ပါ။ သူ ဒီကိုရောက်တာ ဘယ်လောက်များ ကြာသေးလို့လဲ၊ ပြဿနာက တစ်ခုပြီးတစ်ခု ဖြစ်နေပြီ”

“ဒါကတော့ သားက သူ့ကို ဆွေမျိုးသားချင်းလို သဘောမထားတာကိုး။ အဲဒီစိတ်ကိုသာ ထားတတ်ရင် အိမ်မှာ ဘာပဋိပက္ခမှ ရှိစရာ မလိုတော့ဘူး”

“ကိုကိုကရော အဲဒီလို သဘောထားနိုင်ရဲ့လားလို့ မေးပါဦး ဖေဖေ”

“ဘာရယ်”

ခံပြင်းမိတာ အမှန်ပါ။ ဘာမဆို ဦးစားပေးခံခဲ့ရတဲ့ နေရာက ဖယ်ပေးရတော့မှာလား။ ဖေဖေက အစ ကိုကို့ဘက်ကိုပဲ ဦးစားပေးနေတာ ဘာကြောင့်များပါလိမ့်။ ခင်သုသုစံကို ဖေဖေနဲ့ ပတ်သက်ပြီး

www.burmeseclassic.com

www.burmeseclassic.com



တစ်ခုခု တော်စပ်မည့်သူဟု သူ မည်သို့မျှပင် ထင်နေကာမှ ထိုထင် မြင်ချက်က လအနည်းငယ် ကြာစဉ်မှာပင် ပျောက်ဆုံးခဲ့လေပြီ။

အလို! ... ဒါဖြင့် ဖေဖေ့ရဲ့ ... ဖေဖေရဲ့အချစ်ဦးဆိုတဲ့ အဆက်ပေါင်းရဲ့ကလေးများလား။ ဒီဘဝမှာ ပေါင်းဖက်ခွင့်မရခဲ့တဲ့ ချစ်ဦးသူနဲ့ လက်ဆက်နိုင်ဖို့အတွက် ဒီကောင်မလေးကို အရင်ဆုံး သူတို့ညီအစ်ကိုနဲ့ တည့်အောင်ပေါင်းဖို့ ခေါ်ထားတာပေါ့လေ။ ဘုရား ရေ! ... ဒါကို သူ ဘာလို့များ မတွေးမိပါလိမ့်။

"ဒါက ဘယ်လဲ"

"ဘာမှမပြောချင်တော့ဘူး"

"မပြောလို့ ဘယ်ရမှာလဲ၊ ကိုကိုပြောတာကို ဖေဖေစောင့် နေတာ သိရဲ့သားနဲ့"

"နောက်မှပဲ အေးအေးဆေးဆေး ပြောပါ့မယ် ဖေဖေ"

"ဖေဖေ အထင်ကြီးတဲ့သားရဲ့အခြေအနေကို မြင်ပြီ မဟုတ် လား။ ပြောတော့ဖြင့် ဦးနှောက်နဲ့ပဲ ရွေးချယ်ဆုံးဖြတ်တတ်တယ်ဆို"

"မဝေဖန်ပါနဲ့ ညီ ... ကိုယ့်ကိစ္စနဲ့ကိုယ် စိတ်ရှုပ်နေတဲ့ ကြားထဲ"

"ကိုကိုက ရှင်းနေတာကို ရှုပ်အောင် လုပ်ချင်နေတာကိုး





ယောက်ျားပဲ ... ပြတ်ပြတ်သားသားပေါ့"

"မင်းသွင်"

"ဘာလဲ ... ဝန်မခံရဲတာလား"

"မှားနေပြီနော် ... အထင်နဲ့ စွတ်မပြောနဲ့"

"မှန်တာပြောရင် နာတတ်ကြပါတယ် ကိုကို"

"ကျစ်! ... ခက်လိုက်တာကွာ"

အပြင်ထွက်ဖို့ ပြင်နေတာကိုတောင်မှ ညီဖြစ်သူက လိုက် တားနေရတယ်လို့။ မနက်စာ စားသောက်ပြီးတာနှင့် လုပ်ငန်းခွင် ဝင်ရတော့မှာပါ။ တစ်နေ့တာရဲ့အစက စိတ်ကြည်လင်လန်းဆန်းပြီး ဖျတ်လတ်တက်ကြွနေရမှာ မဟုတ်ပါလား။ ခုတော့ဖြင့် စိတ်ရှုပ်တွေး စရာတွေနဲ့ စ,နေရတယ်လို့။

အထူးသဖြင့် သူ့ကို အစောကြီးကတည်းက တိုင်ပင်ပြီး ပြောခဲ့သည့် ဖေဖေ့ကို မျက်နှာမပျက်စေချင်တာပါ။ အထင်လွဲမှုတွေ၊ အမြင်မှားမှုတွေနဲ့ ရင်ဘတ်ကြီး ကွဲအက်နေတာကို ဘယ်သူက မြင် နိုင်မှာပါလဲ။ အလိုက်တသိ ရှောင်ပေးနေသည့် ကလေးမကို ကျေးဇူး တင်မိပေမယ့် ဘာဆိုဘာမှ ဖွင့်မပြောရဲသည့် ဒုက္ခနှင့် မင်းထင်နဲ့ ပါလေ။



www.burmeseclassic.com

www.burmeseclassic.com



"မမမေကို ပြတ်နိုင်တယ် မဟုတ်လား"

"ငါ့မှာလည်း မာနရှိပါတယ်၊ တစ်ခါ တောင်းပန်ခဲ့ပြီးပြီ နောက်တစ်ကြိမ် ... ကြိုးစားချင်ပေမယ့် ... ဟင်း! ... မလွယ်ဘူး"

"ထင်သားပဲ ... ဒီလို ခပ်လွယ်လွယ် လက်လျှော့မယ်ဆိုတာ"

"ဘာ"

"ဝန်ခံလိုက်ပါ ကိုကို"

"ညီ"

"ခင်သုသုစံကို ကိုကို ချစ်နေပြီဆိုတာပေါ့"

"ဘာပြောလိုက်တယ်"

သူ့နောက်မှာ လိုက်ပါလာသည့် ဖေဖေ့ကို လှည့်မကြည့်မိတော့ပါ။

ရှေ့တည့်တည့် ဝိတ်ပြီး ရပ်နေပါသည့် ညီ့ကို သူ အငေးသား ကြည့်နေမိ၏။ မနောလိုစိတ်နှင့် လာခွပြီး ပြောလေသလား။ အကြည့်ချင်းဆုံပြီး မလွှဲဖယ်ဖြစ်တဲ့ မျက်လုံးတွေက အတော်ကြာနေတာ အမှန်ပါ။





ဝန်တိုမှု၊ မနောလိုမှု၊ ဝမ်းနည်းမှု၊ သိုသိပ်မှု၊ ခံပြင်းမှုတို့ ပြည့်နှက်နေပါသည့် အကြည့်တို့ကို သူ ခံစားမိလေ၏။ ခင်သုသုစံကို ကိုယ်က ချစ်ခွင့်များ ရှိတယ်လို့ ထင်နေပါသလား။ ညီ။ မဖြစ်နိုင်တာကို ကိုယ်သာ အသိဆုံးပါကွာ။

● ● ●



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၆)

ဖယ်ရီစောင့်နေစဉ် phone သံမြည်လာတာမို့ လွယ်အိတ်ထဲ နှိုက်ကာ Handset ကို ယူလိုက်ရပါ၏။ Phone ဝယ်ပေးထားထားဖေဖေမို့ ဖေဖေ ဆက်တာမှန်း သူမ သိပါသည်။ အိမ်မှာ မျက်နှာချင်းမဆိုင်အောင် ရှောင်နေသည့် မျက်နှာတွေကို မမြင်ချင်သည့်စိတ်က အားငယ်မှု အပြည့်ပါပဲ။ အခုတော့ phone နဲ့ပင် ဖေဖေ ပြောလာပြီ။

"ဟယ်လို"

"သမီး ... ဖေဖေပါ"





"ဟုတ်ကဲ့"

"ကျောင်းဆင်းပြီလား"

"ဟုတ်! ... အခု ဖယ်ရီစောင့်နေတာပါ"

"အေးအေး ... တခြားမဟုတ်ပါဘူး။ သမီးနဲ့ ပြောစရာရှိလို့"

"ဘာများလဲ ဖေဖေ"

"အင်း ... သမီး စာမေးပွဲဖြေပြီးမှပဲ ပြောမလို့ထင်တယ်၊ အနှောင့်အယှက်ဖြစ်မှာစိုးလို့ပါ"

"သုသုလည်း ပြောစရာရှိပါတယ် ဖေဖေ"

"ကောင်းပြီလေ ... တို့သားအဖတွေ ပွင့်ပွင့်လင်းလင်း ပြောကြတာပေါ့"

"ဟုတ်ကဲ့"

"တို့သားအဖ" တဲ့လား။ သုသုလည်း ထိုသို့သာ ဖြစ်ချင်ခဲ့တာပါ။ သို့သော် ကံကြမ္မာဆိုတာ ကိုယ်ဖြစ်ချင်သည့်အတိုင်း ဖြစ်လာတာမှ မဟုတ်တာပဲ။ ဖေဖေ မည်မျှပင် သူမအပေါ်မှာ သမီးရင်းနယ်သဘောထားနိုင်သော်ငြား ဖေဖေ့သားအငယ်ကမှ ဤသို့ မထားနိုင်တာလေ။



www.burmeseclassic.com

www.burmeseclassic.com



"ဖေဖေ" ဟူသည့် စကားလုံးကို သူမဘဝတစ်လျှောက် တစ်ကြိမ်မျှ မခေါ်ခဲ့, မသုံးခဲ့ဖူးပါ။ ဖေဖေကိုယ်တိုင် ရှေ့က ပြောပြီး သုံးခဲ့တာမို့ ရောပြီး ခေါ်မိတာ ဘယ်နှကြိမ်များ ရှိခဲ့ပါသလဲ။ "မကြိုက် ဘူး" ဟု အအော်ခံရတာက သူမပါပဲ။ ကိုယ့်အဖေကို သွေးမတော် သားမစပ် သူစိမ်းက အဖေလို့ခေါ်တာကို ဘယ်သားသမီးမှ မနှစ်သက် တတ်မှန်း သူမ သိပါ၏။

မေတ္တာငတ်ခဲ့ရသည့် ကောင်မလေးပါ။ အမြူးရောင်သန့်သန့် နှင့် မေတ္တာရေစက်လေးကို ပြန်မပေးချင်ဘူးလား။ ပြောကြတာဖြင့် မေတ္တာဆိုတာ အသွားအပြန် ရှိတယ်ဆို၊ လက်တွေ့မှာဖြင့် တလွဲချည်း ပါပဲ။ အကြည့်ရူးရူးတွေ၊ မုန်းတီးစက်ဆုပ်သည့် မျက်ဝန်းတွေ၊ ခါးသီး ရက်စက်သည့် စကားလုံးတွေနှင့် ပြင်းထန်မာကျောလွန်းသည့် လေသံ တို့နှင့်သာ အပြောခံခဲ့ရတာပါ။

မုန်းလိုက်တာ . . . "ခါးခါးတူးတူးကြီးကို မုန်းတယ်" ဟု ပြောလိုက်ချင်တာ အမှန်ပါ။ သို့သော် မမြင်ချင်ဘဲ ကြည့်နေရတာ မကြားချင်ပါဘဲ ကြားနေရတာ။ ကျောခိုင်းဥပေက္ခာပြုချင်ပေမယ့် မလုပ်ရက်တာက အဘယ်သို့သော ကံတရားကြောင့်ပါလဲ။ သုံးနှစ်ပို သည့် ကွာဟသည့် အသက်အပိုင်းအခြားက ရင့်ကျက်တည်ငြိမ်ခြင်းကို





ဖွားပြားစေပါသလား။

တစ်ဦးတည်းသော သမီးအဖြစ် မွေးခဲ့သည့် သူမက တစ် ယောက်တည်းမို့ အမေ့အပေါ်မှာ ဆိုးနွဲ့ခွင့်ရပေမယ့် လိမ္မာသည့် သမီးအဖြစ်သာ ရပ်တည်ခဲ့တာပါ။ အဆင့်အတန်းမတူသည့် ဘဝမို့ လား။ ငယ်သည့်လူက ကြီးသည့်လူအပေါ်မှာ သည်းခံခွင့်လွှတ်ပေး မှုကို အစောကြီးကတည်းက နားလည်မှုယူပြီး ဒီအိမ်လာနေဖြစ်ဖို့ သဘောတူညီဖြစ်ခဲ့တာ မဟုတ်ပါလား။

"ဖယ်ရီလာပြီ, သုသုစ်"

"အင်း"

ကိုယ်ပိုင်ကားကို (၁၀) ဦးစပ် ငှားစီးတာမို့ အဆင်ပြေပါ၏။ ဖယ်ရီကားလေး (၇) ယောက်နှင့် ယောက်ျားလေး (၃) ယောက်မို့ ကား ပေါ်မှာ စကားများသံက ပိုကျယ်နေလေသည်။ ပြုံးပြုံးရွှင်ရွှင်နေတတ် သည့်အရွယ်တွေ ဖြစ်ပေမယ့် သူမမျက်နှာကဖြင့် မပြုံးမရယ်ပါ။ အိမ်ထဲအထိ လိုက်ပို့ပေးသည့် ကားကို စီးနိုင်းတာမို့ ဖေဖေ့ကို ကျေးဇူးတင်ပါသည်။

(၁၀) ရက်ဆိုတာ ခဏလေးလိုပါပဲ။ ဒီရက်အတွင်း စာအပြီး အောင် ကျက်ကာ ပြုံးတူးပြိုင်တဲဖြင့် ဖြေရသည့် စာမေးပွဲကို အဆင်း



www.burmeseclassic.com

www.burmeseclassic.com



သင်ဟု ခေါ်ပါ၏။ Day ကျောင်းသူတွေလို ပဲခပ်များများဖြင့် C
teen ထိုင် အတန်းလစ်ရတာမျိုးကို သူမတို့ မရှိပါချေ။

"မမလေး ပြန်လာပြီ"

"ရေတောင်လောင်းနေပြီလား"

"ဟုတ်ကဲ့"

"ခါတိုင်းလိုပဲ ထမင်းပွဲပြင်ထားပေးတာကို ဖေဖေ
ကျွေးပေးပါနော်၊ ထမင်းနဲ့ဟင်းရည်က အေးမှာစိုးလို့ အိုးထဲ
ထားပေးမယ်၊ စားကာနီးမှ ခပ်ကျွေးပေးပါ"

"ဟုတ်ကဲ့"

ရေလောင်းနေသည့် ဖိုးကျော်ကို မှာပြီး တိုက်ထဲဝင်ခဲ့
အလုပ်သွားသည့်လူတွေက အရိပ်ပြန်မရောက်တဲ့ ကျောင်းတက်
သူမက အရင်ဆုံး ပြန်ရောက်တာမို့ တော်ပါသေးသည်။ လွယ်
ကို အလယ်ခန်းရှိ စားပွဲပေါ်တင်ခဲ့ကာ မီးဖိုခန်းဘက် ဆက်ဝင်ခဲ့
ရေသန့်ဘူးထဲမှ ရေကို ဖန်ခွက်ထဲငှဲ့သောက်နေရင်း စားပွဲထက်
ထားသည့် အုပ်ဆောင်းကို ဖွင့်ကြည့်လိုက်မိသည်။

ဟင်းတွေက အရာမယွင်းပါလား။ ထမင်းချိုင့်ယူသွာ
အိမ်မှာ စားဖို့အတွက် ပို့ချက်ထားတာတောင်မှ ဘယ်သူမှ မစာ





တဲ့လား။ စေတနာအပြည့်နှင့် ချက်ပြုတ်သေးသမျှ တန်ဖိုးမဲ့ခဲ့ရ
ပြီ။ အရင်လို ဘာစားချင်တယ်၊ ဘာချက်ကျွေးပါဟု ဖေဖေရော
ကြီးပါ တစ်ခွန်းတောင်မှ မပြောတော့တာပါ။

"အင့်!"

တင်းထားပေမယ့် မျက်ရည်တို့က တပေါက်ပေါက်စီးကျ
လေတော့၏။ အရိပ်မဲ့နေတဲ့ဘဝမို့ ဒီအရိပ်အောက်ကို အခွင့်ရ
ခဲ့မိတာပါ။ အရိပ်ဆိုတာ အေးမြပြီး ရင်ကို အေးချမ်းစေရမှာလေ။
တော့ဖြင့် ဒီအရိပ်က သူမကြောင့် ပူလောင်နေပါပြီကော။

စိတ်လွှတ်ပြီး ငိုမိပေမယ့် အချိန်ကုန်နေပြီမို့ ရပ်လိုက်ရပါ၏။
ယည်က ငိုနေတာမို့ ဒီအိမ်က ပိုပူရုံမှသာ ရှိတော့မှာပေ့။ မျက်နှာ
ကော ညနေစာ ချက်ရန် ဆန်ဆေးလိုက်ပါ၏။ အရွက်ကြော်ကို
နွေးနွေး စားစေချင်သဖြင့် ရေဆေးကာ ခြွေတာခြွေ၊ ဖြတ်တာ
လုပ်ထားလိုက်ပါသည်။

လျှာအရသာ ပျက်ကြတာပဲလား။ ဒါမှမဟုတ် စိတ်မချမ်း
ကြတာကြောင့်များလား။ အစားမကောင်းကြတာကို သိသဖြင့်
အရသာရှိအောင် စားကောင်းစေရန် ပြင်ဆင်လိုက်ရပါ၏။ နောက်
(၁၀) ရက်လောက်ပဲ သည်းခံပေးကြပါ။ အဲဒီလောက်ဆိုရင်



www.burmeseclassic.com

www.burmeseclassic.com



ခင်သုသုစံကို အရပ်သော်မှ မမြင်ရတော့မှာ အမှန်ပါ။

ချက်ပြုတ်ပြီးသည်နှင့် စားပွဲထက် ပြင်ပေးခဲ့ကာ အခေါ် ထပ်သို့ တက်ခဲ့ပါ၏။ အရင်ဆုံး ရေချိုးကာ အဝတ်အစားလဲပြီး ဘုရား စင်ရှေ့မှာ တော်တော်ကြာအောင် ဘုရားရှိခိုး ဖြစ်လေသည်။ ရင်း မကောင်းပေမယ့် ဘာသာရေးကိုတော့ မမေ့မလျော့ လုပ်ရမှာပါ။

ရေနွေးကို ဓာတ်ဘူးထဲသို့ထည့်ကာ အခန်းထဲ ယူထားပါ၏ ရေသန့်တစ်ဘူးကိုပါ ညဘက် ရေဆာလျှင် သောက်ရန် ယူထား သည်။ တစ်နေကုန် ပင်ပန်းပြီး အိပ်ချင်နေပေမယ့် စာကျက်ရှေ့ စာကြည့်စားပွဲခုံမှာ ထိုင်ရလေ၏။ ကြိုးစားပါ ခင်သုသုစံ။

❀

ကားကို တိုက်ရှေ့မှ ရပ်စဉ် ည (၇) နာရီ ရှိနေလေပြီ ဖေဖေနှင့်အတူ တိုက်ထဲဝင်ခဲ့ပေမယ့် ထုံးစံအတိုင်း သူမကို မမြင်ရ ပြန်ပါ။ ရှောင်နေပြန်ပြီပေါ့။ အပြစ်လုပ်ထားတာကိုး။ မိသားစု ဦး အစ်ကို ချစ်သူနှစ်ဦးတွေကို နှောင့်ယှက်ခဲ့သည့်အပြစ်က အကြီးကြီး ပင် မဟုတ်ပါလား။





"သမီးရော"

"အခန်းထဲမှာပါ ဘဘ"

"ညစာစားပြီးရဲ့လား"

"မသိဘူး ဘဘ . . . စာကျက်တော့မယ်လို့ပဲ ပြောပါတယ်"

"ခက်တာပဲ . . . ဒီပုံစံနဲ့သာ ဆက်သွားနေရင် သမီးက တော့"

"ပြန်လာတုန်းက မီးဖိုချောင်မှာ"

"ဘာဖြစ်ပြန်ပြီလဲ"

"ငိုနေတာ အကြာကြီးပဲ . . . နာရီဝက်လောက်ရှိမယ် ထင် တယ်"

နောက်မှ ဝင်လာသည်က ကိုကို့ကားပါပဲ။ သူမအကြောင်း ပြောနေတုန်း လာဆုံရတယ်လို့။ ဖေဖေက ညှော်ခန်းခုံမှာပင် ထိုင်ချ လိုက်လေ၏။ အိမ်မှာ ငိုသတဲ့။ ဘာဖြစ်လို့လဲ။ ခင်းမွှေတဲ့ ပြဿနာ ကြီးက အခုထိ ပူနေတာတောင်မှ မျက်ရည်ကျပြရတယ်လို့။

"သွားခေါ်ခဲ့"

"ဗျာ"

"သမီးကို ခေါ်လာခဲ့လို့"



www.burmeseclassic.com

www.burmeseclassic.com



"မမလေးက ကျွန်တော့်ကို တက်မလာနဲ့လို့ မှာထားတယ် ဘာဘာရဲ့"

"ဒါဖြင့် သားလေ သွားခေါ်"

"အာ ... ကျွန်တော် မခေါ်ချင်ပါဘူး"

"ကျွန်တော် ခေါ်လာခဲ့ပါ့မယ် ဖေဖေ"

ကဲ! ... အဲဒါမှ ပွဲက ပြတ်ပါရော။ ပင်ပင်ပန်းပန်း အလုပ် ဆင်းခဲ့ရသည့် ကိုကိုက ဖေဖေ မပြောရပါဘဲ ညှိခန်းထဲရောက် သည်နှင့် ပြောလိုက်ရတယ်လို့။ မျက်နှာမပူဘူးလား။ ဒီလိုကြီး ရှေ့ ဖက်ထိတွေ့ခဲ့ရတဲ့ ညနေခင်း မြင်ကွင်းက အခုအချိန်ထိ သူ့မျက် ထဲမှာ မြင်နေရတုန်းပါပဲ။

ကာယကံရှင်နှစ်ယောက်ထဲမှာ သူမက တမင်ရှောင်နေပြီ ကိုကိုက သွားတွေ့မလို့တဲ့။ ယောကျ်ားလေးပဲမို့ မရှက်တာပဲလား ဒါမှမဟုတ် ဆရာဝန်တစ်ယောက်ဖြစ်နေတာကြောင့် လူ့ခန္ဓာကိုယ်ရေ အတွင်းကလီစာတွေကိုပါ မြင်ဖူးတော့မို့ ရိုးနေတာကြောင့်ပဲလား။ မသိတော့ပါချေ။

"အခန်းထဲမှာလား"

"ဟုတ်ကဲ့ အစ်ကိုကြီး"



"အိပ်နေရင်တော့ မနှိုးနဲ့တော့၊ သမီးက ည (၁၂) နာရီ လောက်မှ အိပ်ပျော်နေကျပါ။ အစောကြီး မအိပ်တတ်ပါဘူး"

ဘယ်လိုဖြစ်ပြီး သူမ အိပ်ချိန်ကိုပါ ဖေဖေ သိနေရပြန်တာ ပါလိမ့်။ ဝရန်တာထွက်သည့် လမ်းသာခြားပြီး သူမအခန်းက သူ့ အခန်းနှင့် နီးနေတာတောင်မှ သတိမထားဖြစ်ခဲ့ပါ။ အခန်းထဲ ကြည့် မိတာက တစ်ကြိမ်လား။ နှစ်ကြိမ်လားပင် မမှတ်မိ။ ကိုကိုတစ်ယောက် တော့ ဘာမှမပူသည့်နှယ် အပေါ်ထပ်သို့ တက်သွားချေပြီ။

"သားကြီးကို ဘာကြောင့် အဲဒီလို မြင်ရတာလည်း သား သယ်"

"ဗျာ ... ဘာကိုလဲ ဖေဖေ"

"သမီးနဲ့ အထင်လွဲနေတာကို ပြောတာ"

"အဲဒီနေ့က"

"မတော်တဆဆိုတာ အချိန်အခါသင့် ဖြစ်တတ်တာမျိုး ပါလား။ သားကြီးချစ်သူက မျက်စိနဲ့ တပ်အပ်မြင်လို့ စွပ်စွဲတာထား လိုက်၊ သမီးရည်းစားချင်း ဝန်တိုသမှုတော့ အနည်းနဲ့အများ ရှိကြမှာ ပဲ။ သားက အငယ်ပါ။ အစ်ကိုကို နားလည်ပေးနိုင်ရမှာပေါ့"

အဆူခံရပြန်လေပြီ။ သူ့အပြစ်မလုပ်ရပါဘဲ အဆူခံရတာ

www.burmeseclassic.com

www.burmeseclassic.com



တော့ မဖြစ်သင့်ပါ။ ခါတိုင်းလို ရေရှတ်မြည်တမ်းကာ ဆန့်ကျင်ခဲ့မယ့် ဒီတစ်ကြိမ်မှာတော့ သူ ငြိမ်နေမိပါ၏။ သူမ ဒီအိမ်မှာ ရှိနေသရွေ့ ရှုပ်ရှုပ်ယှက်ယှက်ဖြစ်ခြင်းတွေက ဆက်လက်ရှိဦးမှာပါပဲလား။

"တစ်ဦးက စေတနာ၊ တစ်ဦးက မေတ္တာတဲ့၊ ကိုယ့်ကို စေတနာထားပြီး ချက်ပြုတ်ကျွေးနေတဲ့ကလေး။ မေမေ့အပေါ် ခြေရာလက်နယ် ပြုစုရှိသေတဲ့ကလေး။ သားတို့ ညီအစ်ကိုအပေါ်မှာ တကယ့်အစ်ကိုရင်းလို သဘောထားတဲ့ ကလေး။ အထူးသဖြင့် နေထိုင်မကောင်းဖြစ်ပြီး ဂဏှာမငြိမ်ဖြစ်နေတဲ့ သားအပေါ် အနှီးအနှီး ပြုစုခဲ့တာတွေဟာ စေတနာအပြည့်ပါ သား"

ပြောပြမှ သိတာမဟုတ်ပါ။ သိလျက်နှင့် တမင် မသိယောင်ဆောင်နေမိတာ မဟုတ်လား။ အဘယ်မျှပင် သူမ အကောင်းလုပ်ပေး၊ သူ့နှုတ်က ထွက်လာသမျှ စကားလုံးတို့က ဆန့်ကျင်ဘက်တွေချည်းသာ။ ဒီအချိန်ကိုခိုလျှင် ဒီကျေးဇူးကို သိတတ်ရမည်ဆိုပြီး တစ်ဖက်သတ်အမြင်နဲ့သာ ကြည့်ဖြစ်ခဲ့မိတာ အမှန်ပါပဲ။

"သူက စေတနာထားရင် ကိုယ်က မေတ္တာပြန်ပေးနိုင်ရမှာပေါ့၊ မေမေ ပြောခဲ့ပါတယ်၊ မေမေတို့အိမ်ရဲ့ လိုနေတဲ့ ကွက်လပ်လစ်ဟာနေတဲ့ နေရာလေးတစ်ခုကို သူ စေတနာသန့်သန့်နဲ့ လာဖြည့်





နေတာလို့ အပြည့်ခံသက်သက် ထူပိုလို့ပဲ တစ်သက်လုံး သားလက်မှတ်သွားမှာလား"

"မဟုတ်ပါဘူး"

"ဒါဆိုရင် ရေလိုက် ငါးလိုက်လေးတောင်မှ မနေပေးနိုင်ဘူးလား"

မျက်လွှာကို ချထားမိ၏။ တစ်သက်လုံးတဲ့။ သူမကို တစ်သက်လုံးခေါ်ထားဖို့ ရည်ရွယ်ထားတာပေါ့။ ဘာများ တော်စပ်လို့ ဒီအိမ်ကို ခေါ်လာရပါသလဲ။ မေးလိုက်ချင်ပေမယ့် ပြန်ဖြေမည့် အဖြေကို သူ မကြားရဲပါချေ။ "အဲဒါကမှ ငါ့သမီး၊ မင်းကမှ မွေးစားသား" ဟု ပြောချလိုက်လျှင်ဖြင့် . . .

"ပျော်ရာမှာ မနေရ တော်ရာမှာ နေရလို့ ဆိုရိုးရှိပေမယ့် ပျော်တော့ရင် ဒီမှာ ဆက်နေဖို့ဆိုတာ မေမေ ဘယ်လောက်ပြောပြော ရတော့မှာ မဟုတ်ဘူး။ ဒီကိစ္စက သားအပေါ်မှာ ပိုပြီး အဓိကကျတယ် မင်းသွင်ခန့်"

သက်ပြင်းရှည်ကြီးကိုသာ ချလိုက်မိတော့၏။ မပျော်တော့ဘူးတဲ့။ ကိုကို မကြာမကြာ ရေရွတ်လေ့ရှိသည့် "ကိုယ်တို့အတွက်လိုက်" ဟူသည့် နာမ်စားက အလကားမှ မဟုတ်တာဘဲ။ ဦးစားပေးဘာ၊



www.burmeseclassic.com

www.burmeseclassic.com



အလေးထားတာတို့က သူ့ကိုသာ အများဆုံး ပေးခဲ့ကြတာပါ။

ဆက်နေမှာ မဟုတ်လား ခင်သုသုစံ။ ကျေးဇူးပြုပြီး "ဒီအိမ်မှာ မပျော်ဘူး" လို့ ပြင်းပြင်းထန်ထန်ကြီး မပြောလိုက်ပါနဲ့။ ဝိ ... တောင်းပန်ပါရစေ။

● ● ●



## အခန်း (၁၇)

"ဒေါက်! ... ဒေါက်!"

တံခါးခေါက်သံ ကြားပေမယ့် လှည့်မကြည့်ဖြစ်ပါ။ လာမခေါ်နဲ့ဟု ဖိုးကျော်ကို ကြိုမှာထားတာမို့ စိတ်ချလက်ချပင် စာကြည့်ခုံမှာ ဆက်ထိုင်နေမိ၏။ စာကျက်ရတာ စိတ်မပါလှပေမယ့် အကြမ်းစာအုပ်ထဲ Grammar မေးခွန်းတွေ ဝိရေးပြီး အဖြေနေရာ ချန်ထားတာကိုတော့ လုပ်ဖြစ်ပါသည်။

ညနေက ငိုထားမိလို့ပဲလားမသိပါ။ ရင်ဝမှာ ဆို့နင့်နေပြီး နားထဲက လေတွေပင် ထွက်နေသည့်နှယ် အူနေသလိုဖြစ်နေ၏။

www.burmeseclassic.com



တံခါးဖွင့်လိုက်သံနှင့်အတူ ခြေသံဖွဖွကို ကြားမိစဉ် ကြက်သီးက ဖျန်း

ခနဲ ထမိလေသည်။ ဒီခြေသံက ဒီအိမ်မှာ ဖေဖေနှင့် ကိုကြီးသာ

လျှောက်တတ်တာပါ။ ဖေဖေဆို "သမီး" ဟု ခေါ်သံသာ ပေးတတ်ပြီး

အခုလို အနားအထိ မလာတတ်ပါချေ။

"စာကျက်နေတာလား"

"ကို . . . ကိုကြီး"

"အနှောင့်အယှက်ပေးမိရင် sorry ပါ သုသု၊ ဖေဖေ

ခေါ်နိုင်းလိုက်လို့ပါ"

ခေါ်နိုင်းလိုက်သည်ဆိုပြီး ကိုကြီးက သူမ ခုတင်ထက် ထိုင်

ချလိုက်သဖြင့် အံ့ဩမိသွားပါ၏။ တကယ်ဆို ပြောပြီး ချက်ချင်းထွက်

သွားရမှာ မဟုတ်ပါလော။ လှည့်မကြည့်ပါဘဲ စားပွဲထက်မှာပင်

အကြည့်ကို ပို့ထားမိလေသည်။ ကိုကြီး အသက်ရှူသံက ခါတိုင်းထက်

ပိုပြီး ပြင်းနေသလိုပါပဲလား။

"သုသု"

"ရှင်"

"ဒီလို ဘယ်လောက်ကြာကြာ ရှောင်နေဦးမှာလဲ"

"ဟို . . . ဟိုလေ"





"မထင်မှတ်ဘဲဖြစ်ခဲ့တာ မတော်တဆလို့ပဲ သတ်မှတ်ရမှာ

ပေါ့၊ ဘာမဟုတ်တဲ့ ဒီလိုရှောင်စရာလား"

ဘာမဟုတ်တဲ့တဲ့လား။ ဟုတ်သမှ အကြီးကြီး ဟုတ်ခဲ့သည့်

အဖြစ်ပါ။ ကိုကြီးတို့ ချစ်သူနှစ်ဦးရဲ့အခြေအနေကို ကပြောင်းကပြန်

ကမောက်ကမ ဖြစ်စေခဲ့သည့်အဖြစ်က ဘယ်လောက်များ ကြီးလေး

လိုက်ပါသလဲ။ ဒါကို ပေါ့ပေါ့လေးလို့များ ကိုကြီး သဘောထားရတယ်

လို့။

"မဟုတ်ပါဘူး"

"အဲဒါဆို ဒီလိုဆက်လုပ်မနေနဲ့တော့၊ ဖေဖေလည်း ပြော

လှပြီ"

"သုသုက . . . သုသုက"

"ကျစ်! . . . မငိုနဲ့လေ၊ ညနေကလည်း ငိုထားသေးတယ်

ဆို"

မငိုနဲ့ ပြောပေမယ့် ဒီမျက်ရည်က အလိုလိုကျလာတော့

ခက်သားလား။ စိတ်ဆင်းရဲလို့ ခင်သုသုစံရယ်။ တကယ်တမ်း တောင်း

ပန်ရမည့်လူက မျက်ရည်စက်လက်နဲ့ ငိုပြစရာလား။ ငယ်ငယ်တည်းက

အရွယ်ထိ နှလုံးသားက နူနူလေးမုန်း ကိုကြီး နားလည်မှာပါလေ။



www.burmeseclassic.com

www.burmeseclassic.com



"သုသုမှာ အပြစ်ရှိပါတယ်"

"မဟုတ်တာ"

"ကိုကြီးတို့ ပြဿနာဖြစ်ရတာ သုသုကြောင့်ပါ၊ သုသု အနေအထိုင် မတတ်ခဲ့လို့"

"မဟုတ်ပါဘူးကွာ"

"မမကို သုသုကိုယ်တိုင် နားလည်အောင် သွားရှင်းပြမယ်၊ သုသုကြောင့် ကိုကြီးတို့"

"မလိုဘူး"

"ဟင်!"

လေသံပြတ်ပြတ် ပြောလိုက်တာမို့ အထိတ်တလန့် မော့ကြည့်မိပါ၏။ တည်ငြိမ်လွန်းပါသည့်အကြည့်တို့ကြောင့် ရင်ထဲမှာ နာကျင်လာရသည့်နှယ်ပါ။ ဖုံးကွယ်ထားနိုင်တယ်ပေါ့။ ကိုကြီးတစ်ယောက်တည်း ကျိတ်ခံစားနေတာ၊ ကြေကွဲနာကျင်နေတာကို သုသု မသိဘူးလို့များ ထင်နေပါသလား။

"ကိုကြီး"

"သူ့ကို ဘာမှရှင်းပြစရာ မလိုဘူးလို့ ပြောနေတာလေ"

"ဘာ . . . ဘာဖြစ်လို့လဲဟင်"





"မလိုအပ်လို့ပေါ့"

"ရှင်!"

"ဟုတ်တယ် . . . လူနှစ်ယောက် ချစ်တယ်ဆိုတာ စိတ်သဘောထားချင်းတူမှ၊ နားလည်မှုရှိနိုင်မှ ဘဝလက်တွဲဖော်အဖြစ် နှစ်ကိုယ်တူ အိမ်လေးကို တည်ဆောက်နိုင်မှာပါ . . . . ဒါပေမဲ့"

သူက စကားကို ဆက်မပြောဖြစ်ဘဲ ခဏမျှ ရပ်ထားလိုက်ပါ၏။ သူ့ကို ခပ်ငေးငေးကြည့်နေသည့် မျက်ဝန်းတွေနဲ့ ဆုံစဉ် ရင်ထဲ ထိတ်မိုးလေး ဖြစ်သွားရလေသည်။ အားနာခြင်းတွေ၊ အားငယ်မှုတွေ၊ တောင်းပန်တိုးလျှိုးသည့် အဓိပ္ပာယ်တို့က ထိုမျက်ဝန်းတွေထဲမှာ အပြည့်အဝ ပျော်ဝင်နေတာ မဟုတ်ပါလား။

ရင်ထဲမှာ မုန်တိုင်းဝင်မွှေနေပြီလား သုသုရယ်။ ပုစ္ဆာတိုင်းမှာ အဖြေဆိုတာ ရှိစမြဲပါ။ ဒီတော့ ကိုယ်တို့ ပဋိပက္ခကိုလည်း အဆင်ပြေဆုံး နည်းလမ်းနဲ့ ဖြေရှင်းနိုင်ပါလိမ့်မယ်။ ဒီလိုကြီး တစ်ခုခုကို ဆုံးရှုံးတော့မယ့် အဓိပ္ပာယ်ရှိတဲ့အကြည့်မျိုးနဲ့ ကိုယ့်ကို စိုက်မကြည့်ပါနဲ့လား။ မင်းရင်ထဲက အခြေအနေကို ကြိုမြင်နေရလို့ပါပဲ။

"ကိုယ့်ဘက်က တောင်းပန်မှုကို တစ်ကြိမ်မက လုပ်ခဲ့ပြီးပြီ"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါတောင်မှ"

"ဟုတ်တယ် . . . ဒါတောင်မှ နားလည်မပေးနိုင်တဲ့ မိန်း
တစ်ယောက်ကို ဘယ်လိုလက်တွဲလို့ရပါ့မလဲ၊ မေရှင်းသန့်ကို ဒီလော
သဘောထားနေလိမ့်မယ်လို့ ကိုယ် တကယ်မထင်မိခဲ့တာ အမှန်
ကိုယ် မှားခဲ့တာပါ သုသု"

"ဘာပဲဖြစ်ဖြစ် . . . ဘာပဲဖြစ်ဖြစ် သုသု တကယ်နောင်
ရမိပါတယ်"

"နောင်တဆိုတာ ပြင်လို့မရတဲ့ အမှားမျိုး ပြုမိတဲ့လူ
ရတာပါ သုသု၊ ညီမလေးက ဘာကိုများ ပြင်မရအောင် မှားခဲ့လို့
. . . ပြောပါဦး"

ငြိမ်သွားမိပါ၏။ "ညီမလေး" တဲ့၊ တစ်ကြိမ်တစ်ခါမှ အခေ
မခံခဲ့ရဖူးသည့် သညာတစ်ခုက ကိုကြီးနှုတ်မှ ထွက်လာတာတဲ့လာ
ဖေဖေ့ထံမှ "သမီး" ဟူသည့် ခေါ်သံ။ ကိုကြီးထံမှ ဤ "ညီမလေး"
ဟု သုံးနှုန်းသံက သူမဘဝကို ငြိမ်းပြည့်စုံသွားသည့်နှယ်ပါ။

သို့သော် . . . ဤအိမ်၏အခရာ၊ ဤအိမ်၏အဓိကတ
ဆောင်ဖြစ်သည့် လူတစ်ယောက်၏မျက်မှန်းကျိုးမှုကိုဖြင့် သူ
မရှောင်နိုင်ပါလေ။ မိသားစုဆိုတာ ချစ်ခင်စည်းလုံးမှုတွေနှင့် ဖျော်





သည့် အသိုက်အမြုံတစ်ခုပါ။ ထိုအသိုက်အမြုံထဲကို အမှိုက်တစ်ခု
မီးတစ်စုအဖြစ် သူမ ထည့်မိတာက သူမအတွက် မဟာအမှားအယွင်း
ကြီးတစ်ခုပါပဲ။

ပြင်လို့မရနိုင်တာကိုမှ နောင်တတဲ့လား။ မဟုတ်ပါဘူး . . .
ဖေဖေပြောခဲ့တာကို နားယောင်ပြီး လက်ခံခဲ့သည့်စိတ်။ မေမေနှင့်
ဆက်နွယ်ခဲ့ရသည့် သံယောဇဉ်ကြိုးကို သူမက ပြန်ကိုင်ထားလို့
မရဘူးလား။ လောကကြီးထဲမှာ စိတ်မချစ္စာ ထားရစ်ခဲ့ရသည့်
ခင်သုသုစံအတွက် ကြိုးဆိုတာက ရှုပ်ပါးလွန်းလှလေ၏။

"ဖေဖေ့ဆီ သွားကြရအောင်"

"သုသုနောက်မှပဲ ဖေဖေနဲ့ သီးသန့်ပြောပါ့မယ်"

"မိသားစုကြားမှာ လျှို့ဝှက်ချက်ဆိုတာ မရှိရဘူး။ ဒီတော့
သုသုပြောချင်တာကို ကိုကြီးနဲ့ညီမှရှေ့မှာပါ ပြောရမှာပေါ့ . . . လာ
လိုက်ခဲ့"

လက်များကို ဆွဲခေါ်နေပြီမို့ ထလိုက်ခဲ့ရလေ၏။ မိသားစုတဲ့၊
လျှို့ဝှက်ချက်တဲ့လား။ ပြောကြတာဖြင့် လျှို့ဝှက်ချက်ဆိုတာ မည်သူ
တစ်ဦးတစ်ယောက်ကိုမှ ထုတ်ဖော်မပြောမှသာ လျှို့ဝှက်ချက်ဆိုမည်ခု
တော့ဖြင့် မိသားစုထဲ သိအောင် ပြောရမတဲ့။ ဖေဖေကိုယ်တိုင်



www.burmeseclassic.com

ပြောထားပါသည့် ဤလျှို့ဝှက်ချက်ကို ကိုကြီးတို့ ညီအစ်ကို သိ မလိုအပ်ပါချေ။

"ထိုင်ကြ"

မျက်လွှာချရလျက် ခုံမှာဝင်ထိုင်လိုက်ရပါ၏။ မပြောမဖြစ် ပြောရတော့မှာပေါ့နော်။ ဘယ်လိုများ ဖုံးကွယ်လို့ ရပါ့မလဲ။ လူတော် ယောက်ကို မုန်းသည့်စိတ်က ရင်ထဲမှာ ဘယ်လောက်များ ပွလော တယ်ဆိုတာ သူမ သိနေပေမယ့် သူက မသိပါချေ။

"အခု စကားပြောပြီးရင် ဖေဖေတို့နဲ့ အတူတူ ထမင်းစား မယ်ဆိုတဲ့ ကတိကို အရင်ပေးပါ သမီး"

"ဟုတ်ကဲ့"

"ကဲ! ...ဒီတော့ ပွင့်ပွင့်လင်းလင်း ပြောကြရအောင်"

ဖေဖေ စကားစပြောနေပြီမို့ မျက်နှာကို မော့လိုက်မိ ရှေ့တည့်တည့်မှာ ထိုင်နေပါသည့် သူနှင့် အကြည့်ချင်းဆုံသွား သည်။ အနိုက်အတန့် ကာလလေးပါပဲ မင်းသွင်ခန့်။ ရှင် မတွေ့ချင် မမြင်ချင်တဲ့ ဒီမျက်နှာကို ဘယ်တော့မှ မမြင်ခဲ့ရတော့ပါဘူး။ ကံ တာ လူလုပ်မှုဖြစ်တာ မှန်ပေမယ့် ရှင်နဲ့အတူတူ မိသားတစ်စုဖြစ် ကံကဖြင့် ဒီဘဝမှာ မရှိဖြစ်ပါလေ။





"ကျောင်းတက်တာ အဆင်ပြေရဲ့လား"

"ရှင် ... အဲ့ဒါ, ဟုတ်ကဲ့ ... ပြေပါတယ်"

"စာရေးလိုက်နိုင်ရဲ့လား"

"ဟုတ်!"

မဆီမဆိုင်မေးခွန်းကြောင့် သားတွေပင်မက သူမပါ အံ့ဩ သွားရပါ၏။ အခြေအနေကို ဖေဖေ မည်သို့ထိန်းချုပ်လိုက်ပါသနည်း။ အဆုံးနွေးနွေး ဖြစ်နေပါသည့် ပြဿနာက အခုတော့ ဘာမှမဟုတ် သည့်နှယ်ပါ။ ဒီတိုင်းပဲ အေးအေးဆေးဆေး ပြီးဆုံးစေချင်လို့များလား။ မဖြစ်ပါဘူး ဖေဖေ။ အနှစ် (၂၀) ကျော် အတူနေလာခဲ့တဲ့ သားရဲ့ဆန္ဒ နဲ့ အခုမှ (၆) လကျော်သာ ရောက်လာသည့် သူမ၏ဆန္ဒကို ပြိုင်ဘက် အဖြစ် ရွေးချယ်နိုင်းလို့ ဘယ်ရပါ့မလဲ။

ချိန်ခွင်လျှာတစ်ဖက်ကို ဆောင်းလိုက်ပါက သားဖြစ်သူဘက် ကိုသာ အလေးသာတော့မှာပါ။ နောက်ဆုံးတော့ နောက်ဆုံးသော သူကသာ နောက်ဆုတ်ရမှာ မွေတာပါပဲ။ ထုံးစံအတိုင်း သူ့နေရာနဲ့ သူ နေရာတကျအတိုင်း ရှိတာပဲ ကောင်းပါတယ်။ ခဏတစ်ဖြုတ် တွေ့ကြပြီး လွယ်လွယ်နဲ့ မေ့သွားနိုင်တဲ့ ခရီးသွားဖော်အဖြစ်ပဲ သဘောထားလိုက်ရုံပါ။



www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com



"နားမလည်တာရှိရင် သားကြီးကို မေးပေါ့"

"ဖေဖေ"

"ဖေဖေ့သဘောကတော့ သားတို့နဲ့ သမီးကို မိသားစုလိုပဲ အမြဲရှိစေချင်တာပါ၊ ဒါကို သားတို့ကို ပြောထားပြီးပါပြီ ... သမီး အနေနဲ့"

"'သုသု ကန့်ကွက်ပါရစေ, ဖေဖေ"

ဖေဖေ့အသံ တိတ်သွားလေ၏။ ညီအစ်ကိုနှစ်ယောက်စလုံး က သူမကို စိုက်ကြည့်နေပါသည်။ လိုလားသည့်မဲက နှစ်မဲရနေမယ့် ကိုကြီးရဲ့ဘဝ ရေ့ရေးအတွက် တားဆီးပြီး ဖျက်ခဲ့သည့် တရား ခံက သူမ ဖြစ်နေတာမို့ ကန့်ကွက်မဲက နှစ်မဲဖြစ်သွားပါပြီ။ ဒီတော့ ဖေဖေ ဖွင့်ပေးထားသည့် တံခါးကို ဝင်လာပေးဖို့ သုသုမှာ ခွန်အား မဲ့ခဲ့ရပါပြီ။

"ဘာကိုပြောတာလဲ သမီး"

"သုသု ... သုသု စာမေးပွဲဖြေပြီးတာနဲ့ အဆောင်မှာ ပြန်နေပါရစေ"

"ဟင်!"

"ဘယ်လို"





"အံ့ဩမှုနီး သိပါတယ်၊ ဒါပေမဲ့ ..."

"ပင်ပန်းလို့လား သမီး။ သမီးအတွက် အဖော်ရအောင်လုပ်၊ အိမ်အလုပ်ကူလုပ်ပေးနိုင်မယ့် ထမင်းချက်ကို ဖေဖေ ခေါ်ထားပြီးပါ ပြီ မနက်ဖြန်ပဲ ရောက်လာတော့မှာပါ၊ ဘာများ အဆင်မပြေတာ ရှိသလဲ"

"ဟုတ်ကဲ့ ... အဲဒါဆို ပိုပြီး အဆင်ပြေသွားပါပြီ ဖေဖေ၊ သုသု စာမေးပွဲကို စိတ်ဖြောင့်ဖြောင့်နဲ့ ဖြေလို့ဖြစ်မှာပါ"

"ဒါဖြင့် အဆောင်ပြန်နေမယ့် အစီအစဉ်က"

"မဟုတ်ပါဘူး ဖေဖေ ... သုသုက ပြောတဲ့အတိုင်းပဲ ဆိုတာကို ဖေဖေ သိမှာပါ"

"စဉ်းစားပါဦး သမီးရယ်"

သူမ နှုတ်ဆိတ်လိုက်ပါတော့၏။ စဉ်းစားဖို့မှ မလိုအပ်တော့ တာလေ။ အသွားရှိရင် အပြန်ဆိုတာလည်း ရှိရမှာ မဟုတ်ပါလား။ ဒီနေတော့ သူမဘက်က စေတနာအပြည့်ပေးခဲ့ပေမယ့် တူညီသည့် ပြန်မှုကို မရမှာတော့ ဤအချိန်အတိုင်းအတာလေးဖြင့်သာ လုံ လောက်သင့်ချေပြီ။

"စဉ်းစားပြီးမှ ဆုံးဖြတ်ခဲ့တာပါ ဖေဖေ"



www.burmeseclassic.com

www.burmeseclassic.com



"မိုးရိပ်အဆောင်က သမီးအတွက် အလုံခြုံဆုံးလို့ပဲ ယူဆ တာလား"

"အန်တီချိုက သုသုအပေါ်မှာ အမေရင်းလိုပဲ နွေးထွေး တယ် မေမေ"

"ဒါဖြင့် မေမေတို့အိမ်က သမီးအတွက် အေးစက်နေတယ် ပေါ့လေ"

သူမ မျက်ရည်တို့ဖြင့် ပြည့်လာပြန်လေ၏။ ညနေက ငိုပြီး ပြီမို့ ထပ်ငိုဖို့ အင်အားမရှိတော့သလိုပါ။ သို့သော် မေမေ့စကား သူမရင်ကို တင်းကျပ်ပြည့်ပြီး ဆို့နင့်စေသည့်နှယ်ပါလော။ ကျေးဇူး ပြီး သုသုစိတ်တွေ ယိုင်နဲ့အောင် မပြောပါနဲ့တော့ မေမေရယ်။ ကမ်း ပေးနေတဲ့လက်ကို ဖမ်းဆုပ်ကိုင်ခွင့်က သုသုမှာ မရှိလို့ပါ။

"သမီးကို ဒီအိမ်အရောက် ခေါ်လာခဲ့တဲ့ ရည်ရွယ်ချက်ကို သမီး သိပါတယ်၊ အဲဒါကိုတောင်မှ မဖြည့်ပေးနိုင်ဘူးပေါ့ . . . ဟုတ် လား"

"သုသုကို ခွင့်လွှတ်ပါ မေမေ၊ ဘာပဲဖြစ်ဖြစ် အဆောင်ပြန် နေဖို့ ဆုံးဖြတ်ထားပြီးသားမို့ပါ၊ သုသုလည်း တကယ်စိတ်မကောင်း ဖြစ်ရပါတယ် မေမေ"





ညှို့ခနဲက အသံတို့ လုံးဝတိတ်ဆိတ်သွားလေတော့၏။ အမြဲတစေ သူ့စိတ်နဲ့ သူ့ဆန္ဒကိုသာ ဦးစားပေးခဲ့သည့် မိသားစုအိမ် ၏ အငယ်ဖြစ်သည့် သူ့ကိုသာ အလိုလိုက်ခဲ့ကြသည့် ထုံးစံကိုသာ သိခဲ့ရတာမို့ ဘာများထူးဆန်းတော့မှာပါလဲ။ ခွင့်ပြုပြီး ရောက်ခဲ့ရ သည့် ညှို့သည်က ကောင်းကောင်းမွန်မွန်ခွင့်တောင်းပြီး ပြန်တာက ပိုပြီး အဆင်ပြေမှာပါနော်။

● ● ●



www.burmeseclassic.com

www.burmeseclassic.com



ကြားရတော့သလောက်ပါပဲ။ ကိုကြီးတစ်ယောက်သာ ပုံမှန်အတိုင်း သူမကို စကားပြောပေးမယ့် ဖေဖေရော၊ ကိုလေးပါ မျက်နှာမကောင်း ကြပါချေ။

"တီ!"

"အမေ့!"

ကားဟွန်းသံကြောင့် ဘေးကပ်လျှောက်ရင်း လှည့်ကြည့်လိုက်မိ၏။ ကားက အရှိန်သတ်မောင်းရင်း လိုက်လာသဖြင့် သေချာကြည့်လိုက်မိပါသည်။ အလို! ... ကိုကြီးတောင် ခေါင်းရုံက ဆင်းလာပါရောလား။ လက်တောင်ပြနေသဖြင့် နှုတ်ဆက်ဟန် ပြုံးပြလိုက်ပါ၏။

"တက်လေ"

"ဟင့်အင်း ... နေပါစေ"

"ဘာဖြစ်လို့လဲ ... အိမ်စောစော ပြန်ရောက်ရင် အလုပ်လုပ်မှာစိုးလို့လား"

"မဟုတ်ပါဘူးနော်၊ တစ်နေကုန် ထိုင်နေရတာ ညောင်းလို့ လမ်းလျှောက်တာပါ"

"ပြီးရောလေ ... ညကျမှ စာပြတာပေါ့"



## အခန်း (၁၈)

ဖယ်ရီကို လမ်းထိပ်မှာပင် ရပ်ခိုင်းလိုက်ပါ၏။ (၁၀) ရက် သင်တန်းနောက်ဆုံးနေ့မို့ လူက စိတ်တစ်ဝက်တော့ ပေါ့သွားပါသည်။ စာမေးပွဲအတွက် ဖြေဖို့ကတော့ စိတ်ပူရသေးပါ၏။ အိမ်မှာ ဒေါ်ကြီး ညို (ဒေါ်ကြာညို) ရောက်လာပြီမို့ သူမ လုပ်ရသည့်အလုပ်က အတော် နည်းသွားတာ အမှန်ပါ။

ပင်ပန်းမည့်အလုပ်တွေကိုတော့ သူမနှင့် ဖိုးကျော်တို့ ခွဲလုပ် တာမို့ သိပ်ကြီး မပင်ပန်းတော့တာပါ။ သူမဆန္ဒကို အပြီးပြောပြီးပြီမို့ အိမ်မှာ နောက်ထပ် စကားများသံ, ငြင်းခုံသံ, အော်ငေါက်သံတို့



www.burmeseclassic.com

www.burmeseclassic.com



သူမ ပြန်မပြောရသေးခင် ကားလေးက မောင်းသွားလေ တော့၏။ ညကျ စာပြမယ်တဲ့။ ဖေဖေပြောတဲ့စကားကို မြေဝယ်မကျ နားထောင်တဲ့ သားကြီးပါပဲ။ အကြီးက လိမ္မာတယ်။ အငယ်က ဆိုး တယ်။ အကြီးက အပြောချိုသလောက် အငယ်က အပြောဆိုးတယ်။ အကြီးက် သဘောကောင်းသလောက် အငယ်က သဘောဆိုးတယ်။ ဘာမဆို ဆန့်ကျင်ဘက်တွေချည်းပါပဲ။

ဘုရားရေ! . . . ဘာကြောင့်များ ညီအစ်ကိုနှစ်ယောက်ကို ယှဉ်ပြီး တွေးမိတာပါလိမ့်။ နှစ်ယောက်စလုံးရဲ့ Character ကို အစောကြီးကတည်းက သိခဲ့ပါလျက်နဲ့ ဒီကိုရောက်ခဲ့တာ မဟုတ်လား။ "သည်းခံပါ့မယ်" ဟူသည့် ကတိကို သူမကပင် ဖောက်ဖျက်သည် နှယ် ဖြစ်ခဲ့လေပြီ။

သက်ပြင်းရှိုက်လိုက်စဉ် ခြံဝင်းတံခါးရှေ့ကို ရောက်နေလေ၏။ ညနေစောင်းပင် ရှိသေးတာမို့ တိုက်ခြံကြီးကို ရှင်းရှင်းလင်းလင်း မြင်နေရပါသည်။ ခြံတွင်းရှိ ပန်းပင်တွေကအစ ပွင့်ကာဖူးကာ ဖြိုးဖြိုး လှပနေပါ၏။ ပတ်ဝန်းကျင် သာယာပါက စိတ်ကို ကြည်လင်စေသော အမှန်ပါ။

"ကြီးညီရေ"





"ဝေ့! . . . သမီးလေး ပြန်လာပြီလား"

"ဘာတွေချက်နေလဲ"

"ကြက်သားနဲ့အာလူးပဲ ကျက်သေးတယ်၊ ကန်စွန်းရွက် ကြော်ဖို့ ချွေနေတုန်းပဲ"

"ဟင်! . . . ဒါပဲလား"

"အရည် ဘာချက်ရမလဲ စဉ်းစားနေတုန်းမို့ပါ၊ ဒေါ်ကြီး အရည်ဟင်းချက်တိုင်း စားမကုန်တော့ ဘာချက်ရင်ကောင်းမလဲ မသိတော့ဘူး သမီးရယ်"

"သုသု စီစဉ်ပေးပါ့မယ် ကြီးညီရယ်၊ ဟင်းအမယ်နည်းရင် အိမ်မှာ ပူညံပူညံအသံက ကြားရဦးမယ်"

"ဟုတ်ပါရဲ့ . . . ဘာစားစား ပေါ့တယ်ချည်းပြောလို့ စိတ် ညစ်ရပ"

သူမ ပြုံးလိုက်မိပါ၏။ ချက်ကျွေးသည့်လူကို ကျေးဇူးတင်ရ ကောင်းမှန်း မသိဘဲ ပြစ်တင်စိတ်သာရှိသည့် လူက တစ်ယောက်တည်း သာ ရှိတာပါ။ သူမ ချက်ကျွေးတိုင်း အပြစ်ပြောတတ်ပေမယ့် အများ ဆုံး စားခဲ့တာက သူပါပဲ။ အခုတော့ အစားများသည့်လူကပါ အငြိမ်း သိပ်မဝင်တော့တာ ဘာကြောင့်များပါလိမ့်။ သက်ပြင်းချမိပြန်ပါ၏။



www.burmeseclassic.com

www.burmeseclassic.com



ပူပန်နေတော့ကော ဘာများ အကျိုးထူးမှာတဲ့လဲ။ ရှေ့ကို ဆက်လျှောက်ရင်း နောက်ကို ပြန်လှည့်ကြည့်စရာမှ မလိုပါ။ ကိုယ် လုပ်နိုင်တဲ့ အလုပ်၊ ကိုယ်ထမ်းနိုင်သည့်ဝန်ကို ထမ်းနိုင်သလောက်သာ ထမ်းဖို့ပါပဲ။ တာဝန်ယူစိတ်မကာ အပြည့်ရှိနေပေမယ့် အခွင့်ဆိုတာက ရှိမှမရှိတာပါလေ။

"သမီး သုသု"

"ရှင်"

"စာမေးပွဲပြီးရင် တကယ်ပဲ ဒီအိမ်မှာ မနေဖြစ်တော့ဘူး လား"

ဂေါ်ဖီထုပ်ခွာတာ၊ မြင်းခွာရွက်အစည်းကို ဖြေ၍ ဆေးတာ တို့ကိုလုပ်ရင်း ပြန်မဖြေဖြစ်ပါ။ အသားဟင်းတစ်မျိုးတည်းဆို အိမ်က အိမ်ရှေ့မင်းသားက နှာခေါင်းရှုံ့ဦးမှာမို့ ရေခဲသေတ္တာကို ဖွင့်ကြည့် လိုက်ပါ၏။ ကျောင်းတက်ရကတည်းက ဈေးပါ သွားမ မသွားဖြစ်တာ မို့ ဘာတွေဝယ်ထားမှန်း မသိလို့ပါပဲ။

ပုစွန်ထုပ်ဝယ်ပြီး plastic ဗူးထဲ ထည့်ထားသဖြင့် ထုတ်ရ လိုက်ပါ၏။ အသီးအရွက်တွေ ဆေးပြီးမှ ပုစွန်အခွံချွတ်တာ (ခေါင်း ဖြုတ်တာ အမြီးဖြုတ်တာ) တို့ကို မြန်မြန်လုပ်၍ ရေစင်အောင် ဆေး





လိုက်ပါသည်။ အရွက်တွေ မကြော်ခင် ဟင်းခါးအိုးကို အရင်ဆုံး တည်ထားလိုက်ပါ၏။

ပြီးနောက် ကြက်သွန်ဖြူနီနှင့် ဂျင်းအခွံနွှာကာ ညက်အောင် ထောင်းလိုက်ပါသည်။ ဂေါ်ဖီကို လက်တစ်လုံးခန့် ထုထုပါးပါး လှီးကာ မြင်းခွာရွက်ကို နိုတ်နိုတ်လှီးထားလိုက်ပါ၏။ စဉ့်ပေါ်မှာတင်ထားသည့် ဗူလင်းတွေကိုယူကာ စားပွဲပေါ် စီလိုက်ပါသည်။ မြေပဲဆံထောင်းတာ ပုစွန်ခြောက်ထောင်းတာကို လုပ်ပြီး ပန်းကန်ပြားလေးတွေထဲမှာ ထည့်ထားပါ၏။

ဒေါ်ကြီးညို့ ကြက်သားချက်စဉ် အသားချည်း နွှင်ချက်တာ မို့ အရိုးတွေကို ပြုတ်ထားသဖြင့် ဂေါ်ဖီနှင့် ဟင်းချိုချက်ကာ ညှီနံ့ ပျောက်အောင် ငရုတ်ကောင်းမှုန့် အနည်းငယ် ဖြူးလိုက်ပါ၏။ ပုစွန် အိုးပြန် မချက်ခင်မှာ ကြက်သွန်နီ ဆီသပ်ကာ ဖယ်ထားလိုက်ပါသည်။ ဟင်းချိုအိုးကို ပူစေရန် တစ်ဖက်မှာချထားပြီး ဟင်းချက်တာတွေကို ဆက်လုပ်ထားလိုက်ပါ၏။

"ကန်စွန်းရွက်ကို ထမင်းစားခါနီးမှပဲ ကြော်မယ် ဒေါ်ကြီး၊ သုသု ရေချိုးတော့မယ်နော်"

"အေးအေး . . . သမီး"



www.burmeseclassic.com

www.burmeseclassic.com



အပေါ်ထပ်သို့ တက်ခဲ့ပါ၏။ ရေချိုးပြီး ဝတ်ရန် အဝတ်အစား ကို ထုတ်ပြီး အောက်ထပ်ရေချိုးခန်းကို ပြန်ဆင်းကာ ရေချိုးရပါသည်။ အပေါ်ထပ်မှာ ကိုကြီးသုံးမှာမို့ပါပဲ။ မိသားစုစုံမှ ထမင်းစားကြရမှာမို့ ဖေဖေတို့ကို စောင့်ရဦးမှာပါ။ နားရမည့်အတူတူ စာလုပ်တာက အကျိုးပိုရှိမှာဖြစ်သဖြင့် အခန်းဆီ ပြန်တက်ခဲ့စဉ် ကိုကြီးနှင့်လှေကား မှာ ဆုံလေ၏။

"ဖေဖေတို့ မရောက်သေးဘူးလား"

"ဟင့်အင်း ... ကိုကြီး ဗိုက်ဆာနေပြီလား"

"မဆာပါဘူး"

"လိမ္မော်ရည် ဖျော်ပေးရမလား"

"ကောင်းသားပဲ ... စာလုပ်တော့မှာလား"

"ဟုတ်!"

"ကိုကြီး နားရက်ယူလိုက်ပြီ ... နားမလည်တာရှိရင် မေးပေါ့"

"ဟင် ... ခရီးသွားမှာဆို"

"မသွားတော့ဘူး"

ဘာကြောင့်လဲဟု သူမ မမေးဖြစ်ပါ။ ကျန်ခဲ့သည့် တပ်



ကပဲ ကိုကြီးသူငယ်ချင်းစုံတွဲ၏မင်္ဂလာ လက်ထပ်ပွဲလုပ်ပြီးခဲ့တာပါ။ အစောကြီးကတည်းက နားမည်ပြောထားသဖြင့် ခရီးထွက်မည်ဟုသာ ထင်ထားခဲ့ပါ၏။ ခုတော့ သူမ (စာမေးပွဲကြောင့်ပဲလားမသိ) အိမ်မှာပင် နားမည်တဲ့လေ။

လှေကားတစ်ဝက်နှင့် အောက်ပြန်ဆင်းကာ ဖျော်ရည်ချိုချို လေးနှစ်ခွက်ဖျော်ပြီး လင်ပန်းထဲ ထည့်သယ်ကာ အပေါ်ထပ်ညှိခန်း ဆီ တက်လာခဲ့ရပါ၏။ ကိုကြီးက ဒီနေ့ထုတ် သတင်းစာကို ဖတ်ရင်း စောင့်နေလေသည်။ ခရီးမထွက်ဖြစ်တာကိုသိရင် ဘာပြောကြဦးမည် နည်း။ ရင်က အခုထိ မအေးနိုင်ပါလားနော်။

"စာအုပ်သွားယူလေ၊ ဘယ်ဘာသာ အားအနည်းဆုံးလဲ"

"English grammar"

"ဟုတ်လား ... သင်ပေးမယ်လေ၊ စာအုပ်ယူခဲ့"

"ဟုတ်ကဲ့"

"Exam က နောက်သုံးရက်လား"

"ဟုတ်!"

အခန်းထဲမှာ စာအုပ်ဝင်ယူရင်း ပြန်ထွက်ခဲ့ရပါ၏။ အကြမ်း စာအိပ်မှာ စာမေးပွဲအတွက် ကြိုရေးထားပါသည့် Grammar စာ

www.burmeseclassic.com

www.burmeseclassic.com



ကြောင်းတို့က အဆင်သင့်ပါပဲ။ ဆက်တီမှာ ထိုင်တော့ ကိုကြီးက ထိုင်ခုံကို သူမခုံအနီးသို့ ဆွဲကပ်လိုက်လေသည်။ စာအုပ်တစ်အုပ်ထဲ ကြည့်ရမှာမို့ လူချင်းနီးသွားရတာပါ။ စိတ်ရှည်လက်ရှည် ရှင်းပြပေး သည့်အတွက် သူမ နားလည်ရသလို ကျေးဇူးလည်း တင်မိပါ၏။

"သိပ်မခက်ပါဘူး . . . စိတ်ပါရင် လွယ်လွယ်လေးတွေချည်း ပဲ"

"ကိုကြီးအတွက်ကတော့ ဟုတ်တာပေါ့"

"လူချင်းအတူတူပဲလေကွာ . . . ဘယ်သူက ချိုအပို ပါနေ လို့လဲ"

တီးတိုးရယ်မိလေ၏။ ရေခဲတုံးလေးတွေ စပျော်နေပြီဖြစ် သည့် လိမ္မော်ရည်ကို နှစ်ငုံမျှသောက်ကာ စာဆက်လုပ်ဖြစ်လေသည်။ ရေချိုးပြီးကာစမို့ ပုဆိုးဝတ်ထားပေမယ့် ကိုကြီးက ဘာဝတ်ဝတ် လိုက်ဖက်ပါ၏။ အသည်းကွဲနေတာမို့ စိတ်မကောင်းဖြစ်မိပေမယ့် ပုံမှန် မျက်နှာမပြောင်းမလဲဘဲ ရှိသဖြင့် အံ့ဩမိတာ အမှန်ပါ။

"ဘွဲ့ရပြီးရင် ဘာလုပ်ဖို့ စိတ်ကူးထားလဲ"

"တစ်နှစ်ကျန်သေးတယ်လေ"

"ကျန်ကျန်လေ . . . ကိုယ့်ပန်းတိုင်ကို ကိုယ်သိရမှာပေါ့





လူဆိုတာ ရည်မှန်းချက်ကိုယ်စီ ရှိရတယ်၊ အိပ်မက်ကြီးကြီး မက် တတ်ရတယ်"

"ဒါကတော့ လူလူချင်း ဘယ်တူပါ့မလဲ၊ ပြီးပြည့်စုံတဲ့လူတွေ အတွက်က ဘာမဆို လက်တစ်ကမ်းအမှီမှာ လှမ်းဆုပ်ယူနိုင်တာချည်း ပဲ၊ သုသုအဆင့်နဲ့ဆို ကွာတာပေါ့"

"ဘာကိုကွာတာလဲ"

"မိုးပေါ်မော့ကြည့်ပြီး ထမင်းဆီဆမ်း ရွှေလင်ပန်းနဲ့ ချပေး ပါဆိုပြီး လမင်းကြီးဆီ တောင်းဆိုခဲ့တာက ကလေးဘဝကပါ။ တကယ် တမ်း လက်တွေ့မှာ အပေါ်ကို မော့ကြည့်တာထက် လှေကားတစ် ထစ်စာကိုပဲ မြဲမြဲဖို့ သတိထားနေရတာ သုသုက စိတ်ကူးထက် လက် တွေ့ကိုပဲ ပိုယုံကြည်လက်ခံထားတယ်၊ အိပ်မက်လည်း ကြီးကြီးမမက် တတ်ဘူး။ ဘာလို့လဲဆိုတော့ အိပ်မက်ဆိုတာ အပြင်မှာ တကယ်ဖြစ် လာတတ်တာမှ မဟုတ်ဘဲ"

"မဆိုးဘူး . . . အများကြီး တွေးခေါ်တတ်သားပဲ"

"သုသုက ဦးနှောက်ကောင်းပါတယ်နော်၊ လူကို အထင် မသေးပါနဲ့"

ကိုကြီးက ခပ်တိုးတိုးရယ်လျက် သူမခေါင်းကို သပ်ပေးစာ



www.burmeseclassic.com

www.burmeseclassic.com



ခေါက်ဖြင့် အသာပုတ်လိုက်လေ၏။ တရင်းတနှီး ပြောဆိုဆက်ဆံပေး တာမို့ ရင်ထဲမှာ ပြောချင်သည့် စကားတွေကို ပြောချင်ပါသည်။ သို့ သော် "မလိုအပ်ဘူး" ဟု ကြိုပြောထားပါလျက် အပိုပြောသလိုဖြစ်မှာ ကို စိုးမိပါ၏။ တစ်မိသားစုလုံး၏စိတ်ကွက် မုန်းတီးခြင်းခံရမှာထက် ကြည်ကြည်နူးနူး လမ်းခွဲရတာကမှ ပိုကောင်းမှာ မဟုတ်ပါလား။

"ကိုကို"

"ဟင် ... ပြန်ရောက်ပြီလား"

"ထမင်းစားကြမယ် ... ဗိုက်ဆာလှပြီ"

"ရေအရင်ချိုးလေ ... စားကြတာပေါ့၊ ကိုကိုတို့လည်း စောင့်နေတာ"

စာလုပ်နေတာကို ခဏနားကာ ထမင်းစားရန် ပြင်ဆင်း လေ၏။ ကန်စွန်းရွက်ကို ကြက်သွန်ဖြူထုဆီသပ်လျက် ကြော်ကာ မြင်းခွာရွက်ကို ကြက်သွန်နီပါးပါးလှီးရောလျက် နယ်။ ကြက်သွန်ဖြူ ကြော်၊ မြေပဲဆံတောင့်၊ ပုစွန်ခြောက်ထောင်း၊ ဆီချက်၊ ငံပြာရည် ဟင်းချိုမှုန့်တို့နှင့်အတူ သံပရာစိတ်ညှစ်ကာ သုတ်လိုက်ပါသည်။ ရေတ်သီးထည့်ပါက မြင်းခွာရွက်အာနိသင်ပြယ်တာမို့ အချို့ပင် သုတ် လိုက်ခြင်း ဖြစ်လေ၏။ ဟင်းချိုပူအောင်နွှေးပြီး ထမင်းစားရန် အဆင်





သင့်ပြင်ပြီးစဉ် ဖေဖေနှင့်ကိုကြီးတို့ပါ ထမင်းစားခန်းတွင်း ဝင်လာလေ သည်။

"မွှေးတယ်ဟေ့ ... ငါ့သမီး ဝင်ချက်နေပြန်ပြီလား"

"မချက်ပါဘူး ဖေဖေရဲ့ ... နည်းနည်းပါးပါးပဲ ကူလုပ်ပေး တာပါ"

"ထမင်းမြိန်ဦးမယ်"

ဟင်းအမယ် သိပ်မများပေမယ့် ဖေဖေပြောသလိုပင် စား ကောင်းကြပါ၏။ ဒေါ်ကြီးချက်သည့် ကြက်သားဟင်းခွက်က သိပ် မလျော့ဘဲ သူမ ချက်သည့် ပုစွန်ဆီပြန်၊ အသုတ်နှင့် ဟင်းချိုက အကုန်မြန်လေသည်။ ပူပူနွေးနွေး ကန်စွန်းရွက်ကြော်ကို စားဖို့ အမြန် ဆုံးကတော့ ကိုကြီးပါပဲ။

"သားကြီး ... ဘယ်နေ့ ခရီးထွက်ဖြစ်လဲ"

"မသွားတော့ဘူး ဖေဖေ၊ အိမ်မှာပဲ နားဖြစ်ပါ့မယ်"

"နားရက်ရရဲ့လား"

"ဟုတ်ကဲ့"

"အတော်ပဲ ... သမီးကို စာပြပေးလို့ရတာပေါ့၊ အဆင်ပြေ သားပဲ"



www.burmeseclassic.com

www.burmeseclassic.com



ဘာများပြောမှာပါလိမ့်ဟု စောင့်ကြည့်ပေမယ့် ဖေဖေ ခေါင်းညိတ်တာမို့ တော်ပါသေးရဲ့။ အားနည်းသည့် ဘာသာရပ်တွေရှိတာမို့ ကိုကြီး ပြပေးတာ သူမအတွက် အဆင်ပြေတာ အမှန်ပါ။ ကျူရှင် ယူနိုင်ပေမယ့် ငွေကုန်မှာမို့ မယူဖြစ်ပါ။ ဒီတော့ ကိုကြီးက ကူညီပြီး စာပြပေးတာမို့ သူမအတွက် အားကိုးရာ ကျူရှင်ဆရာပါပဲ။

ကျေးဇူးအများကြီး တင်ပါတယ်။ ဒီဘဝမှာ တစ်ယောက်တည်း ရှိခဲ့နေတာမို့ မောင်နှမမရှိပေမယ့် ကိုကြီးနဲ့ကိုလေးကို ရင်းနှီးခဲ့ရတဲ့ အစ်ကိုတွေကြောင့် သုသု ပျော်ရွှင်ခဲ့ရတာ အမှန်ပါလေ။

❀ ❀ ❀



## အခန်း (၁၉)

နောက်ဆုံးဘာသာဖြေရန်သာ ရှိတာမို့ ခြံထဲမှာသာ စာကျက်နေသည့် သူမကို တွေ့ရပါ၏။ ကိုကိုခွင့်ယူကာ စာမေးပွဲဖြေရန် ကြိုးနေတာကြောင့် အဆင်ပြေနေပုံပါပဲ။ သူ့ကို စကားကောင်းကောင်းတောင် မပြောသည့် သူမက ကိုကိုနဲ့တော့ အဆင်ကို ချောနေတာပါလေ။

ဒါနဲ့ပဲ အေးစက်စက်အကြည့်၊ မာဆတ်ဆတ်အပြောတွေ၊ အသံတွေကို ကြားခွင့်မရတော့တာ ထင်ပါရဲ့။ မှန်းတာတော့ အမှန်ပါ။ သို့သော် သူ့ရင်တွင်းမှာ စူးဝင်နေသည့် သံသယဆူးကို နုတ်ဖို့မှ



www.burmeseclassic.com

www.burmeseclassic.com

မရတာကို။ အိမ်မှာနေတဲ့ ညီအစ်ကိုနှစ်ယောက် ရှိတာတောင်မှ ကိုကို
ဘက်ကို မျက်နှာလိုက်ပြီး ရင်းနှီးနေတာက စိတ်တိုစရာကြီးပါပဲ။

ရုပ်ဆိုးလို့လား။ စိတ်ပုပ်လို့ပဲလား။ ပြောကြတာဖြင့် ယောက်ျား
ဆိုတာ အဆင်းရှိစရာမလို၊ အချင်းရှိရင် ပြည့်စုံတယ်ဆို။ ခုတော့
. . . ရုပ်ရည်အဆင်းလည်းသာ၊ အရည်အချင်းလည်း သာနေသည့်
ကိုကို့ကိုပဲ ပိုခင်တွယ်တာက ဘာကြောင့်ပါလဲ။

"သုသုရော"

"ခြံထဲမှာ စာကျက်နေတယ် အစ်ကိုကြီး"

"ဪ . . . အေးအေး ပြီးရော"

ဒီလောက် နေ့တိုင်း အသွားအပြန် ကြို့ပို့လုပ်ပေးနေတာ
တောင် အိမ်မှာ လိုက်ရှာနေရတယ်လို့။ အမြင်ကတ်လိုက်တာ။ အနှစ်
နှစ်ဆယ်ကျော် အတူနေခဲ့သည့် ညီထက် တစ်နှစ်တောင် ခင်တာ
မပြည့်သေးသည့် ကောင်မလေးကို ပိုသာနေရတာ ဘာအကြောင်း
ကြောင့်ပါလဲ။

"ထမင်းစားတော့မှာလား အစ်ကိုကြီး။ ဒေါ်ကြီး မေးခိုင်း
လို့ပါ"

"မစားသေးပါဘူး။ လူစုံမှ စားမှာပေါ့။ ဖေဖေပြန်လာမှ





အတူစားကြမယ်လို့ ပြောလိုက် . . . ဖိုးကျော်"

"ဟုတ်ကဲ့"

ကြည့်စမ်း! . . . အိမ်မှာ ရှိနေတာချင်း အတူတူ အလုပ်သမား
ကအစ သူ့ကို မမေးဘဲ ကိုကို့ကိုမှ မေးရသလား။ အစ်ကိုဖြစ်သူက
လည်း ဒီညီလေး ဒီနေ့ ဘာကြောင့် ကမ္ဘာပျက်မသွားလဲဟု တစ်ခွန်း
တောင်မှ မမေးပါချေ။ "နေမကောင်းဘူးလား" "ဘာဖြစ်သလဲ"
ဟု လောကွတ်လေးတောင်မှ မရှိပါလား။ တစ်ချိန်လုံး တသုသုနဲ့ကို
ရေရွတ်နေတာ မြင်ပြင်းကိုကပ်ပုံ။

"ဟော! . . . အစ်ကိုလေး . . . ညနေစာ"

"မစားဘူး!"

ခါတိုင်း စာဖတ်လျှင် အပေါ်ထပ် စာကြည့်ခန်းမှာဖြစ်ဖြစ်
အပေါ်ထပ် ဧည့်ခန်းမှာဖြစ်ဖြစ် အမြဲထိုင်ဖတ်တတ်သည့်သူက အခုတော့
အောက်ထပ်ဧည့်ခန်းမှာ လာထိုင်နေပါလား။ ခြံထဲမှာ သုမ ရှိနေတာ
ကို စောင့်ပေးနေတဲ့သဘောမျိုးပေါ့လေ။ ဟိုကောင်မလေးကလည်း
ကိုယ့်အခန်းထဲကိုယ် စာမဖတ်ဘဲ ခြံထဲဆင်းပြီး ညီမြလုပ်ပြရတယ်
လို့။

"ဒါက ဘယ်လဲ"



www.burmeseclassic.com

www.burmeseclassic.com



"ခြံထဲ လမ်းဆင်းလျှောက်မလို့"

"သုသု စာကျက်နေတာ သွားမနှောင့်ယှက်နဲ့ဦး"

"အဲဒီသုသုက အရေးကြီးသလား ... ကိုကို့ညီက အရေး

ကြီးလား"

"ဟိုက စာမေးပွဲဖြေနေတာလေ ... ပိုအရေးကြီးတာပေါ့"

ရှာနယ်ဖတ်ရင်း လူကိုပင် မော့မကြည့်တဲ့ ပြန်ဖြေလိုက်သည့်

လေသံက သွက်လှချည်လား။ နက်ဖြန် သဘက်ခါ ဒီအိမ်က ထွက်

သွားတော့မည့် သူ့အတွက် ဘာကိုမှ ဂရုမစိုက်တာလေ။ တကယ်

ဆို ပြေပြေလည်လည်လေး ပြောရင် ဘာဖြစ်မှာမို့လို့လဲ။

"ကိုကို"

"ပြော"

"ဘာသဘောလဲ"

"ဘာကိုပြောတာလဲ"

"ကိုကို့ပုံစံက ကျွန်တော့်ကို ခြံထဲဆင်းမှာကိုတောင် မကြိုက်

ဘဲ တားနေတာကိုး"

"ပြောပြီးပြီလေ ... ခြံထဲမှာ"

"ညာတယ်"





"ဘာ"

"တခြားလူကိုသာ ညာချင်ညာပါ၊ ကိုယ့်ကိုယ့်ကိုယ်တော့

မညာမိပါစေနဲ့ ကိုကို"

"ကျစ်! ... ဘာတွေလျှောက်ပြောနေပြန်ပြီလဲ"

"အဲဒါဆို ကိုကိုလည်း အခန်းထဲမှာပဲ စာဖတ်ပါလား။ ဘာလို့

အောက်ထပ်မှာ လာဆင်းဖတ်နေသလဲ ... ပြော"

"သြော် ... ခက်တော့တာပဲ၊ အပေါ်မှာ ဒီစာစောင်တွေမှ

မရှိဘဲ၊ နေစမ်းပါဦး ... ငါဘာသာငါ ဧည့်ခန်းမှာ အေးအေးလူလူ

ထိုင်နေတာ ဘယ်သူ့အတွက် အနှောင့်အယှက်ဖြစ်စေလို့လဲ"

"ဒါဖြင့် ကျွန်တော်ကတော့ အနှောင့်အယှက်ဖြစ်တဲ့သဘော

ပေါ့"

"ညီရာ"

လူကို စူးစူးရဲရဲကြည့်နေပုံက သူ့စိမ်းနေယ်ပါ။ ဘယ်လိုဖြစ်ပြီး

သူ့ကို အရှုလိုက်တိုနေရပါသလဲ။ ဖေဖေနိုင်းလို့ စေတနာပါပါ လုပ်ပေး

နေပါလျက် ညီဖြစ်သူက အပြစ်မြင်နေပြန်လေပြီ။ ဒီကောင်နဲ့တော့

ခက်တာပါပဲ။

"ခြံထဲဆင်းပြီး သုသုကို ပြဿနာရှာမိမှာစိုးလို့ ပြောခဲ့တာ



www.burmeseclassic.com

www.burmeseclassic.com



အပြစ်ဖြစ်ရောလား”

“အဲဒီနာမည်ကို တစ်ရက်လောက် မရွတ်ဘဲ မနေနိုင်ဘူးလား”

“ညီညီ”

ခုကွာပါပဲ။ ပြဿနာတွေ မဖြစ်တော့အောင် သူမက အလိုက်တသိနဲ့ ရှောင်ပြေးတော့မှာ မဟုတ်ပါလား။ ဒါတောင်မှ မကျေနပ်နိုင်ဘူးတဲ့လား။ မင်းသွင်ခနဲ့။ မလိုလားလို့ မကြည်ဖြူနိုင်လို့ မကြည်ဖြူချင်တော့လို့ ဆိုတဲ့ ငြင်းဆန်မှုတွေရဲ့ဒဏ်ကို မခံနိုင်လို့ ဒီအိမ်က ပျောက်ကွယ်သွားတော့မယ့် ကောင်မလေးအတွက် ငဲ့ညှာစိတ်လေး နည်းနည်းမှ မရှိပါလား။

“ပြဿနာမဖြစ်ချင်ဘူးနော်၊ ဘာမဟုတ်တာလေးကို အခရဲ့ မထုတ်ချင်နဲ့”

“အဲဒါဆို အစကတည်းက ကင်းကင်းနေပါလား။ ကျွန်တော့်လိုသာ ကိုကို ခပ်စိမ်းစိမ်းနေတတ်ခဲ့ရင် ဒီလိုတွေ ဖြစ်လာစရာ အကြောင်း ဘာမှမရှိတော့ဘူး”

“ဘာ”

“ကိုကို့ဘက်က စပြီးမှားတာ၊ စပြီး Foul တာ ကိုကိုပဲ”





“ညီညီ!”

“ဟုတ်တယ် . . . အဲဒီလိုသာ မဖြစ်ခဲ့ရင် မမမေနဲ့ Wedding လည်း ပျက်မှာမဟုတ်ဘူး။ ပြီးတော့ သူလည်း ဒီအိမ်က ထွက်သွားစရာအကြောင်း မရှိဘူး။ သူ အခုလို ဆုံးဖြတ်ဖြစ်တာ ကိုကို့ကြောင့်ပဲ”

“မင်းသွင်!”

“ဘာလဲ . . . ကျွန်တော့်ကို အပြစ်ပုံချချင်လို့လား။ ရပါတယ် . . . ကျွန်တော် အငယ်ပဲ၊ အငယ်စိတ်ရှိနေတာ ဆန်းသလား။ ကိုယ့်ထက် ပိုချစ်တာ မြင်နေရလို့ မနာလိုတာ ဘာဖြစ်လဲ၊ ဒီလောက်တော့ ဝန်တိုခွင့် ကျွန်တော့်မှာ ရှိပါတယ်ဗျ”

“ဟူး! . . . ခက်လိုက်တာကွာ”

ဝန်တိုသတဲ့။ အငယ်စိတ်နဲ့ မနာလိုဖြစ်သတဲ့လား။ မေနဲ့ လက်ထပ်တဲ့ကိစ္စထက် သူမ အိမ်ကထွက်သွားမှာက မင်းအတွက် ပိုအရေးကြီးနေမှာပါ, ညီ။ ရှိနေတုန်းကဖြင့် တစ်စက်ကလေးမှ ကြည့်မရတဲ့ လူက အခုတော့ အရိပ်လေး ပျောက်သွားတော့မှာကို ကြောက်နေပြီတဲ့လား။

ခပ်ကင်းကင်းနေပါ။ ခပ်စိမ်းစိမ်းနေပါဆိုပြီး တကယ်ဖြစ်ချင်



www.burmeseclassic.com

www.burmeseclassic.com



နေတာကရော ဘာကြောင့်ပါလဲ။ မွေးချင်းမောင်နှမလို ချစ်ချစ်ခင်ခင် နေဖို့ ပြောထားသည့် ဖေဖေ့စကားကိုဖြင့် နားမဝင်ဘဲ အစ်ကိုဖြစ်သူကို ရန်လိုနေတာလေ။ ညာတာတဲ့လား မင်းသွင်ခန့်။ အချစ်ဆိုတာကို တစ်ကြိမ် ကြုံဖူးခဲ့သည့် အတွေ့အကြုံက အကောင်းဆုံး သင်ခန်းစာကို ရခဲ့တာ မင်းမှမသိတာလေ။

"ဘာဖြစ်ချင်တာလဲ ... ရှင်းရှင်းပြောမှ သိနိုင်မှာပေါ့"

အလို! ... ဘာဖြစ်ချင်တာလဲတဲ့။ သူ့ကို အစ်ကိုဖြစ်သူက Challenge လုပ်ပါရောလား။ အရင်လို ပြေပြေပြစ်ပြစ်လေသံလေးနဲ့ မပြေရှင်းတော့တာ ဘာကြောင့်လဲ။ သူမနှင့်ပတ်သက်လာရင် ဆတ်ဆတ်ထိမခံနိုင် ဖြစ်နေမှန်း သိထားပါလျက် သူတော့ မီးစကို ကိုင်မိလေပြီ။

"ကိုကို အခုလိုဖြစ်နေတာ အကြောင်းနှစ်ခုပဲ ရှိတယ်"

"ဘာ"

"တစ်ခုက သုသုအပေါ် ကိုကို မရိုးသားတာပဲ"

"မင်းသွင်!"

"ဘယ်အချိန်ထိ ဖုံးကွယ်ထားမှာလဲ၊ ရှောင်ထွက်ပြေးဖို့ကိစ္စမှာ တရားခံကို သိသိကြီးဖြစ်ပါလျက်နဲ့ သူ မွေ့ပိုက်သွားရမှာ





နောင်တဖြစ်သင့်သလား"

"တော်တော့ ... ဆက်မပြောနဲ့တော့"

"ကျုန်ရစ်ခဲ့မယ့်လူကရော ... နောင်တမရဘူးလား"

"ညီညီ ... မင်းမဟုတ်တာတွေ ထပ်မပြောနဲ့လို့ ပြောနေတယ်နော်"

"ကျွန်တော်ပြောတာ မှားနေလို့လား"

"အေး ... မှားတယ်"

"ဘာကြောင့်လဲ"

ပြန်မဖြေပါ။ အကြောင်းပြချက်တွေ ဦးနှောက်ထဲမှာ ရှာနေတုန်းပဲလား။ အချစ်ဆိုတာ လူကို ဤသို့ ဤနှယ် ကယောင်ချောက်ချား ဖြစ်စေပါသလား။ လက်ထပ်ဖို့ ရည်စူးထားသည့် ချစ်သူနှင့် လမ်းခွဲခဲ့ရတာတောင်မှ မျက်နှာမပျက်, ဣန္ဒြေမပျက် နေနိုင်တာ ဘာကြောင့်ပါလဲ။

သံသယအစိုင်အခဲက အကြီးကြီးပါ ကိုကို။ ကိုကျော်ဇေနဲ့ မခင်မြတ်နိုးတို့ Wedding ပြီးရင် Rest ယူဖို့ ခရီးထွက်မယ်ဆိုပြီး ကြိုပြောထားတဲ့ လူက ဘာဖြစ်လို့ ခရီးမထွက်ဖြစ်ဘဲ အိမ်မှာ နားနေပါသလဲ။ တကယ်ဆို ခွင့်မယူဖြစ်လည်း duty ပြန်ဝင်သင့်တာပေါ့။



www.burmeseclassic.com

www.burmeseclassic.com



အခုတော့ ကြိုရဲ့ ပို့ရနဲ့ တာဝန်ယူချင်တာကရော၊ ဘာကြောင့်ပါလဲ ... ဖြေပါ ကိုကို။

"မဖြေနိုင်ဘူး မဟုတ်လား။ ဝန်မခံရဲဘူးပေါ့လေ၊ ဘေးကလူက မြင်နေရပါတယ်လို့ အစောကြီးကတည်းက ပြောထားတာတောင်မှပဲ ..."

"မဖြေနိုင်တာ မဟုတ်ဘူး၊ ညီ၊ မဖြေချင်တာပါ။ လောကမှာ ပြောသင့်တဲ့စကား ရှိသလို၊ မပြောသင့်တာတွေလည်း ရှိမှန်း မင်း သိမှာပါ, ညီ"

"အဲဒီလောက်တောင် ခက်ခဲနေရလား၊ ကိုကို၊ လတ်လတ်ဆတ်ဆတ် ကွဲထားတဲ့ အသည်းမှာ ဒဏ်ရာပါးပါးလေးတောင် မရှိတာ အံ့သြစရာကြီး"

"မင်းသွင် ... ဒါ ငါ့ကိုယ်ရေးကိုယ်တာကိစ္စပါ၊ မင်း ဝင်ပါစရာ မလိုပါဘူး"

"သိနေတယ်လေ ... ဒီလိုပဲ ပြောမယ်ဆိုတာ"

ခေါင်းခဲစရာကြီးပါပဲ။ လူကို စွပ်စွပ်စွဲစွဲပြောနေတဲ့ ညီက ရင်ထဲမှာ ဘာတွေဖြစ်နေလို့ပါလိမ့်။ မတွေ့ရတော့မယ့်လူနဲ့ လမ်းခွဲချိန်မှာ စိတ်ချမ်းသာတာပဲ ဖြစ်စေချင်တဲ့ စေတနာကို မမြင်ပါလား။





ဒါဖြင့် သူ့ကို မေးသလို ပြန်မေးမိရင်ကော ညီက ပြန်ဖြေမှာတဲ့လား။

မင်းရော အိမ်မှာ ဘာကြောင့် နေမကောင်းမဖြစ်ဘဲ နားရပါသလဲ မင်းသွင်ခန့်။

"ဟုတ်မှမဟုတ်တာ ... ဘာကို ဝန်ခံရမှာလဲ"

"... ဘူးတစ်လုံးခေါင်း အိုတောင်မခေါင်းရဲ ... ခေါင်းပုံကို လက်ကိုင်ထားပုံပဲ"

"ကောင်းပြီလေ ... ဒါဖြင့် သူ ဘာကြောင့် ဒီမှာမနေချင်ရသလဲဆိုတာကို မနက်ဖြန် မေးရုံပေါ့"

"အခု မေးမယ်"

"သူ့စာမေးပွဲ တစ်ဘာသာ ကျန်သေးတာ သိမှာပေါ့"

"စိုးရိမ်တယ်ပေါ့လေ"

"မခန့်ပါနဲ့ ညီ ... ဖေဖေ ပြန်လာခါနီးနေပြီ၊ တော်ကြစို့"

ဒီလိုနဲ့ပဲ ပြီးစေချင်လို့လား။ နောက်တစ်ချက်က ဘာလဲလို့ မမေးသင့်ဘူးလား ကိုကို။ စွပ်စွဲပြီး ပြောတာထက် ရင်ထဲမှာ လိပ်ခဲတည်းလည်း ဖြစ်နေသည့် အစိုင်အခဲက ခုထိ မကြေနိုင်သေးတာက အခက်ခဲဆုံးပါ။

အရာရာ သူမသဘော, သူမဆန္ဒ, သူမဆုံးဖြတ်ချက်ဆိုပြီး



www.burmeseclassic.com

www.burmeseclassic.com



ပိုင်းဖြတ်လိုက်သည့် အဖြေက ဒါတဲ့လား။ အရင်တုန်းကလို သူ့သဘောထားကိုလည်း မေးသင့်တာပေါ့လေ။ ဖေဖေကအစ သူမ ခေါ်တော့ညိတ်နဲ့ ပြီးပြီးရော စိတ်ကို ပိုင်းဖြတ်လိုက်တာ မတရားသဖြင့်ပါပဲ။

"ကောင်းပြီလေ ... ကိုကို မပြောချင်တဲ့၊ မပြောနိုင်တဲ့ကိစ္စကို ကျွန်တော် ပြောပြမယ်"

လာပြန်ပြီ နောက်တစ်မျိုး ... အတင်းကြီး အစ်အောက်မေးနေတာကို မဖြေပြန်တော့ နောက်ထပ် ကြိုးစကို ဆက်ခွဲပြန်ချေပြီ။ ပြဿနာရှာတဲ့နေရာမှာ သူက ညီ့ကို မမီသေးပါလား။ ခြံထဲကားဝင်လာသံ ကြားရပြီမို့ ဖေဖေ ပြန်လာပြီမှန်း သိလိုက်ပါ၏။ နေစောင်းပြီမို့ သူမပါ အိမ်ထဲသို့ ပြန်ဝင်လာတော့ချေမည်။

"ဘာကိုလဲ"

"အဲဒီလောက် သူက ပ,စားပေးခံရတာ၊ ဦးစားပေးခံရတာ ဖေဖေရော၊ ကိုကိုပါ ဖူးဖူးမှုတ် အလိုလိုက်နေကြတာကိုပါ"

"ညီညီ"

"ကျွန်တော်က ... ကျွန်တော်က ဖေဖေ့တို့မွေးစားသားတဲ့ မွေးစားသားဖြစ်မယ်ဆိုတာပါပဲ"

"ဘယ်လို"





"ဟင်!"

အိမ်ထဲဝင်လာသည့် ခြေသံတို့နှင့်အတူ အာမေဍိတ်သံပြိုင်တူထွက်လာလေတော့၏။ မင်းခေါင်းထဲ virus ဝင်ပါပေါ့လား ခင်းသွင်ခန့်။

❁ ❁ ❁



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၀)

ရင်ထဲမှာ တအုံနွေးနွေးဖြစ်နေသလို နေလို့မကောင်းတာ အမှန်ပါ။ သူ နိုင်ပဲ့မလား။ နေမကောင်းဘူးပြောလည်း ညာသည်ဟု ပင် ထင်မှာအမှန်ပါ။ အထူးသဖြင့် ဖေဖေ့မျက်နှာက အတော်လေး ပျက်နေတာမို့ ရင်ထဲမှာ စိုးထိတ်နေမိတာ အမြင့်ဆုံးပါပဲ။

"ရှာရှာဖွေဖွေလည်း ထင်တတ်ပါ့ . . . ဘယ်လိုစိတ်ကူးနဲ့ များ တွေးမိလည်း မသိတော့ပါဘူး"

ဖေဖေက သူ့ရှေ့မှာ ဟိုဒီလျှောက်နေလေ၏။ လက်နောက် ပစ်ခါ လျှောက်နေတာမို့ ဖေဖေ့ စိတ်လှုပ်ရှားနေပြီမှန်း ရိပ်မိနေ





သဖြင့် သူ့အဖို့ ပိုခက်ခဲနေတာပါ။ တမေးပွဲဖြေရန် လိုက်ပို့နေသည့် ကိုကိုက သူ့သူကြီးပြီး ပြန်လာမှ ပြောမှာမို့ စောင့်ရသည့်အလုပ်က သူ့အတွက် ဖြစ်နေလေ၏။ စိတ်ရှုပ်လိုက်တာနော်။

"ဘယ်ကနေ ဘယ်လို သတင်းကြားခဲ့လို့ အခုလို ပြောရ တာလဲ မင်းသွင်"

"အဲဒါက"

ဖေဖေ့အကြည့်က သူ့ထံ စူးခနဲ ရောက်လာတာမို့ တွန့်ခနဲ ဖြစ်သွားရပါ၏။ အဆူခံရတော့မှာပါလား။ ငါကိုက လျှာရှည်မိတာပါ။ ဖေဖေက ဘယ်ပြောချင်ပါ့မလဲ။ မိသားစုလို့ဝှက်ချက်ဆိုတာ ဖုံးထား သင့်တဲ့အရာပါ။ အခုတော့ သူ့ကြောင့် အကုန်ပေါ်တော့မှာလေ။

"ပြောလေ . . . အစ်ကိုကိုတော့ မိန်းမလို ပွစိပွစိနဲ့ နှုတ်စွာ နေပြီး အဖေမေးတော့ ပြိတ္တာလုပ်ပြမနေနဲ့"

"ဒီလိုပဲ ထင်လိုက်တာ"

"ဘာကိုထင်တာလဲ"

"ကိုကိုက ဖေဖေနဲ့ တူတယ်လေ"

"အင်း"

"အသားအရေ၊ အရုပ်အမောင်းက အစ မြင်ရုံနဲ့ သိသာ



www.burmeseclassic.com

www.burmeseclassic.com



တာ''

''အဲဒါနဲ့ပဲ ပါးစပ်က ပေါက်ကရ ပြောထွက်တယ်ပေါ့''

''ဖေဖေက ဘာကိုလိုက်တာကိုဗျ''

''ဘယ်သူ့ဘက်ကိုလဲ၊ ဘယ်ဘက်ကို လိုက်လို့လဲ၊ ပြောပါဦး ... ကိုမင်းသွင်ခန့်ရယ်''

ဟောကြည့်! ... သူ့နာမည်ကို 'ကို' တပ်ပြီး ခေါ်ပြန်ပါပြီ သူပြောတာ မဟုတ်လို့လား။ ဘယ်တော့မဆို ကိုကိုနာမည်ကို အပြည့် မခေါ်ဘဲ သူ့နာမည်ကိုသာ ခေါ်တတ်တာက ဖေဖေပါပဲ။ မေမေ ရှိနေစဉ်က သိပ်ကြီး မသိသာလှပေမယ့် နောက်ပိုင်းမှာ ပိုအားငယ် စိတ်များသည့် သားအငယ်အပေါ် ဖေဖေ ဘာများ ဘက်လိုက်လို့လဲ

''ပြောလိုက်ရင် မျက်နှာက ခုနစ်ခေါက်ချိုး၊ ရှစ်ခေါက်ချိုး နဲ့၊ ခုထိ မရင့်ကျက်သေးဘူး။ မင်းကို ဘယ်လိုလုပ်ပေးရမယ်မှန်း မသိတော့ပါဘူးကွာ''

ပြောပြီးပေါ့ ... သူကလည်း သူပါပဲ၊ အစားရွေးတာလည်း သူ၊ ပြီးတော့လည်း အစားမက်သည့်သူ။ အဝတ်အစားလျှော်လျှင် လည်း ဘာဖြစ်တယ်၊ ညာဖြစ်တယ်ဆိုပြီး ပြဿနာရှာတော့လည်း သူပါ။ မဲနယ်ဆွတ်ပေးတဲ့ အဖြူကို မကြိုက်ဘူးဆိုပြီး ဒီအတိုင်း





လျှော်ပေးပြန်တော့လည်း ခပ်ညစ်ညစ်အရောင်ကို မကြိုက်ပြန်ပါချေ။

ပေါ့တယ်, ငန်တယ်, လေးတယ်, ချဉ်တယ်, စပ်တယ် ဆိုပြီး အရသာခံသည့် လျှာက သူ့ထံမှာသာ ရှိတာပါ။ သူမ ချက်ကျွေး တာကို ချေးများပြီး ပြောဆိုခဲ့တာဖြစ်ပေမယ့် အခုတော့ ဒီလက်ရာကို မစားရတော့ပါလား။ ဒေါ်ကြီးကြာညိုချက်တိုင်း ပေါ့ရွှတ်ရွှတ်ဟင်းလျာ တွေကို ဆက်စားရတော့မှာမို့ သေဖို့သာ ကောင်းတော့မှာ အမှန်ပါ။

စိတ်ပျက်ရပါ့ မင်းသွင်ခန့်။

''ဘာကို သံသယဝင်လို့ မေးရတာလဲ''

''ကျွန်တော်က ဖေဖေနဲ့မှ လုံးဝမတူတာကို''

''အဖေနဲ့ မတူလည်း အမေနဲ့ တူမှာပေါ့ သားရာ''

မဖြစ်နိုင်တာ။ မေမေလည်း သူ့လို အသားညိုတာမှ မဟုတ် ဘဲ။ ဖေဖေ အသားဖြူတာက ကိုကိုလည်း ဆွတ်ဆွတ်ဖြူနေတာ မနာလိုစရာ မဟုတ်ပါလား။ အမှန်တော့ သူ့ကိုယ်သူ မကျေမနပ် ဖြစ်နေတာနဲ့ပဲ အခြားသူအပေါ် ပုံချတတ်ကျင့်က ငယ်ငယ်ကတည်းက အရိုးစွဲခဲ့တာမို့ပါလေ။

''သူသူကို မေးစားဖို့ခေါ်တာလည်း မကြိုက်ဘူး။ အိမ်မှာ ချက်ပြုတ်ကျွေးပြန်တော့လည်း မကျေနပ်ဘူး။ အခု အခြေအနေပြန်



www.burmeseclassic.com

www.burmeseclassic.com



တော့မှာဆိုပြန်တော့လည်း မနှစ်မြို့ပြန်ဘူး။ သားအတွက် ဖေဖေ ဘာလုပ်ပေးရမလဲ''

စကားလမ်းလွှဲလိုက်တာများလား။ ဖေဖေနဲ့မတူဘူးလို့ ပြော နေတာတောင်မှ ပညာရှိစွာ လွှဲရှောင်တာက တော်လိုက်တာနော်။ ဒီမနက် နေမြင့်အောင် အိပ်ဖြစ်တာရော၊ ကုမ္ပဏီမသွားဖြစ်သည့် ဖေဖေက မိသားစုစည်းဝေးပွဲဆိုပြီး အိမ်မှာ ရှိနေပါ၏။ ကိုကို့ကို စောင့်ရင်း ပြောနေပေမယ့် သူ့စိတ်က ခုထိ မကြည်သေးပါချေ။

''ကျွန်တော် ဘာလုပ်လို့လဲ''

''ဩော် . . . သုသုကို မကြည့်ချင်လို့ ဟိုက ပြန်မယ်ဆိုတော့ လည်း မဟုတ်ပြန်ဘူး။ ပြဿနာထပ်ရှာပြီးတော့များ''

''သူပြန်တာ ကျွန်တော့်ကြောင့်မှ မဟုတ်တာ''

''ဒါဆို . . . ဘယ်သူ့ကြောင့်လဲ''

''ကိုကို့ကြောင့်''

''သားကြီးက ဘာလုပ်လို့လဲ''

ခက်လိုက်တာ . . . ကိုကို့ကို ပြောတာက လွယ်ပေမယ့် ဖေဖေ့ကို ပြောရန် သူ့နှုတ်က မရဲတာကို။ မနာလို ဝန်တိုစိတ်က သူ့ထဲမှာ အပြည့်ရှိတာမို့ တစ်အိမ်လုံး အသိပါပဲ။ ဆိုးလည်း ဆိုးတဲ့





လူဆိုးလေးမို့ မေမေ အချစ်ပိုခဲ့တာ ဖြစ်ခဲ့ပေမယ့် ဖေဖေ့အပေါ်မှာတော့ သူ မဆိုးရဲပါ။

''မသိဘူး . . . ကိုကို့ကြောင့် သုသု ဒီမှာမနေတော့တာ အမှန်ပဲ''

''သုသုကိုယ်တိုင် မနေဘူးလို့ ပြောထားတယ်လေ''

''ဒါပေမဲ့ . . . ဖေဖေ အမိန့်ပေးရင်တော့ သူ နားထောင်မှာ ပေါ့၊ ဖေဖေ ခေါ်ခဲ့တာပဲ''

''မောင်မင်းသွင်''

''ဗျာ''

''မင်းအစ်ကိုအပေါ် Jealous ဝင်ပြန်ပြီလား''

''ဖေဖေကလည်းဗျာ . . . မဟုတ်ပါဘူး''

''ဟိုတစ်ခါလည်း လိုက်ကာချုပ်တဲ့ကိစ္စနဲ့ စကားများပြီး ဒူးတောင် ဖျားခဲ့သေးတာလေ၊ မဟုတ်လို့လား။ သားကြီးအခန်းက ခန်းဆည်းနဲ့ လိုက်ကာပါ မင်းအခန်းထဲ ပြောင်းပေးခဲ့ရတာ ဘာများ ကြာသေးလို့လဲ''

သူ မျက်နှာရှုပ်ထားလိုက်မိပါ၏။ အစကို ဘာလို့ပြန်ဖော် ရတာပါလဲ။ သူ မေမေ့ပျောက်ပျောက်လေး ထားခဲ့ပါလျက် စိတ်ရှုပ်



www.burmeseclassic.com

www.burmeseclassic.com



အောင် ပြောရတယ်လို့။ လဲပေးလို့ ပြောခဲ့တာ မဟုတ်ပါဘဲ ကို ပြောလို့ သူမက အလိုက်တသိ ပြန်လဲပေးခဲ့တာ သူ့အပြစ်လား။

“ငယ်ငယ်ကတည်းက ဒီအစ်ကိုလောက် မင်းကိုချစ်ခဲ့တ နှစ်ယောက်မရှိဘူး။ သေးသေးပိစိလေးကတည်းက သားငိုရင် သူ မနေတတ် မထိုင်တတ်နဲ့ စိတ်ပူပေးခဲ့တာ၊ တခစ်ခစ်ရယ်ရင်လည် သူပါ သဘောကျပြီး လိုက်ရယ်ပြန်ရော၊ ညဘက်ဆို သားအိပ် တဲ့အထိ ဘေးမှာလာစောင့်ပြီးမှ စာကျက်လို့ရခဲ့တဲ့ အစ်ကိုပါ”

သူ ပါးစပ်အဟောင်းသား ဖြစ်သွားရပါ၏။ ညီအစ်ကို ချစ်တတ်ကြတာမှန်ပေမယ့် ဤမျှသည်းသည်းလှုပ် ချစ်တာမျိုး တစ်ခါမှ မကြားဖူးပါ။ သူ့အပေါ် ဒီလောက်ထိ ချစ်ခဲ့တာပါလာ ရင်ထဲမှာ ဘယ်လိုကြီးမှန်းမသိအောင်ပင် တစ်မျိုးကြီး ခံစားနေ ၏။

“ကြီးလာတော့လည်း ကစားဖော်ရခဲ့လို့ ဘယ်လောက် ပျော်ခဲ့ရှာသလဲ၊ သူရသမျှ ကစားစရာတွေကို သားက “ပေး” တစ်ခွန်းပြောရုံနဲ့ နှမြောမရှိ ပေးခဲ့တာချည်းပဲ၊ အတူတူ မုန့်ကျွေး လည်း အရင်စားကုန်တဲ့ သားက သားကြီးလက်ထဲက မုန့်ကို လု ခဲ့တာ အကြိမ်ကြိမ်ဖြစ်ခဲ့ပေမယ့် ဘယ်အခါမှ မငြိုငြင်ခဲ့ဘူး။ ကျေ





နေတဲ့ အရွယ်ရောက်တော့လည်း လက်ရေးလှလို့ဆိုပြီး သားကြီးရဲ့ စာအုပ်တွေ၊ ခဲတံတွေကို ယူဖျက်ခဲ့တာလည်း ရှိခဲ့တယ်”

တကယ်ပဲလား ... အဲဒီလောက်ထိ သူ ဆိုးခဲ့တာလား။ ဒါတောင်မှ မေမေက သူ့ကို မျက်နှာအညိုးမခံဘဲ ချစ်ခဲ့တာပါ။ မေမေ ပိုချစ်လို့ဆိုပြီး သူ့အပေါ်မှာ ဘယ်နှခါများ မနာလိုဖြစ်ခဲ့လို့လဲ။ သူက သာ ... သူကသာ ... အငယ်စိတ်နဲ့ အကြီးအပေါ် ဆိုးချင်တိုင်း နဲ့ ချင်တိုင်း နဲ့မိခဲ့တာ အမှန်ပါ။

ဘယ်လိုလဲ မင်းသွင်ခန့် ... ကိုယ်မှန်တယ်ထင်ပြီး တစ်ယူ သန်စိတ်က အတ္တဆိုတဲ့ ခေါင်းစဉ်အောက်မှာ ရှိနေသော်ငြား မေ့ထား ခဲ့မိတာပါ။ အခုတော့ သူ့ကိုယ်သူ ပြန်မြင်တဲ့ မှန်ရှေ့မှာ ရပ်မိနေသလို ဖြစ်ပါရောလား။ လူတွေကို လက်ညှိုးညွှန်မိရင် ကိုယ့်ကို လက်သုံး ချောင်းက အလိုလို ညွှန်ပြီးသား ဖြစ်နေတယ်ဆိုတာကို မသိမဟုတ် သိထားပါလျက် မိုက်မဲခဲ့မိတာပါ။

“ဒါတောင်မှ သားကြီးကို ဖေဖေတို့ ပိုချစ်တယ် ထင်နေ တုန်းပဲလား”

“ကိုကိုနဲ့ ... ကိုကိုနဲ့ ကျွန်တော်က သွေးအုပ်စုလည်း မတူဘူး”



www.burmeseclassic.com

www.burmeseclassic.com



"ဖြစ်တတ်တာပဲ သားရယ် . . . ဖေဖေက A သွေး"

"ကိုကိုလည်း A ပဲလေ"

"မှန်တယ်လေ . . . သားမေမေက B မို့ သားသွေးက AB ဖြစ်နေတာပေါ့။ ဒါလည်း သံသယက ဝင်နေတာပဲလား"

သားအဖချင်းတောင်မှ ကိုကိုက ဖေဖေ့သွေးအပြည့်ပါနေတာ မဟုတ်လား။ မေမေ့သွေးအုပ်စုကို သူ မသိခဲ့တာမို့ သူ့ကိုယ်သူ မိသားစုဝင် မဟုတ်ဘူးဆိုတဲ့စိတ်က အဘယ်မျှ ပူလောင်ခဲ့ရပါသလဲ . . . လောကကြီး မျက်နှာသာပေးပုံကိုက ဟုတ်မှမဟုတ်တာကို။

"ဘာလဲ . . . DNA ပါ စစ်ပြရမှာလား"

"မဟုတ်ပါဘူး"

"ဒါဖြင့် နောက်ကို ပြဿနာထပ်မဖြစ်စေနဲ့ . . . ကြားလား"

"ဟုတ်ကဲ့"

ဘာများထူးမှာမို့လို့လဲ . . . အိမ်မှာ သူမက နေမှမနေတော့တာလေ။ မနက်တိုင်း ဘုရားခန်းမှာ ပန်းဝေဝေ အမွှေးတိုင်နံ့မွှေးမွှေးနဲ့ ဘုရားရှိခိုးသံ သဲ့သဲ့ကို ကြားရပါတော့မလား။ ဖယောင်းရည် လက်လက်ထအောင် ကြမ်းတိုက်သည့် မြင်ကွင်းကိုရော၊ မီးဖိုခန်းထဲမှာ ရယ်ရယ်မောမောဖြင့် ထမင်းဟင်းတွေကို အရသာရှိအောင် စေတနာ





အပြည့်နဲ့ ချက်ပေးတာကိုပါ ဘယ်မြင်ရပါတော့မည်နည်း။

ဒါဖြင့် ခြံထဲမှာ တံမြက်စည်းလှည်းတာ ကွန်ကရစ်လမ်း ညစ်ပတ်နေရင်, ရေညှိတက်နေရင် ရေဆေးပြီး တိုက်ပေးတာ။ မေမေ့ ပန်းပင်တွေ ပန်းလှလှလေးတွေ ပွင့်အောင် ပြုစုတာ။ မြက်ပင်ပေါင်းပင်တွေ ရှင်းပေးတာမျိုးကိုပါ မတွေ့ရတော့မှာ အမှန်ပင်။

ဟိုတစ်ခါ သူဖျားနေတုန်း တစ်ညလုံး ဘေးမှာ ထိုင်စောင့် ပြုစုပေးခဲ့တာရော၊ အနှိပ်ချလိုက်သမျှ မရွံမရှာ ကျုံးပေး, ဆေးပေးခဲ့တာ၊ နဖူးထက် ရေဝတ်တင်ပေးတိုင်း ကိုယ်ပူကျ့မကျ မကြာခဏ စမ်းသပ်ကြည့်တာ၊ ချွေးစိုတိုင်း ရေပတ်တိုက်ပေးပြီး အဝတ်အစား လဲပေးခဲ့တာတွေက တာဝန်ရှိလို့ မဟုတ်တာပဲ။

ကိုကို နားဆိုင်းပေမယ့် "မသွားနဲ့" လို့ တစ်ခွန်းသာ ပြောမိနဲ့ ဘေးမှာ ငုတ်တုတ်ထိုင်စောင့်ပေးခဲ့တာပါလေ။ ဒီလောက် ဂရုစိုက်ပေးခဲ့တာတောင်မှ ကျေးဇူးတင်ရကောင်းမှန်း မသိဘဲ စကားချိုချို တစ်ခွန်းမျှ မပြောဖြစ်ခဲ့ပါ။ မုန်းသည်ဟူသည့်စိတ်က ကိုယ့်ကိုယ်ကိုယ် ပင်မက ဘေးမှာ ရှိနေပါသည့် လူတွေကိုပါ ကူးစက်လောင်ကျွမ်းစေသည့် မီးမျိုး ဖြစ်ခဲ့လေပြီ။

တော်တော်လွန်ချေပြီကော မင်းသွင်ခန့်ရယ်။



www.burmeseclassic.com

www.burmeseclassic.com



"အခုတော့ သားဆန္ဒအတိုင်း ဝိုနေမြဲ ကျားနေမြဲပဲပေါ့။ သုသုလည်း သူ့လမ်း သူ ဆက်လျှောက်လိမ့်မယ်၊ ဖေဖေတို့လည်း သားအဖ မိသားစုအတိုင်း ကျန်ရစ်ရုံပေါ့"

မတားပေးတော့ဘူးလား . . . "ဖေဖေတို့နဲ့ အတူဆက်နေပါ" လို့သာ ပြောခဲ့ရင် ဒီကနေ့ ထွက်သွားပါ့မလား။ အငယ် မလိုချင်ပေမယ့် ဖေဖေ့ဆန္ဒအတိုင်း ညီမလေးလို့ သဘောထားရမှာပါ။ ညီမလေး . . . ညီမလေးတဲ့။ ဒီနာမ်စားကို သူ တစ်ကြိမ်မှ မသုံးဖြစ်ခဲ့ပါ။ ကိုကို သာ စာပြရင်းပဲဖြစ်ဖြစ် ခပ်တိုးတိုး ခေါ်ခဲ့တာပါလေ။

"သုသုက . . . သုသုက ဖေဖေနဲ့ ဘာတော်လဲဟင်"

ဖေဖေ ပြုံးလေ၏။ အတင်းကြီး မောင်နှမ မတော်နိုင်းတာ မဟုတ်ပေမယ့် အကြောင်းရင်းကိုတော့ သူ သိထားသင့်တာပါ။ ညီမလေးလို သဘောထားပါဟု ထပ်တလဲလဲ ပြောခဲ့ခြင်း၏အဓိက ချက်က ဘာများပါလိမ့်။

"သားကိုကို သိတယ် . . . သူ့ကိုပဲ မေးကြည့်ပေါ့"

"ဖေဖေက ဘာဖြစ်လို့ မပြောတာလဲ၊ ဘာမဆို ကိုကိုပဲ အစစ သိနေတာ"

"မင်းသွင်"





"ဗျာ"

"သား မနာလိုဖြစ်နေတာ သားကြီးကြောင့်လား။ ဒါမှမဟုတ် သုသုကြောင့်များလား"

"ဟင်!"

သူ ဖေဖေ့ကို ပါးစပ်အဟောင်းသားဖြင့် ကြည့်နေမိတော့၏။ အစ်ကိုကို မပေးချင်တဲ့စိတ်လား။ ဒါမှမဟုတ် သူမကို မခွဲချင်သည့် စိတ်ပဲလား။ သူ ဝေခွဲမရပါချေ။ မနာလိုစိတ်တဲ့။ တကယ့်ကို ကြိုးဟ် မွှေတဲ့ကောင်ပါပဲ။ ရင်ကို ပူလောင်စေပြီး မုန်တိုင်းလို မွှေတိုင်း မီးတောက်ကြီး မျိုချထားသလို ပူပြင်းလွန်းခဲ့တာ အမှန်ပါ။ သူတော့ ခေါင်းကိုက်နိုးရလေပြီ။

❀ ❀ ❀



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၁)

အိပ်ရာမှာ ဆတ်ခနဲနိုးပြီး မျက်စိနှစ်လုံးပွင့်သည်နှင့် ခုတင်ထက်မှ ဆင်းလိုက်မိ၏။ မျက်နှာသစ်ဖို့၊ သွားတိုက်ဖို့ ရေချိုးဖို့ကို အရင်ဆုံး မလုပ်ဖြစ်ဘဲ အခန်းတံခါးကို ဖွင့်လိုက်ပါသည်။ ကြမ်းတိုက်နေတာကို မတွေ့ရပါချေ။ ဘုရားခန်းကို ကြည့်မိစဉ် ဆီမီးပူဇော်ဆွမ်းတော်ကပ်ထားတာကိုတော့ မြင်ရလေ၏။

သူမ အခန်းတံခါးက Lock ချထားတာမို့ လှေကားဆီ ပြန်လျှောက်လာခဲ့ပါသည်။ လှေကားထစ်မှာ ဖုန်သုတ်နေတာကိုလည်း မမြင်ရပါ။ အောက်ထပ်ကို အပြေးဆင်းခဲ့ပြီး ညှိခန်းရှင်းနေသည်



အထင်ဖြင့် ကြည့်တော့လည်း မရှိပါ။ ဒါဖြင့် နောက်ဖေးမှာများလား။ မီးဖိုခန်းကို သွားကြည့်တော့လည်း ဒေါ်ကြီးညိုသာ ရှိပြီး သူမကို မမြင်ရပါချေ။

တိုက်ထဲမှ ပြေးထွက်ကာ ခြံထဲကို ကြည့်မိတော့ ဖိုးကျော်တစ်ယောက်တည်းသာ အပင်တွေ ရေလောင်းနေတာ ဖြစ်လေ၏။ ဘယ်မှာလဲ၊ ဘယ်ရောက်နေလဲ၊ ဘယ်သွားနေလဲ။ ဈေးသွားလျှင်လည်း ဖိုးကျော်ကို အဖော်ခေါ်မှာမို့ မဖြစ်နိုင်ပြန်ပါ။

"ဖိုးကျော်"

"ဗျာ! … အစ်ကိုလေး"

"သူသုရော"

"ဗျာ!"

"သသုရောလို့ မေးနေတာလေ"

"မမလေး မနက်အစောကြီးကတည်းက အထုပ်အပိုးတွေဆွဲပြီး ပြောင်းသွားပြီလေ၊ Taxi တောင် ကျွန်တော် ငှားပေးလိုက်တာ"

"ဘာ!"

ရင်ထဲ ဟာခနဲဖြစ်သွားရတာပါလေ။ လှေကားထစ်တို့ကို တဒုန်းဒုန်း ပြေးတက်ကာ ကိုကို့အခန်းတံခါးကို ဆွဲဖွင့်လိုက်မိ၏။

www.burmeseclassic.com

www.burmeseclassic.com



ရေမိုးချိုးပြီးလို့ duty ဝင်ရန် မှန်ရှေ့မှာ အဝတ်ဝတ်နေရင်း ကိုကို လှည့်ကြည့်လိုက်လေသည်။

"တံခါးခေါက်ဖို့ မမေ့နဲ့လေ"

"သုသု . . . သုသု မရှိတော့ဘူး"

"အဲဒါ ဘာဖြစ်လဲ"

"ကိုကိုသိလား"

"မနေ့ကတည်းက ပြောထားတာပဲ . . . သိတာပေါ့"

ကိုကို့ခုတင်ပေါ် ထိုင်ချလိုက်မိပါ၏။ လူက အင်အားမရှိတော့ သည့်နှယ် နုံးချိသွားရတာ အမှန်ပါ။ ဖေဖေရော၊ ကိုကိုပါ ဘာမှမဖြစ် သလို နေနိုင်ကြပေမယ့် သူက ဘာလို့ မနေနိုင်ရပါသလဲ။ အရင် အတိုင်းပဲ ကျန်ခဲ့တာ ဖြစ်ပေမယ့် ထိုသို့သော ကျန်ရစ်ခြင်းမျိုးကို သူ အမုန်းတီးဆုံးပါလေ။ မျက်စိရှေ့ကနေ ဘယ်တော့မှ ပြန်မမြင်နိုင် အောင် မေမေလည်း သူ့ကိုထားရစ်ခဲ့တာ မဟုတ်လား။

"ကိုကို"

"ပြော"

"သုသုက . . . သုသုက ဖေဖေ့သမီးလားဟင်"

"မဟုတ်ဘူး"





"ဟင်"

မဟုတ်ဘူးတဲ့။ ဒါဖြင့် . . . ဒီကို ဘာသဘောနဲ့ ခေါ်ခဲ့တာ ပါလိမ့်။ အစစအရာရာ ကိုကိုနဲ့သာ တိုင်ပင်ခဲ့တာမို့ ဖေဖေပြောတာ တို ကိုကိုသာ သိခွင့်ရတာပါ။ အဘယ်မျှ စိတ်ဆိုးစရာပါလဲ။ သူ စိတ်တိုမိပြန်တော့လည်း အဖြစ်က ထပ်ဖြစ်ပြန်တာပါလေ။

"ဒါဖြင့် ဘယ်သူ့သမီးလဲ"

"ဖေဖေ့အဆက်ဟောင်း, အချစ်ဦးရဲ့ တစ်ဦးတည်းသော သမီး"

"အဲဒါကို မွေးစားဖို့ ခေါ်လာတယ် . . . ဟုတ်လား"

ကိုကိုက Necktie ကိုချည်တာ အဆင်မပြေသဖြင့် ပြန်ဖြည် တာ ပြန်ချည်ရင်း သူ့ကို လှည့်ကြည့်လေ၏။ အကြည့်က တည်ငြိမ် နေတာ ဖြစ်ပေမယ့် မျက်ဝန်းထဲသို့ သူ အရေးရှာကြည့်လိုက်မိပါ၏။ ထိန်းနည်းရိပ်တို့ ထင်ဟပ်နေတာတော့ အမှန်ပါပဲ။ ဘာကိုများ ဖုံး ကွယ်ထားပါသနည်း။

"ခုမှ ဘာလို့ လာမေးနေတာလဲ၊ ပြီးခဲ့တာ မေ့လိုက်တော့ ပေါ့"

"ဖေဖေက ကိုကို့ကို မေးတဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ငါ အလုပ်သွားတော့မယ်"

"ကိုကို မပြောချင်တာ ဘာကြောင့်လဲ"

သူ ငြိမ်နေမိ၏။ ညီက ပြုံးပြုံးပြာပြာဖြင့် စိတ်လှုပ်ရှားမှုကို ဖော်ပြပေမယ့် သူက ဤသို့ လူမြင်အောင် မပြတတ်ပါလေ။ နောင်တတွေ မရချင်ဘူး မင်းထင်၊ အဖြူရောင်ပန်းချီကားချပ်ကို ဆေးမတင်လျှင် အဖြူသက်သက် အဖြစ်ပဲ ရှိနေမှာဖြစ်သလို ခဲလုံးသာ ပစ်မချရင် ကန်ရေမျက်နှာပြင်က အမြဲငြိမ်သက်နေမှာ မဟုတ်ပါလား။

"သိချင်တာ ပြောပြီးပြီလေ"

"သုသု မသွားဖြစ်အောင် ကိုကို မတားခဲ့ဘူးလား။ ကိုကို တားရင် သု ဆက်နေဖြစ်မှာပါ"

မတားဘဲနေမလား။ တားခဲ့တာပေါ့။ ခက်တာက သုတစ်ပါး စိတ်ကို ပိုဦးစားပေးကျင့် ရှိခဲ့သည့် ထုံးစံကြောင့် ခြေလှမ်းကို ရပ်တန့်ခဲ့ရတာပင်။ ရင်ထဲမှာ မှန်းကျပ်ပြည့်သိပ်နေတာ ဘယ်သူက မြင်ပါ့မလဲ။ ညီလို ပေါက်ကွဲပွင့်ထွက်လိုက်ချင်ပေမယ့် မဝံ့ရဲခဲ့ပါလေ။

"ကိုကြီးကို မုန်းလို့ မဟုတ်ပါဘူး"

"ကိုလေးကိုလည်း မမုန်းပါဘူး"

ခပ်တိုးတိုးပြောခဲ့သည့် စကားလုံးတို့က ယခုတိုင် နားထဲမှာ





ကြားနေတုန်းပါပဲ။ ညီပြောသလို သု့ကြောင့်များ ဖြစ်နေမလားဆိုပြီး သေချာအောင် မေးခဲ့သော်ငြား အချည်းနှီးသာ။ မိန်းကလေးတစ်ယောက်ရဲ့အတွင်းစိတ်ကို မြင်သာအောင် စောင့်ကြည့်မိပေမယ့် စိတ်တံခါးက လုံခြုံအောင် စေ့ပိတ်ထားတာ မဟုတ်ပါလား။

"ကိုကြီးကြောင့် သုသု ထွက်သွားတာမျိုး မဟုတ်ရပါဘူး။ အဲဒီလို မထင်ပါနဲ့။ လိုနေတဲ့ လူတွေကို ကူညီပေးတာ၊ လိုအပ်နေမှန်း သိလို့ စေတနာနဲ့ ဖြည့်ဆည်းပေးခဲ့တာကိုသာ အသိအမှတ်ပြုရုံနဲ့ ကျေနပ်ပါပြီ"

ကွက်လပ်ဖြည့်ခဲ့တာတဲ့လား။ ရင်ဘတ်ကြီးတစ်ခုလုံး လစ်ဟာပြီး ဟင်းလင်းပြင်ကြီး ဖြစ်နေတာကိုတောင် မမြင်ဘဲ ကျောခိုင်းခဲ့တာကရော . . . အခွင့်မရှိဘူး မင်းထင်ခန့်။ ခေါ်လာကတည်းက ညီအတွက်, ညီ့ဖူးစာဖက်, ညီသဘောကျရင် လက်ထပ်ဖို့ဆိုတဲ့ ရည်ရွယ်ချက်နဲ့ ရွေးချယ်ထားပါသည့် မိန်းကလေးကို စိတ်နဲ့တောင် မပြစ်မှားသင့်ပါချေ။

ဒီဘဝမှာ အနစ်နာခံဖို့ အလျှော့ပေးဖို့အတွက် အကြီးအဖြစ် ရောက်လာခဲ့တာ မဟုတ်လား။ အရုပ်လေးပေးဖို့ မုန့်လေးတစ်ခုပေးဖို့ကို မတွန့်တိုတတ်သည့်စိတ်က သူမ ရောက်လာမှပဲ အရောင်ပြောင်း



www.burmeseclassic.com

www.burmeseclassic.com



ခဲ့ရတယ်လို့။ ထမင်းပွဲပြင်ပေးတိုင်း မျက်လွှာချထားသည့် မျက်နှာလေး ကို ခိုးကြည့်ခဲ့မိတာ။ စာပြပေးတိုင်း pen ကိုင်ထားပါသည့် လက်ချောင်း သွယ်သွယ်လေးတွေကို ငေးကြည့်ခဲ့တာက ဘာသဘောကြောင့်နဲ့ လဲ။

ကိုယ်က အလျှော့ပေးမိရင် တစ်သက်လုံးအတွက် အရှုံး တာကိုသာ အပိုင်ရမှာ မွေ့တာပါ။ တစ်ခါကွဲဖူးတဲ့အသည်းက ဒဏ် အနာတရ ဖြစ်ခဲ့ပေမယ့် ကြေကွဲဝမ်းနည်း ပူဆွေးရသည့် စိတ် ရင်ထဲ အကြာကြီးမရှိခဲ့ပါဘဲ သူမ၏အပြုံး၊ သူမ၏ရယ်မောသံတို့ ဆေးစွမ်းတစ်ခွက်နှယ် ကုစားပေးနိုင်ခဲ့တာပါ။

အသည်းကွဲဖူးတဲ့ ဒီလူရဲ့ချစ်ခြင်းနဲ့ စံပယ်ပန်းလေးတ ဖြူစင်တဲ့ နှလုံးသားနဲ့ မိန်းကလေးက တူတန်ပါ့မလား။ မှန်ဗီရိုထဲ အရုပ်လေးကို ယူခွင့်၊ ပိုင်ခွင့် မရှိပါဘဲ အလှကြည့်ခွင့်သာရခဲ့ရသည့် ကောင်ပါ။ တစ်ကြိမ်ဆုံးရှုံးဖူးပြီးသားမို့ နောက်တစ်ကြိမ်ဆိုတာ အဆန်းတကြယ်မှ မဟုတ်တော့တာလေ။

ဒီရင်ကို ခွဲကြည့်ပါက ကွဲအက်နေတဲ့ ဒဏ်ရာနှစ် အသည်းနှလုံးကို မင်း မြင်ရမှာပါ ခင်သုသုစံ။

"တားလို့မှ မရတာ"





"ကိုကို"

"အင်း"

"သုသုကြောင့် ရင်ခုန်ခဲ့ဖူးလား"

"ဘာ!"

ရင်ထိတ်သွားရပါ၏။ ပြီးပါပြီဆိုပြီး ကန့်လန့်ကာတောင် ချပြီးကာမှ ဆွဲဖွင့်ချင်ရသေးတယ်လို့။ အထိတ်တလန့်ဖြင့် လှည့်ကြည့် မိစဉ် ညီက ယဲ့ယဲ့မျှ ပြုံးလေ၏။ ရင်ဖွင့်ချင်တဲ့လူက ရင်ဖွင့်စကားတွေ မပြောပါဘဲ အဘယ့်ကြောင့် စကားလာအစ်နေရပြန်ပါလိမ့်။

"မဖြေနိုင်ဘူး မဟုတ်လား"

"အဲဒီမေးခွန်းကို ငါ မေးရမှာ"

"ဟာဟာ! ...ညီက ရှင်းပါတယ် ကိုကိုရ။ သူစိမ်းကို သူစိမ်းလိုပဲ လက်ခံထားတာ အမှန်ပဲ"

"ညီကလည်းလေ"

"ကျွန်တော့်စိတ်ကို ကိုကိုအသိဆုံးပါ"

"ဖေဖေက"

ဘာဆက်ပြောမည်ကို စောင့်နေပေမယ့် ကိုကိုက ဆက်မ ပြောပါလေ။ အဘယ်မျှကြာမြင့်ခဲ့သည်ထားပါစေ သွေးသားရင်းဖြစ်သည့်



www.burmeseclassic.com

www.burmeseclassic.com



သူ့ကို မမြင်အောင် ဖုံးထားနိုင်ပါ့မလား။ သူမ ဘယ်နေရာမှာ ရှိနေမည်ဆိုတာကို သိချင်သည့် သူက နာမည်ကိုသာ အော်ခေါ်လေ့ရှိသော မယ့် ကိုကိုကဖြင့် ထိုသို့မဟုတ်ပါချေ။

ဝရန်တာမှာ လက်ပိုက်ပြီး ခြံထဲကို စောင့်ကြည့်တတ်တာ၊ ပြတင်းလိုက်ကာကို အသာဟပြီး ချောင်းကြည့်တတ်တာ၊ သူမနှင့် မနီးမဝေး တစ်နေရာကို ရွှေပြောင်းထိုင်ကာ မကြည့်သလို၊ မသိသလို ဟန်ဖြင့် စာဖတ်နေတာတို့က သိသာလွန်းလှတာ အမှန်ပါ။ ယောကျ်ားချင်းမို့ မြွေမြွေချင်း ခြေမြင်ပါတယ် ကိုကို။

"ဖေဖေက ညီသဘောကျရင် လက်ထပ်ပေးမယ်ဆိုပြီး"

"ဘယ်လို ... ဟား ဟား ဟား ဟား ... ရယ်စရာကြီးကွာ"

"ဘာဖြစ်လို့လဲ"

"ဘာတွေတွင်တာလဲမှ မသိတာဗျာ၊ ဒီရင်ဘတ်ထဲ ဒိန်းခနဲဆောင့်မခုန်ရင် မင်းသွင်ခန့်က အေးဆေးပဲ၊ Drama ကားလည်း မဟုတ်ဘဲ စိတ်ကူးယဉ်ရတယ်လို့"

"ဒါဆို ... ညီက သုသုအပေါ် ဘာစိတ်မှ မရှိဘူးပေါ့"

သူ ပြုံးပြလိုက်မိပါ၏။ မုန့်ကိုသာ စားလို့ရတာပါ ကိုကို။ အချစ်က စားလို့ရတာမျိုးမှ မဟုတ်တာဘဲ။ အထူးသဖြင့် မာနချောင်တို့ လက်နေတဲ့ ကောင်မလေးရဲ့မျက်ဝန်းထဲမှာ အဖြေရှာဖို့က ပိုပြီးခက်ခဲလွန်းတာ အမှန်ပါ။ စူးခနဲ တစ်ချက်ကြည့်လိုက်တိုင်း သူ့အပေါ်မှာ မုန်းတီးသည့်အရိပ်တို့သာ အမြဲလွှမ်းနေတာ မဟုတ်လား။

"မရှိပါဘူး"

"သုသုက ... သုသုကတော့ ..."

"ဘာပြောလို့လဲ"

"ညီက မျက်လုံးရော၊ နှုတ်ခမ်းပါ ဖေဖေနဲ့ ချွတ်စွပ်တူတာတဲ့"

"အဲဒါများ ဆန်းလို့လား"

"မဟုတ်သေးဘူးလေ"

"ကိုကို"

"ဟင် ... ဘာလဲ"

"ကျွန်တော့်ရင်ထဲမှာ ဘာရှိသလဲ"

"ဘယ် ... ဘယ်သိပါ့မလဲ"

အမြဲနိုင်ခွင့်ရခဲ့တဲ့လူပါ။ အမြဲမကျေမနပ်ဖြစ်ခဲ့သည့်လူပါ။ အမြဲမနာလိုဝန်တိုစိတ်တို့ဖြင့်သာ ပြည့်နှက်ခဲ့တဲ့လူပါ။ သို့သော် ...


ရွှေပဒေသာစာပေ

www.burmeseclassic.com

www.burmeseclassic.com



တစ်ကြိမ်မျှ အရွှံးပေးသင့်တဲ့လူကို ပေးဖြစ်တာ ဘာများဖြစ်သွားမှာတဲ့လဲ။ ကိုယ့်အပေါ်မှာ သာမန်အစ်ကိုတွေထက် ပိုသာတဲ့ ပိုပြီး မြင့်မြတ်တဲ့နဲ့ ချစ်ပေးခဲ့သည့် အစ်ကိုဖြစ်သူအပေါ် နှလုံးသားကို ရင်းနှီးပေးသင့်တာ မဟုတ်လား။

(၅၂၈) က (၁၅၀၀) ထက် ပိုပြီး အားသာတယ်ဆိုတာကို ကြားဖူးနားဝ ရှိခဲ့ပေမယ့် တကယ့်လက်တွေ့ သူလက်သင့်ခံခဲ့ပါပြီ။ ခင်သုသုစ်ကို ရင်ထဲမှာ ဘယ်အချိန်က ချစ်မိသွားလဲဆိုတာကို သူ မသိလိုက်ပေမယ့် အရိပ်တကြည့်ကြည့် အမြတ်တနိုး ချစ်နေသည့် ကိုကို့ကိုဖြင့် သူ အလျှော့ပေးရတော့မှာပါလေ။

"တစ်သက်လုံး အငယ်ပဲဖြစ်ချင်တာ"

"ဘယ်လို"

"သဘောမပေါက်ဘူးလား ... အငယ်နေရာကနေ ဖယ်မပေးချင်ဘူးလို့ ပြောနေတာလေ"

"ဘာကို"

"ညီမလေးလို တစ်သက်လုံး ခေါ်သွားဖို့ ယုံကြည်စိတ် ရှိလို့လား"

"ညီ"





"မေမေ ချွေးမတော်ချင်လည်း ဖြစ်ပါတယ် ကိုကို၊ ဒါပေမဲ့ ... ကျွန်တော် ကြိုပြီး ပြောထားပါ့မယ် ... တစ်သက်လုံး အငယ်နေရာမှာပဲ နေပါရစေ"

"ဟာ! ... ညီ"

ကိုကိုက သူ့ကို ပွေ့ဖက်ထားလိုက်လေ၏။ ရင်ထဲလှိုက်ဖိုတက်လာကာ မျက်ရည်ရစ်ဝိုင်းလာပေမယ့် မျိုသိပ်ထားရပါသည်။ ဖွင့်မပြောဘဲ မြိုထားရသည့် ခံစားချက်က ဤမျှနာကျင်ရပါသလား။ ဒီခံစားချက်ကို ဘယ်လောက်ကြာအောင်များ ကိုကို ပွေ့ပိုက်ထားရပါသလဲ။

ကျွန်တော် ဝမ်းသာပါတယ် ကိုကို။

တကယ်ပါ။

"ဒါဆို ... ဒါဆို"

"သုသုကို သွားခေါ်ပါ ကိုကို ... အခုလောက်ဆို သူ ပန်းသီးတွေ ချနေတုန်းပဲ ဖြစ်မှာပါ"

အခန်းထဲမှ ကိုကို ပြေးထွက်သွားစဉ် မျက်ဝန်းတို့ကို သူ မှိတ်ချလိုက်ပါ၏။ ပါးပြင်ထက် ပြုသွားသည်က မျက်ရည်တွေတဲ့လား ရာဇဝင်မှာ စာတင်လောက်အောင် ညီတော်လက္ခဏာက နှောင်တော်



www.burmeseclassic.com

www.burmeseclassic.com



ရာမအတွက် နှလုံးသားကို စတေးခဲ့ပါတယ် ကိုကို။

အဲဒီလောက်ကြီး မတင်စားရဲပါ ... မမြင့်မြတ်နိုင်ပေမယ့် ကိုကို့ချစ်ခြင်းတွေကို အသိအမှတ်ပြု ဦးညွှတ်မိတာ အမှန်ပါ။ ကျွန်တော် လိမ္မာပါတယ်နော်။ ကိုကို့အပေါ် အမြဲနိုင်ချင်တဲ့စိတ်ကို ဥပေက္ခာပြုပြီး မြူစင်တဲ့စိတ်နဲ့ ဆုံးဖြတ်ခဲ့တဲ့အတွက် ကောင်းသောနောင်တအဖြစ်နဲ့သာ ဆက်လက်ရှင်သန်ခွင့်ရပါရစေလား။

❁

"သုသုရေ ... ညွှန့်သည်"

"ဟင်!"

အခန်းထဲမှာ အထုပ်တွေဖွင့်ကာ နေရာချရန် စီစဉ်နေရင်း အံ့ဩသွားရပါ၏။ ကြမ်းပြင်ထက် ထိုင်ချထားရာမှ ဖျတ်ခနဲ ထရပ်လိုက်မိပါသည်။ အဆောင်ဝင်းအတွင်း ရပ်ထားပါသည့် ကားကြောင့် ရင်ထဲမှာ ဒိန်းခနဲ ဆောင့်မြည်သွားလေ၏။ ဘုရားရေ! ...ဒါ ... ကိုကြီးရဲ့ကားပါလား။

အဆောင်လှေကားထစ်တို့ကို ပြေးဆင်းခဲ့မိပါ၏။ အခန့်ထည်



ညွှန့်ခန်းမှာ ထိုင်စောင့်နေပါသည့် Gentleman က တကယ့် ကိုကြီး အစစ်ပါပဲ။ အဆောင်ပြန်ရောက်တာမှ နာရီကျော်ရုံ ရှိသေးတာ ဘယ်လိုဖြစ်ပြီး နောက်က လိုက်လာပါသလဲ။

"ကိုကြီး"

"သုသု တွေ့လို့ တော်သေးတယ်၊ ကိုယ်က အပြင်ထွက်သွားပြီ ထင်နေတာ"

"ဘာကိစ္စရှိလို့လဲ"

"လာခေါ်တာ"

"ရှင်!"

"ဟုတ်တယ် ... လာခေါ်တာ"

"မဟုတ်သေးပါဘူး ... သုသုပြောခဲ့တာပဲကို၊ ဖေဖေ ခေါ်နိုင်းလိုက်တာလား"

ခေါင်းညိတ်ပြလေ၏။ ဘာလဲ ... ခွင့်တောင်းပြီး ထွက်လာတာတောင်မှ ခွင့်မပြုနိုင်ဘူးလား။ အရင်လိုပဲ အရင်အတိုင်းပဲ လက်ရှိအတိုင်း ပြန်နေရမှာကိုတောင် ဒီအဖေ၊ ဒီအစ်ကိုတွေက သည်းမခံချင်တော့ဘူးတဲ့လား။ အံ့ဩစရာပါလေ။

"ဖေဖေ ... တစ်ခုခုများ"

BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com



"မေမေ နေကောင်းပါတယ်"

"ကိုလေးရော"

"ညီလေးလည်း နေကောင်းတယ်"

နားမလည်ဟန်ဖြင့် သူ့ကို အငေးသား ရပ်ကြည့်နေပါသည့် မိန်းကလေးအနီးသို့ သူ ရှေ့တိုးရပ်လိုက်မိ၏။ တစ်လှမ်းကလေးပါပဲ ... တစ်လှမ်းလေး အရဲတင်းပြီး တိုးလိုက်ရုံနဲ့ နှလုံးသားချင်း နီးကပ်သွားသည့်နယ် ရင်ထဲမှာ နွေးသွားရတာ အမှန်ပါ။

"ကို ... ကိုကြီး"

"မေမေက သူ့ချွေးမလောင်းကို ခုချက်ချင်း အပါခေါ်ခိုင်းလိုပါ"

"ဒါ ... ဒါပေမဲ့ ... သုသုက ... သုသုက ..."

"အရင်လျာထားတဲ့ သတို့သားတော့ မဟုတ်တူး ... ပြောင်းသွားပြီ"

"ရှင်!"

"သတို့သားက လူလဲသွားပြီလို့ ပြောတာလေ ... နားမလည်ဘူးလား"

"ဟင်!"





မျက်လုံးအပြူးသားဖြင့် ကြည့်နေပါသည့် မိန်းကလေး၏ နှုတ်ခမ်းလှလှလေးက ပွင့်ဟသွားလေ၏။ အေးစက်စက် လက်ဖျားလေးကို သူ လှမ်းဆုပ်ကိုင်လိုက်မိပါသည်။ မလွှတ်ပါရစေနဲ့ ... တစ်သက်လုံးအတွက် ဖမ်းဆုပ်ထားပါရစေနော်။

"ကိုယ် ... သုသုကို သိပ်ချစ်တယ်"

နေခြည်ဖြာ နှင်းဆီတစ်ခင်း

လေပြည်သွေး ရနံ့သင်းသင်း

စီးဆင်းရာ မြစ်တစ်စင်းထက်

အချစ်ရှက်ရှေ့လေး လွှင့်ပါရစေ ...

လေးစားလျက်

မသဒ္ဒါမောင်

3rd July 2015

PM 4:35

www.burmeseclassic.com

www.burmeseclassic.com

## နောက်လထွက်ညွှန်စာအုပ်

"သူမို့ အသည်းကို ခွဲရက်တယ်"

၂၀၁၅
ဩဂုတ်လတွင် ဖတ်နိုင်ပါပြီ

## မမသန္တာမောင်

အကြီးကြီးပဲ မုန်းပစ်မယ်

## ကြယ်စင်မှူးဝေ

တောနဲ့တောင်စွယ် အချစ်နဲ့အမုန်းရယ်

## မယ်ခိုင်

သမ္မုဟာမဖြစ်သော ဝိရောဓိများ

## မိုးစက်ပွင့်

အချည်မှားတဲ့ ကြိုး

## အလင်းသစ်

ဖြတ်မရတဲ့ကြိုး (ငွေရတုအထိမ်းအမှတ်)

## ခေတ်ပျိုဖြူ

နှင့်

## လှိုင်းကြာဖြူ (လားရှိုး)

ဆုံမှတ်တစ်နေရာ၌

www.burmeseclassic.com